ကြေးမုံ
The Mirror Daily
၁၉၅၇ ဖေဖြော်ဝါရီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**မိမိကိုယ်ကို ချစ်ရာရောက်**

**လူတိုင်းသည် မိမိကိုယ်ကို ချစ်ကြသည်သာဖြစ်၏။ ချစ်လည်း ချစ်အပ်၏။ဤသို့ ချစ်အပ်ကြောင်းကို သိရှိသူသည် မိမိဘဝ နှစ်နာဆုံးရှုံးရမည့် မကောင်းမှုတို့ကို မပြုသင့်ကြချေ။ ထိုသို့ မပြုလုပ်မိစေရန် မမေ့မလျော့ဘဲ မြဲမြံသောသတိဖြင့် ထိန်းသိမ်းစောင့်ရှောက်သင့်ကြ၏။ မကောင်းမှုကို ရှောင်ကြဉ်၍ မိမိကိုယ်ကို ချစ်ရာရောက်အောင် ကြိုးစားအားထုတ်ရာ၏။**

အတ္တဝဂ်(ဓမ္မပဒ-၁၅၇)

၁၃၇၈ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၄ ရက်၊ ကြာသပတေးနေ့။ Thursday , 20 October 2016 (၈၇၂၀)

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် အိန္ဒိယနိုင်ငံဝန်ကြီးချုပ်နှင့်တွေ့ဆုံ နှစ်နိုင်ငံနားလည်မှုစာချွန်လွှာများလဲလှယ်

## နှစ်နိုင်ငံအကြား ဆက်လက်ဆောင်ရွက်ရန်ရှိသည့် နယ်နိမိတ်ဆိုင်ရာကိစ္စရပ်များနှင့် နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

**နယူးဒေလီ အောက်တိုဘာ ၁၉**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်နှင့် အိန္ဒိယနိုင်ငံဝန်ကြီးချုပ် မစ္စတာ နာရန်ဒရာမိုဒီတို့သည် ယနေ့ ဒေသစံတော်ချိန် မွန်းတည့် ၁၂ နာရီတွင် Hyderabad House ၌ တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံစဉ် စိုက်ပျိုးရေးကဏ္ဍ၊ နယ်စပ်ဒေသ လုံခြုံရေးကဏ္ဍ၊ လူ့စွမ်းအားအရင်းအမြစ်မြှင့်တင်ရေး ကဏ္ဍ၊ နှစ်နိုင်ငံအကြား ဆက်လက်ဆောင်ရွက်ရန်ရှိသည့် နယ်နိမိတ်ဆိုင်ရာကိစ္စရပ်များနှင့် နှစ်နိုင်ငံ အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။

ဆက်လက်၍ အိန္ဒိယနိုင်ငံဝန်ကြီးချုပ်က နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အား Hyderabad House ၌ အလုပ်သဘော နေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

နေ့လယ်စာစားပွဲတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အိန္ဒိယနိုင်ငံဝန်ကြီးချုပ်တို့သည် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။

ထို့နောက် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံနားလည်မှုစာချွန်လွှာများ လဲလှယ်ပွဲကိုကျင်းပရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ နာရန်ဒရာမိုဒီတို့၏ ရှေ့မှောက်၌ မြန်မာနိုင်ငံငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနနှင့် အိန္ဒိယ အာမခံဌာနတို့အကြား ရေးထိုးသည့် မြန်မာနိုင်ငံ၏ အာမခံလုပ်ငန်းအတွက် ပညာရပ်ပိုင်းဆိုင်ရာနှင့် ကျွမ်းကျင်ပညာရှင်များ ပြုစုပျိုးထောင်ရေး အစီအစဉ်နှင့် ပတ်သက်သည့် နားလည်မှုစာချွန်လွှာကို နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် အိန္ဒိယနိုင်ငံ Insurance Institute of India မှ Secretary General Shri P. Venugopal တို့က လည်းကောင်း၊ မြန်မာနိုင်ငံ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနနှင့် အိန္ဒိယနိုင်ငံ လျှပ်စစ်ဝန်ကြီးဌာနတို့အကြား ရေးထိုးသည့်စွမ်းအင်ကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးစာချွန်လွှာကို နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် အိန္ဒိယနိုင်ငံ Ministry of power မှ Secretary Shri Pradeep Kumar Pujari တို့က လည်းကောင်း၊

**စာမျက်နှာ ၃ ကော်လံ ၃ သို့**



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အိန္ဒိယနိုင်ငံဝန်ကြီးချုပ် မစ္စတာ နာရန်ဒရာမိုဒီတို့ သတင်းမီဒီယာများအား ရှင်းလင်းပြောကြားစဉ်။** (သတင်းစဉ်)

## ကုလသမဂ္ဂတွင် ဆွေးနွေးနေဆဲဖြစ်သော အပြည်ပြည်ဆိုင်ရာ အကြမ်းဖက် တိုက်ခိုက်မှုဆိုင်ရာ ကွန်ဗင်းရှင်းအား အမြန်ဆုံး အပြီးသတ်ရေးတိုက်တွန်း

**အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် ရှရီနာရန်ဒရာမိုဒီ၏ ဖိတ်ကြားချက်အရ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ၂၀၁၆ ခုနှစ် အောက်တိုဘာ ၁၇ ရက်မှ ၁၉ ရက်အထိ အိန္ဒိယသမ္မတနိုင်ငံသို့ တရားဝင်ခရီးစဉ် သွားရောက်ခဲ့ပါသည်။ ခရီးစဉ်အတွင်း ပူးတွဲကြေညာချက်တစ်ရပ်ထုတ်ပြန်ခဲ့ပါသည်။ အဆိုပါ ပူးတွဲကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည် -**

### နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ အိန္ဒိယသမ္မတနိုင်ငံ တရားဝင်ခရီးစဉ်အတွင်း ထုတ်ပြန်ကြေညာသည့် ပူးတွဲကြေညာချက်

၁။ အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ရှရီ နာရန်ဒရာ မိုဒီ၏ ဖိတ်ကြားချက်အရ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက်နေ့မှ ၁၉ ရက်နေ့အထိ အိန္ဒိယနိုင်ငံသို့ တရားဝင်ခရီးစဉ် သွားရောက်ပါသည်။ ခရီးစဉ်မတိုင်မီ အောက်တိုဘာလ ၁၆ ရက်နေ့တွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဂိုအာမြို့တွင် ကျင်းပသည့် BRICS-BIMSTEC Outreach Summit သို့ တက်ရောက်ခဲ့ပါသည်။

၂။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးကျော်တင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဦးကျော်လင်းတို့လည်း အတူလိုက်ပါခဲ့ကြပါသည်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်အား ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်နေ့တွင် အိန္ဒိယသမ္မတ၏ အိမ်တော် Rashtrapati Bhavan ရင်ပြင်၌ တရားဝင်အခမ်းအနားဖြင့် ကြိုဆိုခဲ့ကြပါသည်။ အိန္ဒိယဝန်ကြီးချုပ်မှ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အား ဂုဏ်ပြုသောအားဖြင့် နေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ပါသည်။

၃။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် Rajghat ရှိ မဟတ္တမဂန္ဒီ၏ အထိမ်းအမှတ် ဂူဗိမာန်သို့ သွားရောက်ဂါရဝပြုပြီး မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့ လွတ်လပ်ရေးရရှိရန်အတွက် နှစ်ဖက်ခေါင်းဆောင်များ၏ သမိုင်းဝင် ကြိုးပမ်းလှုပ်ရှားမှုများတွင် ညီရင်းအစ်ကိုပမာ အပြန်အလှန်ကူညီပံ့ပိုးခဲ့ခြင်းများကို ပြန်ပြောင်းသတိရခဲ့ပါသည်။

၄။ အိန္ဒိယပြည်ပရေးရာဝန်ကြီး ဆူရှမာ ဆွာရာ့ရ်သည် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား လာရောက်တွေ့ဆုံဆွေးနွေးခဲ့ပါသည်။

**စာမျက်နှာ ၈ ကော်လံ ၁ သို့**



ကြေးမုံ

# ငြိမ်းချမ်းရေးသို့ ဦးတည်ရာခရီးလမ်းတို့၏ သဘောသဘာဝ

နောင်တစ်ချိန် အမျိုးသားခေါင်းဆောင်များဖြစ်လာကြမည့် ကိုအောင်ဆန်းနှင့် မျိုးချစ်လူငယ်များ တိုင်းပြည်လွတ်လပ်ရေးအတွက် စတင်ကြိုးပမ်းစဉ်က တိုင်းပြည်ကို အုပ်ချုပ်နေသောနယ်ချဲ့ဗြိတိသျှတို့သည် နေမဝင်အင်ပါယာပိုင်ရှင် သခင်ဖြစ်ပါသည်။ ယုတ္တိဗေဒအရစဉ်းစားပါက ကိုအောင်ဆန်းနှင့် မျိုးချစ်လူငယ်တို့၏ လွတ်လပ်ရေးကြိုးပမ်းမှုသည် နံရံကိုခေါင်းဖြင့်တိုက်သည့် လုပ်ရပ်မျိုးဖြစ်နေပါသည်။ သို့သော်တိုင်းပြည်လွတ်လပ်ရေး ရ ရမည်ဟူသော ကိုအောင်ဆန်းနှင့် မျိုးချစ်လူငယ်တို့၏ ယုံကြည်ချက်နှင့် သန္နိဋ္ဌာန်သည် တိုင်းပြည်ကို လွတ်လပ်ရေးရရှိအောင် ဦးဆောင်ကြိုးပမ်းပေးနိုင်ခဲ့ပါသည်။ တင်ပြလိုသည်မှာ ယုံကြည်ချက်နှင့် သန္နိဋ္ဌာန်တို့၏စွမ်းပကားဖြစ်ပါသည်။ မှန်ကန်သောသမိုင်းရေစီးကြောင်းပေါ်၌ ပြည်သူလူထု၏ထောက်ခံမှုဖြင့် မြဲမြံသောယုံကြည်ချက်နှင့် သန္နိဋ္ဌာန်တို့ဖြင့်သာကြိုးပမ်းဆောင်ရွက်ပါက မဖြစ်နိုင်သောအရာဟူ၍ ရှိမည်မဟုတ်ပါ။

နိုင်ငံတော်အစိုးရ၏ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးမူဝါဒ ထွက်ပေါ်လာသောအခါ၌ ဖြစ်နိုင်ပါ့မလားဟူသော မေးခွန်းတို့ထွက်ပေါ်လာသည်ကိုတွေ့ရပါသည်။ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် (NCA)အား နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ အပြန်အလှန်ညှိနှိုင်းရယူချုပ်ဆိုခဲ့သည်ဟူသော အချက်အပေါ် အလေးအနက်ထားသုံးသပ်ရန်လိုအပ်ပါသည်။ ဖက်ဒရယ်သည် ပြည်ထောင်စုပြိုကွဲရေးဖြစ်သည်ဟု နှစ်ပေါင်း ၅၀ ကျော် ကျောရိုးပြုရပ်တည်ခဲ့သော တပ်မတော်က ဒီမိုကရက်တစ် ဖက်ဒရယ်ပြည်ထောင်စုအား တိုင်းပြည်၏ နိုင်ငံရေးရည်မှန်းချက်အဖြစ်လက်ခံခဲ့ခြင်းသည် အရေးကြီးသော ဖြစ်ပေါ်တိုးတက်မှု တစ်ရပ်ဖြစ်ပါသည်။ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး၏ ယုံကြည်ကိုးစားမှုနှင့် နိုင်ငံတကာ၏ ထောက်ခံအားပေးမှုကို ပိုင်ဆိုင်ထားသော နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၏ နိုင်ငံရေးသန္နိဋ္ဌာန်သည်လည်း ဒီမိုကရက်တစ် ဖက်ဒရယ်ပြည်ထောင်စု ထူထောင်နိုင်ရေးအတွက် အားတက်စရာ တွန်းအားကောင်းတစ်ရပ်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဒီမိုကရက်တစ်ဖက်ဒရယ်ပြည်ထောင်စု ထူထောင်ရေးလမ်းခရီး၌ အဟန့်အတား၊ အနှောင့်အယှက်၊ ပြဿနာတို့ကို ကျော်လွှားနိုင်ပြီးပြီဟု ဆိုလိုခြင်းမဟုတ်ပါ။ ဒီမိုကရက်တစ်ဖက်ဒရယ် ပြည်ထောင်စု တည်ဆောက်ရာလမ်းခရီး၌ အဟန့်အတား၊ အနှောင့်အယှက်၊ ပြဿနာတို့ကို မလွဲမသွေရင်ဆိုင်ကျော်လွှားရမည်ဖြစ်ပါသည်။ အဟန့်အတား၊ အနှောင့်အယှက်၊ ပြဿနာတို့ကိုသာ စိုးရိမ်ကြောက်ရွံ့နေပါက တိုင်းပြည်၏ လွတ်လပ်ရေးဟူသည် အိပ်မက်အဖြစ်သာရှိနေမည်ဖြစ်ပါသည်။

၂၀၁၆ ခုနှစ်၏ ငြိမ်းချမ်းရေးနိုဘယ်ဆုရှင် ကိုလံဘီယာသမ္မတ ဂျူအန်မန်နျူရယ်ဆန်းတို့စ်၏ ငြိမ်းချမ်းရေးဖော်ဆောင်ခြင်းသည် ပြည်သူလူထု၏ခံစားချက်အမြင် ပြောင်းလဲလာစေရန် ဆောင်ရွက်ရခြင်းဖြစ်၍ စစ်ပွဲဆင်နွှဲရခြင်းထက် ပိုမိုခက်ခဲသည်ဟူသော ပြောကြားချက်သည် အလေးအနက်ဆင်ခြင်သုံးသပ်ရမည့် အမြင်သဘောထားဖြစ်ပါသည်။ ကိုလံဘီယာနိုင်ငံ၏ နှစ်ပေါင်း ၅၀ ကျော် ပြည်တွင်းစစ် ရပ်စဲနိုင်ရေးအတွက် ငြိမ်းချမ်းရေးသဘောတူညီချက်ကို ရယူနိုင်ခဲ့သော်လည်း ပြည်တွင်းစစ်နှင့်အတူ ရှင်သန်ကြီးထွားလာသော ရာဇဝတ်မှုများနှင့် မူးယစ်ဆေးဝါးမှောင်ခိုရောင်းဝယ်ခြင်းလုပ်ငန်းတို့နှင့်ပတ်သက်၍ ဖြေရှင်းကိုင်တွယ်စရာ ပြဿနာများစွာ ကျန်ရှိနေပါသေးသည်။ ချုပ်၍တင်ပြရပါက ပြည်တွင်းငြိမ်းချမ်းရေးနှင့် ဒီမိုကရက်တစ် ဖက်ဒရယ်ပြည်ထောင်စုသို့ ဦးတည်ရာလမ်းခရီး၌ အဟန့်အတား၊ အနှောင့်အယှက်၊ ပြဿနာတို့ကို မလွဲမသွေကြုံတွေ့ရမည်ကို နှလုံးသွင်း၍ မြဲမြံသောသန္နိဋ္ဌာန်ဖြင့် ခရီးပန်းတိုင်အရောက် တက်ညီလက်ညီ လျှောက်လှမ်းကြရန် တိုက်တွန်းနှိုးဆော်လိုခြင်းဖြစ်ပါသည်။

# ဂျပန်နိုင်ငံ JICA အဖွဲ့နှင့်ပူးပေါင်း၍ မွန်ပြည်နယ် မော်လမြိုင်မြို့အား အာဆီယံစီးပွားရေးတံခါးပေါက်မြို့တော်အဖြစ် နှစ်တို၊ နှစ်လတ်၊ နှစ်ရှည်စီမံကိန်းများ ရေးဆွဲ

**ရန်ကုန် အောက်တိုဘာ ၁၉**

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မွန်ပြည်နယ်အစိုးရအဖွဲ့နှင့် ဂျပန်နိုင်ငံ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)တို့ ပူးပေါင်း၍ မွန်ပြည်နယ် မော်လမြိုင်မြို့အား အာဆီယံစီးပွားရေး တံခါးပေါက် မြို့တော်အဖြစ် နှစ်တို၊ နှစ်လတ်၊ နှစ်ရှည်ဟူ၍ ၂၀၄၀ ခုနှစ်အထိ အကောင်အထည်ဖော်သွားမည့် စီမံကိန်းများရေးဆွဲလျက်ရှိကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ သိရသည်။

ကာလတို၊ ကာလလတ်၊ ကာလရှည်ဟူ၍ ၂၀၄၀ ခုနှစ်တွင် မော်လမြိုင်မြို့သည် မဟာဗျူဟာမြောက် မြို့ပြဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းအား ရေးဆွဲအကောင်အထည်ဖော်လျက်ရှိပြီး ကာလတို စီမံကိန်းများအဖြစ် သုံးနှစ်မှ ငါးနှစ်အတွင်း (၂၀၂၀ ခုနှစ်)၊ ကာလလတ်စီမံကိန်းများအဖြစ် ၁၅ နှစ်အတွင်း (၂၀၃၀ ခုနှစ်)၊ ကာလရှည်စီမံကိန်းများအဖြစ် ၂၅ နှစ် (၂၀၄၀ ခုနှစ်) အထိ သတ်မှတ်အကောင်အထည်ဖော် ရေးဆွဲလျက်ရှိသည်။ စီမံကိန်းများ အကောင်အထည်ဖော်သွားမည့် သတ်မှတ်ဧရိယာမှာ ၂၁၈ ဒသမ ၉ စတုရန်းကီလိုမီတာဖြစ်ပြီး မော်လမြိုင်မြို့ အပါအဝင် မုဒုံ၊ သံဖြူဇရပ်၊ ကော့ကရိတ်၊ မြဝတီ၊ ဘားအံ၊ ပေါင်၊ ချောင်းဆုံတို့ ပါဝင်မည်ဖြစ်သည်။

"ဆောက်လုပ်ရေးဝန်ကြီးဌာနရဲ့ မော်လမြိုင်မြို့ကို အာဆီယံစီးပွားရေးတံခါးပေါက်မြို့တော်အဖြစ် စီမံကိန်းရေးဆွဲဖော်ပြထားတာကို တွေ့ရပါတယ်။ မော်လမြိုင်မြို့ဟာ အချက်အချာလည်းကျပါတယ်။ အရင်က ရေနက်ဆိပ်ကမ်းစီမံကိန်းတွေနဲ့ အာဆီယံအချက်အချာသာမကဘဲ အရှေ့အနောက် စီးပွားရေးစင်္ကြံရဲ့အနောက်ဘက်အကျဆုံးဒေသအဖြစ်လည်း သတ်မှတ်ထားခဲ့တာရှိပါတယ်။ ပီပီပြင်ပြင်အကောင်အထည်ဖော်ဖို့လိုပါတယ်။ သဘာဝပတ်ဝန်းကျင်မထိခိုက်အောင်နဲ့ နစ်နာမှုတွေမရှိအောင်၊ ဖွံ့ဖြိုးရေးစီမံကိန်းအကောင်အထည်ဖော်တဲ့အခါ အခြေခံကျတဲ့အချက်အလက်တွေ ထည့်သွင်းစဉ်းစားရမှာ ဖြစ်ပါတယ်"ဟု ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အငြိမ်းစားအရာရှိကြီးတစ်ဦးက သုံးသပ်ပြောကြားသည်။

မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းစဉ်တွင် လက်ရှိကြုံတွေ့နေရသည့် အခြေအနေများ၊ ဖွံ့ဖြိုးတိုးတက်မှုအမြင်နှင့် မူဘောင်၊ ဖွံ့ဖြိုးတိုးတက်မှု မူဝါဒများ၊ နယ်မြေဒေသဖွဲ့စည်းတည်ဆောက်မှုပုံစံ၊ ဦးစားပေးစီမံကိန်းများဟူ၍ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။ လက်ရှိတွင် မော်လမြိုင်မြို့၏ လူဦးရေစာရင်းသည် ၂၀၁၅ ခုနှစ်စာရင်းအရ ၂ ဒသမ ၉ သိန်းခန့်ရှိပြီး ၂၀၄၀ ပြည့်နှစ်တွင် ၄ သိန်းခန့် ရှိလာမည်ဟု ခန့်မှန်းထားသည်။

အနာဂတ် ၂၀၄၀ ခုနှစ်အတွက် ဖွံ့ဖြိုးတိုးတက်မှုအမြင်အရ မော်လမြိုင်မြို့အား ခရီးသွားလုပ်ငန်းမြို့အဖြစ် ရည်မှန်းထားရာတွင် ဟိုတယ်လုပ်ငန်းများ၊ တန်ခိုးကြီးစေတီပုထိုးများနှင့် သမိုင်းဝင်အဆောက်အအုံများ၊ ဂေဟစနစ်အခြေပြုခရီးသွားလုပ်ငန်းများ၊ မြစ်ကမ်းနားသာယာလှပရေးများကို အလေးထားဆောင်ရွက်မည် ဖြစ်သည်။ ယင်းအပြင် ရော်ဘာလုပ်ငန်း၊ ကုန်သွယ်မှုဗဟိုအချက်အချာနှင့် ဒေသဆိုင်ရာချိတ်ဆက်မှု၊ အလုပ်အကိုင်အခွင့်အလမ်းကောင်းများနှင့် ပို့ဆောင်ရေးအချက်အချာဒေသအဖြစ်အပြင် ကျန်းမာရေးစောင့်ရှောက်မှု၊ ပတ်ဝန်းကျင်ညစ်ညမ်းမှု ထိန်းချုပ်ခြင်း၊ မီးဘေး၊ ရေဘေးကင်းဝေး၍ ဘေးဒဏ်ခံနိုင်သော နေချင်စဖွယ်မြို့အဖြစ်လည်း ရည်မှန်းရေးဆွဲလျက်ရှိသည်ဟု သိရသည်။

ယင်းသို့ ရေးဆွဲဆောင်ရွက်ရာတွင် ဦးစားပေးစီမံကိန်းများအဖြစ် CBD ဗဟိုစီးပွားရေးအချက်အချာ အသစ်ဖော်ထုတ်ခြင်း၊ ခရီးသွားလုပ်ငန်းစီမံကိန်း၊ မြစ်ကမ်းဘေးတစ်လျှောက် ကမ်းနားလမ်းဖွံ့ဖြိုးမှုစီမံကိန်း၊ ယဉ်ကျေးမှုအမွေအနှစ်များ ပြန်လည်မွမ်းမံခြင်း၊ လမ်းကွန်ရက်များကို ပြန်လည်ပြုပြင်ခြင်း၊ ကုန်ကားဂိတ်အား ပြန်လည်နေရာချထားခြင်း၊ အများပြည်သူ သယ်ယူပို့ဆောင်ရေး အဆင့်မြှင့်တင်ခြင်း၊ လက်ရှိဆိပ်ကမ်းများကို အဆင့်မြှင့်တင်ခြင်း၊ ဆိပ်ကမ်းသစ် တည်ဆောက်ရန် ကွင်းဆင်းလေ့လာခြင်း၊ မော်လမြိုင်လေဆိပ် အဆင့်မြှင့်တင်ခြင်း၊ ရေပေးဝေရေးစီမံကိန်းများ၊ စွန့်ပစ်အညစ်အကြေးစီမံကိန်းများ၊ လျှပ်စစ်ဓာတ်အားအဆင့်မြှင့်တင်ခြင်း စသည့် စီမံကိန်းများ ပါဝင်မည်ဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ သိရသည်။ **(ဝဝ၁)**

# ကျေးလက်နေပြည်သူများ သွားလမ်းသာ၍ လာလမ်းဖြောင့်ပြီ

**သီပေါ အောက်တိုဘာ ၁၉**

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် တင်ဒါအောင်မြင်သော Silver Mark Co.,Ltd. မှ ရွာသစ်ကျေးရွာအုပ်စု ညောင်ပင်ကွင်းကျေးရွာ ကွန်ကရစ်တံတားအရှည်ပေ ၄၀ အား ငွေကျပ် ၃၁ ဒသမ ၁၂ သန်း အကုန်အကျခံကာ တာဝန်ယူတည်ဆောက်လျက်ရှိသည်။ ကွန်ကရစ်တံတားမှာ လုပ်ငန်းဆောင်ရွက်မှု ၉၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်၍ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညွန့်လှိုင်၊ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနလက်ထောက် ညွှန်ကြားရေးမှူး မြို့နယ်ဦးစီးမှူး ဦးခိုင်ထွန်းနှင့် တာဝန်ရှိသူများက အောက်တိုဘာ ၁၄ ရက်တွင် ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

အဆိုပါတံတားမှာ ယခင်က နမ့်ပေါ့ချောင်းအားဖြတ်လျက် ညောင်ပင်ကွင်း၊ ညောင်ကိုးပင်ကျေးရွာနှင့် ရွာသစ် ကျေးရွာတို့ ရွာချင်းဆက်ယာယီတံတားဖြစ်သည်။ ၂၀၁၅ ခုနှစ် ဩဂုတ် ၂၅ ရက်တွင် မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် တောင်ကျရေများကြောင့် ရေစီးနှင့်အတူ မျောပါသွားခဲ့သည်။ ယခုအခါ မြို့နယ်ကျေးလက် ဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ခွင့်ပြုငွေကျပ် ၃၁ ဒသမ ၁၂ သန်းဖြင့် ကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ခဲ့မှုကြောင့် ကျေးလက်ဒေသခံပြည်သူများ လွယ်ကူစွာဖြတ်သန်းသွားလာနိုင်သည့်အပြင် ကျေးရွာထွက်ဆန်စပါး၊ အစေ့ထုတ်ပြောင်း၊ ပဲပုပ်သီးနှံနှင့် အခြားခြံထွက်သီးနှံများကို ဒေသတွင်းနှင့် တစ်ဖက်နိုင်ငံသို့ တင်ပို့ရောင်းချနိုင်မည်ဖြစ်၍ လယ်သမားနှင့် ခြံရှင်တောင်သူများ ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။

**စိုင်း(သီပေါ)**




# လျှပ်စစ်မီးရရှိရေး ဂွမြို့နယ်တွင် ဆိုလာမီး ၂၀၁၆ ယူနစ် တပ်ဆင်ရန်စီစဉ်ဆောင်ရွက်ပေး

**သံတွဲ အောက်တိုဘာ ၁၉**

သံတွဲခရိုင် ဂွမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် အမျိုးသား လျှပ်စစ်စီမံကိန်း (National Electrification Project)ဖြင့် ဂွမြို့နယ်အတွင်းရှိ ကျေးရွာ ၃၆ ရွာ၌ ဆိုလာမီးယူနစ် ၂၀၁၆ ယူနစ်ကို ပြည်သူအချိုးကျထည့်ဝင်ငွေနှင့် ကမ္ဘာ့ဘဏ်၏ အထောက်အပံ့ဖြင့် တပ်ဆင်ပေးသွားမည်ဟု အောက်တိုဘာ တတိယပတ်က မြို့နယ်ကျေးလက်ဦးစီးမှူး ဦးစိုးဝင်းထံမှ သိရသည်။

**(၅၂၂)**

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(ဝ၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror
၁၉၅၇ ခုနှစ် ဇွန် ၁ ရက် တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၁၂၈၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၁၂၈၊ ၀၆၇-၃၆၁၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၁၃၀
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေး ၀၂-၈၆၁၀၆၈၅ ဇီပ/ငွေစာရင်း ၀၁-၂၉၁၄၅၅၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၃၊ ဖက်စ် ၀၁-၂၉၃၃၅

## ပြည်တွင်းရေးရာ

**✱ ကျောဖုံးမှ**

ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုဖြစ်ပေါ်ရေးအတွက် ဒီမိုကရေစီစံချိန်စံညွှန်းများနှင့်အညီ နိုင်ငံတော်နှင့် သင့်လျော်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ပေါ်ပေါက်ရန်ကြိုးပမ်းဆောင်ရွက်ရေး၊ နိုင်ငံတော်၏ စီးပွားရေးမူဝါဒ မျှော်မှန်းချက်များနှင့်အညီ တိုင်းဒေသကြီးနှင့် ပြည်နယ်များအကြား ဘက်ညီ မျှတစွာဖွံ့ဖြိုးတိုးတက်လာစေသည့် စီးပွားရေးအခြေအနေကောင်းများရရှိရန် ကြိုးပမ်းဆောင်ရွက်ရေးဆိုသည့် အမျိုးသားရေးဦးတည်ချက် (၄)ရပ်ကို ချမှတ်ထားပါကြောင်း။

အဆိုပါ အမျိုးသားရေးဦးတည်ချက်များကို အပြည့်အဝ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး ကြိုးစားဆောင်ရွက်ကြရန် အထူးလိုအပ်ပါကြောင်း၊ ထိုသို့ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက်လည်း ဆပ်ကော်မတီ (၇)ခု ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များလည်း သတ်မှတ်လျာထားပြီးဖြစ်ပါကြောင်း။

အခမ်းအနားများကို နှစ်စဉ်ကျင်းပနေသည့် ပုံစံအတိုင်း နံနက်ပိုင်းအစီအစဉ်နှင့် ညနေပိုင်းအစီအစဉ်ဟူ၍ အစီအစဉ်နှစ်ပိုင်းခွဲခြား ကျင်းပသွားမည်ဖြစ်ကြောင်း၊ အခမ်းအနားများသို့ နိုင်ငံတော်အကြီးအကဲများ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ နိုင်ငံတကာမှ သံတမန်များနှင့် ပြည်တွင်း ပြည်ပမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ဖိတ်ကြားထားသူများ တက်ရောက်ကြမည်ဖြစ်သဖြင့် လုံခြုံရေးကို သေသေချာချာ တိတိကျကျဆောင်ရွက်ရန်နှင့် အထူးဂရုပြု ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း။

ဆပ်ကော်မတီအလိုက် လုပ်ငန်းတာဝန်များ သတ်မှတ်ခွဲဝေပြီးဖြစ်သောကြောင့် တစ်နှစ်ထက်တစ်နှစ် ပိုမိုကောင်းမွန်စေရေး၊ တစ်နှစ်ထက်တစ်နှစ် နိုင်ငံရေးအနှစ်သာရ ပိုမိုပြည့်စုံစွာဖြင့် ကျင်းပနိုင်ရေးအတွက် ယခုအစည်းအဝေးတွင် ပွင့်ပွင့်လင်းလင်းတင်ပြပြီး အကောင်းဆုံးဖြစ်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် အထူးလိုအပ်ပါကြောင်း ပြောကြားသည်။

ဗဟိုကော်မတီအတွင်းရေးမှူး ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်က လွတ်လပ်ရေးနေ့အခမ်းအနားနှင့် ဆက်စပ်အခမ်းအနားများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဆပ်ကော်မတီ(၇)ခုဖွဲ့စည်းထားရှိမှုနှင့် ဆပ်ကော်မတီအလိုက် လုပ်ငန်းတာဝန်များ သတ်မှတ်ခွဲဝေထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဆပ်ကော်မတီ(၇)ခုမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက နိုင်ငံတော် အလံတင် အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနားများ ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှု၊ လွတ်လပ်ရေးနေ့ ဧည့်ခံပွဲနှင့် ညစာစားပွဲကျင်းပနိုင်ရေးအတွက် ယခင်အတွေ့အကြုံများအပေါ် အခြေခံ၍ အားသာချက်၊ အားနည်းချက်များကို ပြန်လည်သုံးသပ်ပြီး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ နေရာလုံခြုံရေး၊ လူပုဂ္ဂိုလ်လုံခြုံရေး၊ ယာဉ်တန်းလုံခြုံရေး၊ အရေးပေါ်လုံခြုံရေးနှင့် မီးဘေးလုံခြုံရေးဆိုင်ရာများ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ ရုပ်မြင်သံကြား၊ ရေဒီယိုအစီအစဉ်များနှင့် နေ့စဉ်ထုတ်သတင်းစာများတွင် ထုတ်ပြန်ရန် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှုများကိုလည်းကောင်း၊ နိုင်ငံတော်သမ္မတ၏ လွတ်လပ်ရေးနေ့ သဝဏ်လွှာပြုစုရေး၊ ကျန်းမာရေး၊ အားကစားပြိုင်ပွဲများကျင်းပရေး၊ လွတ်လပ်ရေးနေ့ အခမ်းအနားကျင်းပရေး အသုံးစရိတ်များနှင့် အထွေထွေကိစ္စရပ်များနှင့် စပ်လျဉ်း၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများနှင့် လိုအပ်ချက်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေက တင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ပြီး ယခင်နှစ်များက ဆောင်ရွက်ခဲ့ကြသည့် အတွေ့အကြုံများကိုအခြေခံ၍ ချို့ယွင်းချက်များနှင့် အားနည်းချက်များမရှိစေရန် အားလုံးစေ့စေ့စပ်စပ်ဖြင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြရန်၊ ဆပ်ကော်မတီများမှ အဖွဲ့ခေါင်းဆောင်များအနေဖြင့် မိမိတို့ဆောင်ရွက်ရသည့် အခန်းကဏ္ဍအလိုက် လိုက်လံစစ်ဆေးကြပ်မတ်၍ ထောင့်စုံဘက်စုံမှ စနစ်တကျဖြင့် အလေးအနက်ထား ဆောင်ရွက်ကြရန်၊ လွတ်လပ်ရေးနေ့အထိမ်းအမှတ် အခမ်းအနားဖြစ်သည့်အတွက် အောင်အောင်မြင်မြင် စည်စည်ကားကား သိုက်သိုက်မြိုက်မြိုက်ဖြင့် ကျင်းပနိုင်ရေး ဆောင်ရွက်ကြရန်နှင့် လုံခြုံရေးကဏ္ဍတွင် အထူးဂရုစိုက် ဆောင်ရွက်ကြရန်မှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**

## စစ်သည်တစ်ဦးအား အကြမ်းဖက်စီးနင်းတိုက်ခိုက်သူနှစ်ဦးက ဓားဖြင့် တိုက်ခိုက်သဖြင့် ပစ်ခတ်ရှင်းလင်း

**နေပြည်တော် အောက်တိုဘာ ၁၉**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်း တပ်မတော်စစ်ကြောင်းများ နယ်မြေရှင်းလင်းရေးဆောင်ရွက်စဉ် ယနေ့ နံနက် ၁၁ နာရီခွဲခန့်တွင် ကျားခေါင်းတောင်ကျေးရွာ အရှေ့တောင်ဘက် မီတာ ၈၀၀ အကွာခန့်ရှိ တောင်ကုန်းသို့ အရောက် ပုန်းအောင်းနေသည့် အကြမ်းဖက်စီးနင်းတိုက်ခိုက်သူ နှစ်ဦးက ဓားဖြင့် စစ်သည်တစ်ဦးအား ရုတ်တရက် ဝင်ရောက်တိုက်ခိုက်ရန် ပြေးဝင်လာရာ အော်ဟစ်တားမြစ်သော်လည်း ရပ်တန့်ခြင်းမရှိသဖြင့် ပစ်ခတ်ရှင်းလင်းခဲ့ရသည်။

ဖြစ်စဉ်တွင် အကြမ်းဖက်စီးနင်းတိုက်ခိုက်သူ နှစ်ဦးအနက် မလာဒီမာမွတ်(ဘ) ဆော်ကီအာပတ်ဆိုသူမှာ ကျည်ထိမှန်သေဆုံးခဲ့ပြီး ကျန်တစ်ဦးမှာ မြောက်ဘက်တောင်ကြောအတိုင်း ထွက်ပြေးလွတ်မြောက်သွားခဲ့သည်။

အဆိုပါ နေရာတစ်ဝိုက်အား တပ်မတော်စစ်ကြောင်းများက နယ်မြေရှင်းလင်းရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(မြဝတီ)**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အိန္ဒိယနိုင်ငံဝန်ကြီးချုပ် မစ္စတာ နာရန်ဒရာမိုဒီတို့ တွေ့ဆုံဆွေးနွေးစဉ်။ (သတင်းစဉ်)

**❒ ရှေ့ဖုံးမှ**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် အိန္ဒိယနိုင်ငံ Reserve Bank of India တို့အကြား ရေးထိုးသည့် နားလည်မှုစာချွန်လွှာကို နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် အိန္ဒိယနိုင်ငံမှ Deputy Governor Reserve Bank of India Shri S S Mundra တို့ကလည်းကောင်း အပြန်အလှန် လဲလှယ်ကြသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အိန္ဒိယဝန်ကြီးချုပ်တို့သည် သတင်းမီဒီယာများအား နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် နှစ်နိုင်ငံဆွေးနွေးခဲ့သည်များကို ကောက်နုတ်ပြောကြားကြသည်။

ထို့နောက် နှစ်နိုင်ငံပူးတွဲကြေညာချက်တစ်ရပ်ကို ထုတ်ပြန်ကြေညာသည်။

**(ပူးတွဲကြေညာချက်အား ရှေ့ဖုံးတွင် ဖော်ပြထားပါသည်။)**

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် Hyderabad House ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် နယူးဒေလီမြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာရာ Palam လေတပ်စခန်း၌ အိန္ဒိယနိုင်ငံ စီးပွားရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး အက်စ်အမ်တီနီရာမာလာစီသာရာမာန်၊ အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီးနှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ည ၇ နာရီ မိနစ် ၂၀တွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိရာ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးမျိုးအောင်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ်ဇော်ဝင်းနှင့် တာဝန်ရှိသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**(သတင်းစဉ်)**

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာ - အိန္ဒိယ စီးပွားရေးစကားဝိုင်းသို့တက်ရောက်

**နယူးဒေလီ အောက်တိုဘာ ၁၉**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့ ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ ITC MAURYA Hotel ၌ အိန္ဒိယပြည်ပရေးရာဝန်ကြီးဌာနနှင့် Confederation of India Industry တို့ပူးပေါင်းကျင်းပသည့် မြန်မာ - အိန္ဒိယ စီးပွားရေးစကားဝိုင်း (Business Roundtable)သို့ တက်ရောက်သည်။

အဆိုပါ စကားဝိုင်းသို့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း၊ ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် တာဝန်ရှိသူများ၊ အိန္ဒိယပြည်ပရေးရာ ဝန်ကြီးဌာနမှ Minister of state Dr. V.K.Singh နှင့် အိန္ဒိယစီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

စကားဝိုင်းတွင် Confederation of India Industry Director General Mr. Chandrajit Banerjee ၊ Confederation of India Industry President Dr. Naushad Forbes ၊ Minister of state Dr. V.K.Singh တို့က အမှာစကားပြောကြားကြသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က မြန်မာနိုင်ငံ၏ လက်ရှိဆောင်ရွက်နေသည့် စီပွားရေးဆိုင်ရာမူဝါဒများ၊ မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုဥပဒေအပါအဝင် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် အိန္ဒိယစီးပွားရေးလုပ်ငန်းရှင်များ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အိန္ဒိယစီးပွားရေးလုပ်ငန်းရှင်များသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

**(သတင်းစဉ်)**

■



# ကျွန်းစုများပိုင်ဆိုင်မှုအရေး တောင်းဆိုမှုမပြုဘဲ ဂျပန်နှင့် ရုရှား ငြိမ်းချမ်းရေးစာချုပ် လက်မှတ်ရေးထိုးဖွယ်ရှိ



**တိုကျို အောက်တိုဘာ ၁၉**
ဂျပန်နှင့် ရုရှားနိုင်ငံအကြား ပိုင်နက်နယ်မြေ အငြင်းပွားမှု၏ ဗဟိုချက်ဖြစ်သည့် ကျွန်းလေးကျွန်းအား ဂျပန်က ပိုင်ဆိုင်သည်ဟု ရုရှားက အသိအမှတ်ပြုရန် တောင်းဆိုခြင်း မပြုတော့ဘဲ နှစ်နိုင်ငံအကြား ဒုတိယကမ္ဘာစစ်အလွန် ငြိမ်းချမ်းရေးစာချုပ်အား ဝန်ကြီးချုပ် ရှင်ဇိုအာဘေး၏ အစိုးရအဖွဲ့က လက်မှတ်ရေးထိုးရန် စဉ်းစားသုံးသပ်လျက်ရှိကြောင်း ဂျပန်အစိုးရ သတင်းရပ်ကွက်က အောက်တိုဘာ ၁၉ရက်တွင် ပြောကြားသည်။

ယင်းငြိမ်းချမ်းရေးစာချုပ် လက်မှတ်ရေးထိုးရေး လုပ်ငန်းစဉ်ကို ယခုနှစ် ဒီဇင်ဘာလအတွင်း ဂျပန်နိုင်ငံသို့ ရုရှားသမ္မတ ဗလာဒီမာပူတင် လာရောက်စဉ်ကာလအတွင်း ပြုလုပ်နိုင်ဖွယ်ရှိသည်။

ဂျပန်အစိုးရအဖွဲ့သည် ရုရှားနိုင်ငံနှင့် ငြိမ်းချမ်းရေးဆွေးနွေးရေးမဟာဗျူဟာအား ပြန်လည်သုံးသပ်သွားမည်ဖြစ်ကြောင်း၊ ယင်းမဟာဗျူဟာ ရည်မှန်းချက်အရ ဂျပန်နိုင်ငံ၏ မြောက်ပိုင်းစွန်း အဓိက ကျွန်းမကြီးဖြစ်သော ဟော့ကိုင်းဒိုးကျွန်း ကမ်းလွန်ရှိ ရုရှားထိန်းချုပ်ထားသော ကျွန်းလေးကျွန်းအနက် ကျွန်းငယ်နှစ်ကျွန်းကို ကနဦးအနေဖြင့် ပြန်လည်လွှဲအပ်ပေးရေးဖြစ်သည်။

ဆိုဗီယက်ပြည်ထောင်စုနှင့် ရုရှားနိုင်ငံတို့က ဒုတိယကမ္ဘာစစ်ကာလကတည်းက တရားမဝင် သိမ်းယူသွားခဲ့သော ကျွန်းလေးကျွန်းကို ဂျပန်ပိုင်ဆိုင်သည်ဟု ရုရှားက အသိအမှတ်ပြုရန် ဂျပန်နိုင်ငံက ယခင်ကပင်တောင်းဆိုခဲ့သည်။


၁၉၅၆ ခုနှစ် ရုရှားနှင့် ဂျပန်ပူးတွဲကြေညာချက်ပါ သဘောထားရပ်တည်ချက်ကို ရုရှားက စွဲကိုင်ခဲ့ပြီး ဒုတိယကမ္ဘာစစ်လွန်၌ ဂျပန်နှင့် ရုရှားငြိမ်းချမ်းရေး စာချုပ်ချုပ်နိုင်မည်ဆိုပါက ရုရှားက သိမ်းယူထားသော ဂျပန်ပိုင်ကျွန်းလေးကျွန်းအနက်မှ သေးငယ်သော ရှီကိုတန်ကျွန်းနှင့် ဟာဘိုမိုကျွန်းငယ်စုတို့အား ဂျပန်နိုင်ငံအား လွှဲပြောင်းပေးမည်ဟု ဆိုသည်။ **ကျိုဒို။**

## အင်အားပြင်းတိုင်ဖုန်းမုန်တိုင်း ဖိလစ်ပိုင်နိုင်ငံသို့ တိုက်ခတ်နိုင်ဖွယ်ရှိ

**မနီလာ အောက်တိုဘာ ၁၉**
အားပြင်းသောတိုင်ဖုန်းမုန်တိုင်းတစ်ခုသည် ဖိလစ်ပိုင်နိုင်ငံမြောက်ပိုင်းသို့ တိုက်ခတ်ရန် လေသင့်လမ်းကြောင်းပေါ်တွင် ရောက်ရှိနေပြီဖြစ်သဖြင့် ဖိလစ်ပိုင် မိုးလေဝသနှင့်ဇလဗေဒဆိုင်ရာ တာဝန်ရှိသူများက ဒေသခံပြည်သူများအား မိုးသည်းထန်စွာရွာသွန်းခြင်း၊ လေပြင်းတိုက်ခတ်ခြင်း၊ ပင်လယ်လှိုင်းကြီးခြင်းနှင့် မုန်တိုင်းကြောင့် ဖြစ်ပွားတတ်သည့် နောက်ဆက်တွဲဆိုးကျိုးများဖြစ်ပေါ်နိုင်ကြောင်း ကြိုတင်သတိပေးထားသည်။

တိုင်ဖုန်း 'ဟိုင်းမာ'သည် ဖိလစ်ပိုင်နိုင်ငံအရှေ့ပိုင်းကမ်းလွန်ပင်လယ်တွင် တစ်နာရီ ၂၅ ကီလိုမီတာ(၁၆ မိုင်)နှုန်းဖြင့် အနောက်နှင့်အနောက်မြောက်ဘက်သို့ ဦးတည်ရွေ့လျားနေကြောင်း ဂျပန်မိုးလေဝသနှင့်ဇလဗေဒ အေဂျင်စီက ဆိုသည်။ အဆိုပါမုန်တိုင်း၏ အလယ်ဗဟိုတွင် လေတိုက်နှုန်းသည် တစ်နာရီ ၂၀၀ ကီလိုမီတာရှိကြောင်း သိရသည်။

မုန်တိုင်းသည် အောက်တိုဘာ ၁၉ ရက်မှ ၂၀ ရက်အကြား လူဇွန်ကျွန်းမြောက်ဘက်သို့ စတင်ကျရောက်နိုင်သည်။ ဖိလစ်ပိုင်မိုးလေဝသပညာရှင်များက မုန်တိုင်းဒဏ်မှ ကင်းလွတ်ရန်အတွက် သတ်မှတ်ထားသော နေရာများသို့ ပြောင်းရွှေ့နေထိုင်ကြရန် တိုက်တွန်းပြောကြားထားကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ။**




## တံစိုးလက်ဆောင်များလက်ခံမှုကြောင့် ရှန်းစီးပြည်နယ် အဆင့်မြင့်တာဝန်ရှိသူဟောင်းအား ထောင်ဒဏ် ၁၂ နှစ် ချမှတ်

**နန်ကျင်း အောက်တိုဘာ ၁၉**
ကျင်းစုပြည်နယ်ရှိ တရားရုံးတစ်ရုံးက ယွမ် ၁၇ ဒသမ ၈၁ သန်း (အမေရိကန် ဒေါ်လာ ၂ ဒသမ ၆၄ သန်း) ပမာဏရှိသော တံစိုးလက်ဆောင်များ လက်ခံခဲ့မှုကြောင့် တရုတ်နိုင်ငံမြောက်ပိုင်း ရှန်းစီးပြည်နယ်မှ အဆင့်မြင့်တာဝန်ရှိသူ ဟောင်းတစ်ဦးဖြစ်သူ ပိုင်ယန်အား အောက်တိုဘာ ၁၉ ရက်က ထောင် ၁၂ နှစ် ပြစ်ဒဏ်ချမှတ်လိုက်သည်။

နန်တောင်မြို့တော် ပြည်သူ့တရားရုံး၏ဆုံးဖြတ်ချက်အရ တရုတ်ကွန်မြူနစ်ပါတီအမြဲတမ်းကော်မတီ ရှန်းစီးပြည်နယ် ကော်မတီဝင်ဟောင်း ပိုင်ယန်ပိုင်ဆိုင်သည့် ယွမ် ၂ သန်း တန်ကြေးရှိသော ပိုင်ဆိုင်မှုပစ္စည်းများကို နိုင်ငံ့ဘဏ္ဍာအဖြစ်သိမ်းယူခဲ့ပြီး ၎င်း တရားမဝင်နည်းလမ်းဖြင့် ရရှိထားသော ပိုင်ဆိုင်မှုပစ္စည်းများကို နိုင်ငံတော်သို့ လွှဲပြောင်းပေးအပ်ရမည်ဖြစ်သည်။

တရုတ်ကွန်မြူနစ်ပါတီ ပြည်နယ်ကော်မတီ အကြီးအကဲဟောင်းဖြစ်သူ ပိုင်သည် ၂၀၀၄ နှင့် ၂၀၁၃ ခုနှစ်များအတွင်း ကော်ပိုရေးရှင်းပြန်လည်ဖွဲ့စည်းရေး၊ စီမံကိန်းများ ကန်ထရိုက်ဆွဲခြင်းနှင့် အလုပ်အကိုင်ရာထူးတိုးများနှင့် အပြောင်းအရွှေ့များတွင် အခြားသူများထံမှ အကျိုးအမြတ်များရရှိရန် ရာထူးအသီးသီးဖြင့် အကျိုးအမြတ်ရယူခဲ့သည်ဟု တရားရုံးက တွေ့ရှိခဲ့သည်။ ပိုင်က ကျူးလွန်ခဲ့သောပြစ်မှုများကို ဝန်ခံခဲ့ပြီး တရားမဝင်ရရှိထားသော ပိုင်ဆိုင်မှုပစ္စည်းများကို ဆန္ဒအလျောက် လွှဲပြောင်းပေးအပ်ခဲ့သောကြောင့် တရားရုံးက အနည်းငယ်သောပြစ်ဒဏ်တစ်ရပ်ကို ထုတ်ပြန်ခဲ့သည်။

ပိုင်က တံစိုးလက်ဆောင်များ လက်ခံခဲ့ကြောင်း ပါတီတွင်းစုံစမ်းစစ်ဆေးမှုတစ်ရပ်က တွေ့ရှိခဲ့ပြီးနောက် ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလတွင် သူ့အား တရုတ်ကွန်မြူနစ်ပါတီမှ ထုတ်ပယ်ခဲ့သည်။ အလားတူ တရုတ်ကွန်မြူနစ်ပါတီ ပြည်နယ်ကော်မတီ အထွေထွေ အတွင်းရေးမှူးဟောင်း နီချန်ယုအား တံစိုးလက်ဆောင်များ လက်ခံမှုကြောင့် တရားရုံးက ထောင်ဒဏ် ၁၅ နှစ်ချမှတ်ခဲ့သည်။ **ဆင်ဟွာ။**

## ပင်လယ်ပြင်ညစ်ညမ်းမှုကို ရှင်းလင်းသုတ်သင်ရန် ကွင်းစလန်ပြည်နယ်အစိုးရ အပူတပြင်း ကြိုးပမ်းနေ

**ကင်ဘာရာ အောက်တိုဘာ ၁၉**
ယခုရက်သတ္တပတ် အစောပိုင်းက ဖြစ်ပွားခဲ့သော ရေနံယိုဖိတ်မှုတစ်ရပ်ကြောင့် ပင်လယ်ပြင်ညစ်ညမ်းမှုကို ရှင်းလင်းသုတ်သင်နိုင်ရန် သြစတြေးလျနိုင်ငံ ကွင်းစလန်ပြည်နယ်အစိုးရအဖွဲ့က အပူတပြင်း ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက အောက်တိုဘာ ၁၉ ရက်တွင် သတင်းထုတ်ပြန်သည်။

သြစတြေးလျပိုင် ဖရေဆာကျွန်းအနီးတွင် ရေနံယိုဖိတ်မှု ဖြစ်ပွားခဲ့ခြင်းသည် ပင်လယ်လိပ်များ၏ ဘာသာဘာဝ မျိုးပွားမှုလုပ်ငန်းစဉ်ကို ထိခိုက်နိုင်ကြောင်း၊ အကြောင်းမှာ လာမည့်ရက်သတ္တပတ်အနည်းငယ်အတွင်း လိပ်ဥ ဥရန် လိပ်မများ ယင်းကျွန်းသို့ လာရောက်သည့်ကာလ ကျရောက်တော့မည်ဖြစ်ခြင်းကြောင့် ဖြစ်ကြောင်း၊ သို့ဖြစ်၍ ရေနံယိုဖိတ်မှုကို ရှင်းလင်းသုတ်သင်နိုင်ရန် အပူတပြင်းလုပ်ကိုင်လျက်ရှိကြောင်း ကမ္ဘာ့တောရိုင်းတိရစ္ဆာန် ထိန်းသိမ်းရေး ရန်ပုံငွေအဖွဲ့၏ ပင်လယ်သမုဒ္ဒရာရေးရာ အကြီးအကဲ ရစ်ချတ်ယတ်က ပြောကြားသည်။ **ဆင်ဟွာ။**



## တရုတ်နိုင်ငံ၏ လူလိုက်ပါသော အာကာသယာဉ် အာကာသသုတေသန စခန်းယာဉ်နှင့် ချိတ်ဆက်ပြီ

**ပေကျင်း အောက်တိုဘာ ၁၉**
တရုတ်နိုင်ငံ၏ ရှင်ကျိုး-၁၁ အမည်ရှိ အာကာသယာဉ်သည် အာကာသအတွင်းရှိ တိန်ကောင်း-၂ အမည်ရှိ အာကာသသုတေသနစခန်းယာဉ်နှင့် အောင်မြင်စွာ ချိတ်ဆက်လိုက်နိုင်ပြီဖြစ်ကြောင်း နိုင်ငံပိုင်ဆင်ဟွာ သတင်းဌာနက အောက်တိုဘာ ၁၉ ရက်တွင် သတင်းထုတ်ပြန်သည်။

တရုတ်နိုင်ငံ၏ လူလိုက်ပါသော အာကာသယာဉ် အစီအစဉ်အရ အာကာသယာဉ်မှူး နှစ်ဦးသည် အာကာသ သုတေသနစခန်းယာဉ်အတွင်း ရက်ပေါင်း ၃၀ နေထိုင်ကာ သုတေသနလုပ်ဆောင်မည်ဖြစ်သည်။ အာကာသယာဉ်မှူးများသည် အာကာသအတွင်း စုစုပေါင်း ၃၃ ရက် ရှိနေမည်ဖြစ်ရာ ယခုအချိန်အထိ တရုတ်နိုင်ငံ၏ အာကာသခရီးစဉ်များအနက် ကာလအကြာဆုံး ခရီးစဉ်ဖြစ်ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြထားသည်။

တရုတ်နိုင်ငံသည် အမေရိကန်နှင့် ရုရှားနိုင်ငံတို့ပြီးလျှင် အာကာသအတွင်း ယာဉ်နှစ်စင်း ချိတ်ဆက်မှုနှင့် အာကာသယာဉ်ဆိုက်ကပ်မှု ပြုလုပ်နိုင်သည့် တတိယမြောက်နိုင်ငံဖြစ်လာသည်။

၂၀၁၃ ခုနှစ်က တရုတ်နိုင်ငံ၏ လူလိုက်ပါသော အာကာသခရီးစဉ်အရ အာကာသယာဉ်မှူးသုံးဦးသည် ကမ္ဘာပတ်လမ်းကြောင်းအတွင်း ၁၅ ရက်ကြာမျှ နေထိုင်ခဲ့ကြပြီး အာကာသသုတေသနစခန်းယာဉ် တိန်ကောင်း-၁ နှင့် ချိတ်ဆက်ခဲ့သည်။

တရုတ်နိုင်ငံသည် အာကာသရေးရာတွင် စွမ်းအားရှင်နိုင်ငံအဖြစ် ရပ်တည်နိုင်ရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ငြိမ်းချမ်းသော ရည်ရွယ်ချက်ဖြင့် အာကာသစူးစမ်းလေ့လာရေး အစီအစဉ်ကို နိုင်ငံတော်၏ ဦးစားပေးလုပ်ငန်းတစ်ရပ်အဖြစ် သတ်မှတ်ကာ လုပ်ဆောင်မည်ဖြစ်ကြောင်း သမ္မတရှီကျင့်ဖျင်က ပြောကြားသည်။ **ဆင်ဟွာ။**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ထိုင်းဘုရင်မင်းမြတ် နတ်ရွာစံခြင်းအတွက် ဝမ်းနည်းကြောင်း လက်မှတ်ရေးထိုး

**နေပြည်တော် အောက်တိုဘာ ၁၉**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံရုံး၌ ထိုင်းဘုရင်မင်းမြတ် ဘူမိဘော အဒူရာဒက်၏ နတ်ရွာစံခြင်းအတွက် ဝမ်းနည်းကြောင်း စာအုပ်တွင် လက်မှတ်ရေးထိုးသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် သံရုံးဧည့်ခန်းမ၌ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး၊ စစ်သံမှူးများနှင့် တာဝန်ရှိသူများအား ဝမ်းနည်းကြောင်း ပြောကြားခဲ့သည်။

**(သတင်းစဉ်)**



# ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ ငလျင်ဒဏ်သင့် စေတီပုထိုးများနှင့် သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်ရန် အလှူငွေလက်ခံခြင်း အခမ်းအနားကျင်းပမည်

**နေပြည်တော် အောက်တိုဘာ ၁၉**

မြေငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ စေတီပုထိုးများ၊ သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်နိုင်ရန် ဒုတိယအကြိမ် အလှူငွေလက်ခံခြင်း အခမ်းအနားကို အောက်တိုဘာ ၂၉ ရက် နံနက် ၉ နာရီခွဲတွင် ကမ္ဘာအေးဘုရားလမ်းရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန (ရန်ကုန်ရုံးခွဲ)၌ ကျင်းပမည်ဖြစ်သည်။

အလှူငွေများကို ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက လက်ခံမည်ဖြစ်ပြီး လှူဒါန်းလိုသော ကုသိုလ်ရှင်များအနေဖြင့် ယင်းအခမ်းအနားသို့ တက်ရောက်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုတိုးတက်ရေး အကောင်အထည်ဖော်ရေးဗဟိုကော်မတီဝင်များနှင့် ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေးကော်မရှင်အဖွဲ့ဝင်များတွေ့ဆုံ



**နေပြည်တော် အောက်တိုဘာ ၁၉**

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုတိုးတက်ရေး အကောင်အထည်ဖော်ရေး ဗဟိုကော်မတီဝင်များနှင့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်အဖွဲ့ဝင်များသည် ယနေ့နံနက် ၁၀ နာရီတွင် နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံကြသည်။

ထိုသို့တွေ့ဆုံစဉ် ရခိုင်ပြည်နယ်မြောက်ပိုင်း မောင်တောနှင့် ရသေ့တောင်မြို့နယ်တို့တွင် အောက်တိုဘာ ၉ ရက်က ဖြစ်ပွားခဲ့သည့် လက်နက်ကိုင်အကြမ်းဖက်မှုနှင့် ၎င်းနောက်ဆက်လက်ဖြစ်ပေါ်သည့် အခြေအနေများ၊ နယ်မြေတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာပြည်သူလူထုအတွက် စောင့်ရှောက်ကူညီမှုဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုတိုးတက်ရေး အကောင်အထည်ဖော်ရေး ဗဟိုကော်မတီမှ အဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း၊ ဒေါက်တာဖေမြင့်၊ ဒေါက်တာသန်းမြင့်၊ ဒေါက်တာမြင့်ထွေး၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးတို့ တက်ရောက်ပြီး ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေးကော်မရှင်မှ အဖွဲ့ဝင်များဖြစ်ကြသည့် ဦးဝင်းမြ၊ ဒေါက်တာသာလှရွှေ၊ မစ္စတာ ဂါဆန်ဆလမ်၊ မစ္စလက်တီတီရာဗန်ဒန်အာဆမ်၊ ဒေါက်တာမြသီတာ၊ ဦးခင်မောင်လေး၊ ဒေါ်စောခင်တင့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# မောင်တောနှင့် ဘူးသီးတောင်မြို့နယ်တို့မှ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ကြောက်ရွံ့ထိတ်လန့်မှုကြောင့် နေရပ်မှ ခေတ္တစွန့်ခွာလာသူများ အေးချမ်းလုံခြုံစွာပြန်နိုင်ရန်အတွက် လိုအပ်သည့်စီမံဆောင်ရွက်မှုများ ဆွေးနွေး

**စစ်တွေ အောက်တိုဘာ ၁၉**

မောင်တောနှင့် ဘူးသီးတောင်ဒေသတို့မှ ဌာနဆိုင်ရာဝန်ထမ်းများ မိမိတို့သက်ဆိုင်ရာ ဒေသအသီးသီးတွင် ပြန်လည်တာဝန်ထမ်းဆောင်နိုင်ရန်နှင့် ကြောက်ရွံ့ထိတ်လန့်မှုကြောင့် နေရပ်မှ ခေတ္တစွန့်ခွာလာသူများ နေရပ်သို့ အေးချမ်းလုံခြုံစွာဖြင့် ပြန်လည်နေထိုင်နိုင်ရန်အတွက် လိုအပ်သော စီမံမှုများဆောင်ရွက်နိုင်ရေး ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီတွင် စစ်တွေမြို့ ပြည်နယ်အစိုးရဧည့်ရိပ်သာ အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဆွေးနွေးပွဲတွင် ဘူးသီးတောင်၊ မောင်တောဒေသ၌ တာဝန်ထမ်းဆောင်နေကြသော ဝန်ကြီးဌာနအသီးသီးမှ ဝန်ထမ်းများနှင့် နေရပ်မှ ခေတ္တစွန့်ခွာလာသူများ အေးချမ်းလုံခြုံစိတ်ချစွာဖြင့် နေရပ်သို့ ပြန်လည်နေထိုင်နိုင်ရေးအတွက် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ အပြည့်အဝလုံခြုံရေး တာဝန်ယူဆောင်ရွက်ပေးမည့် အခြေအနေများ၊ နေရပ်မှ ခေတ္တစွန့်ခွာလာသူများ ၎င်းတို့နေရပ်ပြန်လည်နေထိုင်ပြီးချိန်တွင် လုပ်ကိုင်စားသောက်နိုင်ရန်အတွက် ကူညီပံ့ပိုးပေးမည့် အစီအစဉ်များ၊ နေရပ်မှ ခေတ္တစွန့်ခွာလာသူများ နေရပ်သို့ပြန်နိုင်ရေးအတွက် ပြည်နယ်အစိုးရမှ တာဝန်ယူစီစဉ်ဆောင်ရွက်နေမှု အခြေအနေများနှင့် ပြည်ထောင်စုအစိုးရမှ ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည့် အစီအမံများကို ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် နယ်မြေဒေသ အေးချမ်းလုံခြုံရေးတို့အတွက် တိုင်းရင်းသားဒေသခံများနေထိုင်သည့် ကျေးရွာချင်းဆက်လမ်းများအား ဘဏ္ဍာနှစ်အလိုက် စီမံချက်ချဖောက်လုပ်ဆောင်ရွက်ပေးရေး၊ အသေးစားရေအားလျှပ်စစ်စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ပေးရေးနှင့် ရေရှည်သက်မွေးဝမ်းကျောင်းမှုပညာရပ်များ ကျွမ်းကျင်တတ်မြောက်စေရေးအတွက် သက်မွေးပညာသင်ကျောင်းများ ဖွင့်လှစ်ဆောင်ရွက်ရေးစသည့် ရေတိုရေရှည်ဆောင်ရွက်သွားရမည့် ကိစ္စရပ်များကိုလည်း ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲသို့ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

## အဂတိလိုက်စားမှုကင်းရှင်းရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**ပုသိမ် အောက်တိုဘာ ၁၉**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန တိုင်းဒေသကြီးလူမှုဝန်ထမ်းဦးစီးဌာနနှင့် ပြည်ကြီးခင်လူမှုရေးအသင်းတို့ ပူးပေါင်းဆောင်ရွက်သည့် ဝန်ထမ်းများ၏ ပြည်သူ့အကျိုးဖော်ဆောင်ရာတွင် ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်စေရေးနှင့် အဂတိလိုက်စားမှုကင်းရှင်းရေး အလုပ်ရုံဆွေးနွေးပွဲကို အောက်တိုဘာ ၁၈ ရက် နံနက် ၁၀ နာရီက ပုသိမ် မူလတန်းကြိုကျောင်းစုဝေးခန်းမ၌ ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် တိုင်းဦးစီးမှူး ဦးတင်ဇော်မိုးက အဖွင့်အမှာစကားပြောကြားရာ၌ လက်ရှိအစိုးရသည် ပြည်သူ့အစိုးရဖြစ်ကြောင်း၊ ပြည်သူ့ဆန္ဒနှင့် ကိုက်ညီအောင်ဆောင်ရွက်ရမည့် တာဝန်ရှိကြောင်း၊ စစ်မှန်သော ဒီမိုကရေစီစနစ်သစ်ကို ဖော်ဆောင်ရာတွင် ပြည်သူအားလုံး အခြေခံအခွင့်အရေးရရှိရန် ဆောင်ရွက်ရမည့် လုပ်ငန်းများ တရားမျှတစွာ ကာကွယ်ပေးနိုင်သော အုပ်ချုပ်ရေးစနစ်ဖြစ်ကြောင်း၊ ယခုကဲ့သို့ ဆောင်ရွက်သည့်နေရာတွင် ဝန်ထမ်းများမှာ အချက်(၃)ချက် လိုက်နာရန်လိုအပ်ကြောင်း၊ ၎င်းတို့မှာ ထမ်းဆောင်ရမည့်တာဝန်ကို ကျေပွန်စွာထမ်းဆောင်ရန်၊ လိုက်နာရမည့် စည်းကမ်းများကို မဖောက်ဖျက်ရန်၊ စောင့်ထိန်းရမည့် ကျင့်ဝတ်များကို မြဲမြံရန်လိုကြောင်း၊ မိမိအလုပ်ကို တန်ဖိုးမထားလျှင် တာဝန်မဲ့ကြောင်း၊ တာဝန်မဲ့ခြင်းက အဂတိလိုက်စားခြင်းဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီး၏ မိန့်မှာချက်များကို ပြောကြားသွားသည်။

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ ပြည်သူလူထုအကျိုးကို ထိရောက်စွာ ဖော်ဆောင်ရေး၊ အဂတိလိုက်စားမှုကင်းရှင်းရေးခေါင်းစဉ်များဖြင့် တက်ရောက်လာကြသူများက ဆွေးနွေးချက်များအား ပြန်လည်တင်ပြခြင်း၊ မေးခွန်းများ အပြန်အလှန်မေးမြန်းခြင်းနှင့် ပြန်လည်ဖြေကြားခြင်း၊ ဆွေးနွေးပွဲရလဒ်အား အသိပေးကြေညာခဲ့ကြောင်း သိရသည်။ **မောင်မောင်မြင့် (ပြန်/ဆက်)**

# ရှုံးခဲ့သောလွန်ပွဲ(သို့မဟုတ်)စာကြည့်တိုက်တံခါးအပိတ် ထောင်တံခါးအပွင့်

## သရက်တန်းစိုးရွှေ(စိတ်ပညာ)

ဘဝမှာ အသေးအဖွဲ့မှအစ လူတိုင်းလွန်ပွဲတစ်ခုကို ဆင်နွှဲနေတတ်ကြမြဲပင်ဖြစ်သည်။ အကောင်းအဆိုး၊ အရှုံးအနိုင် ဆန့်ကျင်ဘက်တွေ အားပြိုင်နေတဲ့ ကာလအတွင်း အသိအလိမ္မာနှင့် ဘဝကိုမြင့်တင်ရင်း ချီတက်ရမည်ကို သတိမေ့နေတတ်ပေသည်။ ကျွန်တော်လည်း ဘဝမှာလွန်ဆွဲခဲ့ပါသည်။ကျွန်တော်လည်း ကျွန်တော့်ရွာကို ကောင်းစေချင်မြဲပင်ဖြစ်သည်။ ထို့အတူပင် ရွာသူရွာသားတို့၏ စွမ်းဆောင်ရည်ဖြင့် ကျေးရွာဂုဏ်ကို ဆောင်စေချင်မြဲပင်ဖြစ်ပေသည်။ ပညာတတ်များစွာ ထွက်သော ကျေးရွာဖြစ်ရေး ကြိုးစားပေးချင်သည်မှာ မွေးဌာနေကို ချစ်သူတိုင်း၏ စိတ်ရင်းပင်ဖြစ်နေပေသည်။

အသိအလိမ္မာအတွက် သင်ပေးနေသော အရာနှစ်ခု ရှိပေသည်။ ထိုနှစ်ခုမှာ ပတ်ဝန်းကျင်လူမှုအသိုင်းအဝိုင်းနှင့် စာပေသာလျှင်ဖြစ်ပေသည်။ ကျွန်တော့်ရွာလူမှုပတ်ဝန်းကျင်အရ သင်ကြားမှုက ဘဝင်မကျစရာပင်ဖြစ်သည်။ ညီသည်။ ဝိုင်းဝန်းသည်။ ရွာသားကို အထိမခံဟု ဆိုထားသည်။ ထို့နောက်တွင် စကားတစ်လုံး ထပ်ဆင့် ဖြည့်စွက်မှ ပိုမိုအဓိပ္ပာယ်ပြည့်စုံမည်ဖြစ်သည်။ ထိုစကားလုံးသည်ကား ဆိုးမိုက်ခြင်းအမှုသာလျှင်ဖြစ်ပေသည်။ ဆိုးခြင်းကိုဂုဏ်ယူကာ မိုက်ခြင်းကို အတုယူနေသည့် ရွာအတွက် စာပေနှင့်အတူ ကိုယ်တိုင်က ကောင်းပြနေဖို့ လိုနေပြီဆိုတာ သိနေပေသည်။ ပညာတတ်တော့ဘာလုပ်မှာလဲဆိုသော ဘုကျကျ အမေးကို ပြန်ဖြေနိုင်ရေး ပညာတတ်အောင်သင်ယူပြီး လက်တွေ့အသုံးချပြရုံမှတစ်ပါး အခြားမရှိပါချေ။

စာကြည့်တိုက်ကလေးထူထောင်ကာ မျိုးဆက်သစ်ကို မွေးမြူကြည့်သည်။ မအောင်မြင်ခဲ့ပါ။ စာပေကပေးသော အသိထက် ပတ်ဝန်းကျင်က လွှမ်းမိုးသော အသိများအတွင်း နစ်မျောသွားခြင်းတို့ များနေခဲ့ပေသည်။ ကိုယ်တိုင်က လိမ္မာပြနေပေသည်။ သို့သော် အပေါင်းအဖော်များနှင့် မိုက်ဇာတ်အတွင်း ဇွတ်အတင်း ကနေတတ်ကြပေသည်။ အသံကြားလိုက်ရပါပြီ။ အမှုဖြစ်လို့တဲ့ဟု ဆိုလိုက်သည်နှင့် ရိုက်မှု၊ လုယက်မှုမှအစ ပုဒ်မများစွာနှင့်တပ်ကာ အမှုရင်ဆိုင်နေကြရပေသည်။ တစ်ဖွဲ့က မပြီးသေးခင် နောက်တစ်ဖွဲ့က ဖဲဝိုင်းမိသည့်အမှုဖြင့် ထောင်ကျနေပေသည်။ ထောင်ကျသည့်အဖွဲ့ထောင်ကျနေစဉ် ကျောင်းတက်နေသည့် ကျောင်းသားများအပါအဝင် အုပ်စုလိုက်ရန်ဖြစ်သည့် အမှုဖြင့် အချုပ်ခန်းအတွင်းရောက်နေမြဲပင်ဖြစ်သည်။

ဖြစ်နေသည့် ရွာသားများ၊ လူငယ်များမှာ ဆေးသမားမဟုတ်ပေ။ သို့တစေ အသိဉာဏ်မဲ့သည့် မကောင်းသောအကျင့်ကို စွဲသွားသည့် အစွဲသမားများပင်ဖြစ်နေပေသည်။ ရိုးဂုဏ်၊ ကြိုးစားခြင်းဂုဏ်ကို ပြရမည့်အရွယ်တွင် မိုက်ခြင်းကို ဂုဏ်ထင်နေတတ်ပေသည်။ ဝမ်းနည်းစရာအဖြစ်များပင်ဖြစ်သည်။ အုပ်စုလိုက် သွားလာလည်ပတ်ရင်း ရန်ဖြစ်ခြင်းမှအစ ဖြစ်သွားသည့်ကိစ္စများပင်ဖြစ်သည်။ ဥပဒေအရ ပုဒ်မများစွာဖြင့် ငြိနေပေသည်။ လူမှုကွန်ရက်မှအစ သတင်းစာအတွင်း သတင်းများပါလာခြင်းနှင့်အတူ ရှက်စရာ အပြုအမူကို တွေ့မြင်နေရပေသည်။ အမှုဖြစ်နေသော ကလေးငယ်များ၏ မိဘများမှာ အပတ်စဉ် ရုံးချိန်းသွားခြင်း၊ အမှုအတွက်သွားလာခြင်းများဖြင့် ငွေကုန်လူပန်းကာ အကျလမ်းဆီ အလိုလိုဦးတည်သွားခဲ့ပေသည်။ မြင်နေရသော မြင်ကွင်းအတွက် အဖြေရှာကြည့်သမျှ အသိပညာမရှိခြင်းက အဓိကကျနေသည်ကို တွေ့လိုက်ရပေသည်။ စာကြည့်တိုက်နှင့် အမိုက်အကျင့်တို့ လွန်ဆွဲခဲ့ရာ စာကြည့်တိုက်ဘက်က ရှုံးသွားခဲ့ပေသည်။ ရှုံးသွားခြင်း၊ စာကြည့်တိုက်ပိတ်သွားခြင်းနှင့်အတူ ထောင်တံခါးများကို ဖွင့်ပေးသလိုဖြစ်သွားခဲ့ပေသည်။

လွန်ပွဲရှုံးခဲ့ပါပြီလေ။ အားကျခဲ့ဖူးသော မိသားစုတစ်စုကိုလည်း ကြည့်လိုက်မိပေသည်။ မိဘကပညာတတ်ကာ သားသမီးအနာဂတ်ကို ပုံဖော်ပေးနေသည့်မြင်ကွင်းကိုလည်း တွေ့မြင်နေမိပေသည်။ နွေးထွေးချစ်ခင်မှုတွေနဲ့အတူ ယုံကြည်ခြင်းတွေနဲ့ တည်ဆောက်ထားသော မိသားစုဖြစ်ပြီး တိုင်းပြည် ပညာရေးတိုးတက်စေရန် ရည်ရွယ်ချက်ဖြင့် ပညာရေးဂျာနယ်ပင် ထုတ်ဝေဖြန့်ချိရင်း ပျော်ရွှင်ကျေနပ်နေသော မြင်ကွင်းကိုမြင်တွေ့နေရပေသည်။ ထိုမိသားစုနှင့် ကျွန်တော့်ကျေးရွာမှ ဆိုးသွမ်းသွားသောမိသားစု ဘာများကွာခြားသွားပါသလဲ နှိုင်းယှဉ်လိုက်မိမှ အသိပညာက အဓိကကျနေသည်ကို တွေ့လိုက်ရပေသည်။

စာကြည့်တိုက်တံခါးပိတ်ပါက ထောင်တံခါးတွေပွင့်လာမှာသေချာပေသည်။ အသိဉာဏ်တွေကန်းလာသမျှ ဆုတ်ယုတ် ဆိုးသွမ်းမှုတွေ လွှမ်းလာမှာသေချာပါသည်။ မိုက်မဲမှုကို အတုခိုးမိသမျှ အနာဂတ်တို့က လှပလာမည် မဟုတ်တော့ပါချေ။ ထောင်တံခါးတွေပိတ်ဖို့အတွက် အားလုံးမှာ တာဝန်ရှိနေပါပြီ။ ကျွန်တော့်ရွာမှကလေးအချို့ ဆိုးသွမ်းခြင်း၏ အဓိကအများမှာ ဆုံးမသွန်သင်မှုအမှားများကြောင့်သာလျှင်ဖြစ်နေပေသည်။ ဆိုးသွမ်းခြင်းအချို့မှာ ဆုံးမသွန်သင်မှုနည်းခြင်းကြောင့်လည်း ပါနေပေသည်။ ဆုံးမသွန်သင်မှုမတတ်သော ပညာမဲ့မိဘ မည်မျှများနေပါသနည်း။ ဆုံးမသွန်သင်မှုနည်းသော အသိပညာမဲ့ အသိုင်းအဝိုင်း မည်မျှများနေပါသနည်း။ မှုခင်းများနှင့် ဆိုးသွမ်းမှု ဘာကြောင့်များနေပါသနည်း။ အသေအချာကြည့်ကာ အဖြေရှာမိသည်က အသိပညာကြောင့်သာလျှင် ဖြစ်နေပေသည်။ ကောင်းသည့်ဘက်အနိုင်ရအောင် အားလုံးဝိုင်းဝန်းလုပ်ဆောင်ဖို့လိုနေပါချေပြီ။ စာကြည့်တိုက်တံခါးတွေဖွင့်ပြီး ထောင်တံခါးတွေ ပိတ်အောင် လုပ်ဆောင်ဖို့ အားလုံးမှာတာဝန်ရှိနေပါချေပြီ။ သို့အတွက် ရှုံးခဲ့သော လွန်ပွဲပြန်လည်အနိုင်ရရေး စိတ်ဓာတ်ကောင်းတွေကို တစ်ကနေ စပြီးမွေးဖွားဖို့ လိုအပ်နေလှပါပေသည်။ ။

**မှုခင်းများနှင့် ဆိုးသွမ်းမှု ဘာကြောင့်များနေပါသနည်း။ အသေအချာကြည့်ကာ အဖြေရှာမိသည်က အသိပညာကြောင့်သာလျှင် ဖြစ်နေပေသည်။ ကောင်းသည့်ဘက် အနိုင်ရအောင် အားလုံးဝိုင်းဝန်းလုပ်ဆောင်ဖို့လိုနေပါချေပြီ။ စာကြည့်တိုက်တံခါးတွေဖွင့်ပြီး ထောင်တံခါးတွေ ပိတ်အောင်လုပ်ဆောင်ဖို့ အားလုံးမှာတာဝန်ရှိနေပါချေပြီ။ သို့အတွက် ရှုံးခဲ့သောလွန်ပွဲ ပြန်လည်အနိုင်ရရေး စိတ်ဓာတ်ကောင်းတွေကို တစ်ကနေစပြီး မွေးဖွားဖို့ လိုအပ်။။။**

# အိမ်ခြံမြေဝန်ဆောင်မှုဆိုင်ရာဥပဒေကြမ်းပြုစုရေးအလုပ်ရုံဆွေးနွေးပွဲ ပထမဆုံးအကြိမ်ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၁၉**

မြန်မာနိုင်ငံအောက်ပိုင်းရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပထမဆုံးအကြိမ်ကျင်းပမည့် အိမ်ခြံမြေဝန်ဆောင်မှုဆိုင်ရာဥပဒေကြမ်းပြုစုရေးအလုပ်ရုံဆွေးနွေးပွဲကို ရန်ကုန်တိုင်းဒေသကြီး အိမ်ခြံမြေလုပ်ငန်းရှင်များအသင်းမှ စီစဉ်ကျင်းပမည်ဖြစ်ပြီး ရန်ကုန်မြို့ (၆)မိုင်ခွဲရှိ International Business Center (IBC) ၌ အောက်တိုဘာ ၂၂ ရက် မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အဆိုပါ အိမ်ခြံမြေဝန်ဆောင်မှုဆိုင်ရာ ဥပဒေကြမ်းပြုစုရေးအလုပ်ရုံဆွေးနွေးပွဲ၌ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ဥပဒေနှင့် အထူးလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ တာဝန်ရှိသူများ၊ တတ်သိပညာရှင်များ၊ရှေ့နေများ၊ UMFCCI မှတာဝန်ရှိသူများနှင့် အခြားသက်ဆိုင်ရာ တာဝန်ရှိသူမည်သူမဆို တက်ရောက်ကြမည်ဖြစ်ပြီး အိမ်ခြံမြေအကျိုးဆောင်များ၊ အိမ်ခြံမြေလုပ်ငန်းနှင့် တစ်နည်းတစ်ဖုံ ပတ်သက်နေသူများ၊ အိမ်ခြံမြေလုပ်ငန်းများကို စိတ်ဝင်စားသူပြည်သူများအား ဖိတ်ကြားမည်ဖြစ်ကာ အိမ်ခြံမြေအကျိုးဆောင်များ၏ အရည်အချင်းများ၊ တာဝန်များ၊ လုပ်ဆောင်မှုများ၊ အကျိုးခံစားခွင့်များ၊ တာဝန်ခံမှုများ၊ ပြည်သူများအတွက် အိမ်ခြံမြေဝန်ဆောင်မှုများကို မည်သည့်အတိုင်းအတာအထိ လုပ်ဆောင်ရမည့်အချက်များ၊ အိမ်ခြံမြေအကျိုးဆောင်ခသတ်မှတ်ချက်များ၊ အိမ်ခြံမြေအကျိုးဆောင်အချင်းအချင်းလုပ်ငန်းလုပ်ဆောင်ရာ၌ ခွဲဝေရမည့် အကျိုးအမြတ်ပုံစံများ၊ အိမ်ခြံမြေဝန်ဆောင်မှုလုပ်ဆောင်ရာ၌ Customer များအား တာဝန်ကျေပွန်စွာလုပ်ဆောင်ရမည့်ပုံစံများ၊ Customer များအတွက်လည်း ရပိုင်ခွင့် အခွင့်အရေးပုံစံများအား ထည့်သွင်းဆွေးနွေးကြမည်ဖြစ်ကာ ဆွေးနွေးမှုအပြီး၌ ဆွေးနွေးပွဲမှရရှိလာသော အကြံပြုချက်များကို အခြေခံ၍ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တာဝန်ရှိသူများ စုပေါင်းကာ အိမ်ခြံမြေဝန်ဆောင်မှုဆိုင်ရာဥပဒေကြမ်းကို ရေးသားပြုစုကြမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး အိမ်ခြံမြေလုပ်ငန်းရှင်များအသင်းမှ ဒု-ဥက္ကဋ္ဌဖြစ်သော ဦးအောင်ထွန်းက "လာမယ့် နိုဝင်ဘာလပိုင်းမှာလည်း အိမ်ခြံမြေဝန်ဆောင်မှုဆိုင်ရာ ဥပဒေကြမ်း ရေးဆွဲပြဋ္ဌာန်းနိုင်ရေးအတွက် ဥပဒေနှင့် အထူးလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်နဲ့ တွေ့ဆုံပြီး အကြံပြုဆွေးနွေးဖို့ရှိပါတယ်။ ဒီဆွေးနွေးပွဲမတိုင်ခင်မှာ တင်ထားတဲ့ အိမ်ခြံမြေဝန်ဆောင်မှုဆိုင်ရာ ဥပဒေကြမ်း ရေးဆွဲဖို့အတွက်ကိုလည်း ဘယ်အင်န်ဂျီအိုအသင်းကမှ ရေးပိုင်ခွင့်မရှိပါဘူး။ ကျွန်တော်တို့အသင်းအနေနဲ့ အကြံပြုချက်တွေကိုပဲပေးလို့ရမှာပါ၊ ဒါကြောင့် အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်လာသူတွေဆီကနေ ကျွန်တော်တို့အနေနဲ့ အကြံပြုချက်တွေတောင်းခံပြီး သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ရှေ့နေများ၊ ကျွမ်းကျင်တတ်သိပညာရှင်များကနေ အိမ်ခြံမြေ ဝန်ဆောင်မှုဆိုင်ရာဥပဒေကြမ်းပြုစုရေးကို ဆောင်ရွက်ကြပါလိမ့်မယ်။ အဓိကတော့ ဒီဥပဒေကြမ်းကို ရေးဆွဲတယ်ဆိုတာကလည်း အကျိုးဆောင်တွေရဲ့ ရသင့်ရပိုင်ခွင့် အခွင့်အရေးကို ကာကွယ်ဖို့ဖြစ်သလို တာဝန်တွေကိုလည်း တိတိကျကျခွဲချင်လို့ပါ၊ Customer တွေအတွက်လည်း မှန်မှန်ကန်ကန်ဖြစ်စေချင်ပြီး အိမ်ခြံမြေအကျိုးဆောင်ခကိုလည်း ဝန်ဆောင်ခ မှန်မှန်ကန်ကန် ပေးစေချင်လို့ပါ။ ပြီးတော့ အိမ်ခြံမြေအကျိုးဆောင်တွေအနေနဲ့လည်း Customer တွေအပေါ် တာဝန်မကျေဘူးဆိုရင် အကျိုးဆောင်တွေကို အရေးယူတာလေးတွေရှိနေမှာဖြစ်သလို ဒီဥပဒေထွက်ပေါ်လာပြီဆိုရင် အမှားအယွင်းတွေ နည်းပါးသွားမှာပါ"ဟု ရှင်းပြသည်။

"ပြီးတော့ အိမ်ခြံမြေအကျိုးဆောင် လိုင်စင်ကိစ္စက လက်ရှိမြန်မာနိုင်ငံ အနေအထားအရသတ်မှတ်ဖို့ အချိန်စောလွန်းနေပါသေးတယ်။ အစိုးရမဟုတ်တဲ့ သာမန်အိမ်ခြံမြေဝန်ဆောင်မှုအသင်း တစ်သင်းအနေနဲ့ ပါဝင်ချုပ်ချယ်ဖို့လုံးဝမဖြစ်နိုင်ပါဘူးလို့ အိမ်ခြံမြေအကျိုးဆောင်တွေကို အသိပေးလိုပါတယ်။ အဓိကတော့ အင်န်ဂျီအိုဖြစ်တဲ့ အိမ်ခြံမြေအသင်းတစ်သင်းအနေနဲ့ နိုင်ငံသားများရပိုင်ခွင့်ကို ထိန်းချုပ်ပိုင်ခွင့်မရှိပါဘူး။ ကျွန်တော်တို့ လက်ရှိညီနောင်အသင်းတွေဖြစ်ကြတဲ့ ရန်ကုန်တိုင်းဒေသကြီး အိမ်ခြံမြေလုပ်ငန်းရှင်များအသင်းနဲ့ မန္တလေးတိုင်းဒေသကြီး အိမ်ခြံမြေကိုယ်စားလှယ်များ ဖွံ့ဖြိုးတိုးတက်ရေးအသင်း နှစ်သင်းစလုံးက မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်းနဲ့ လုံးဝပတ်သက်မှုမရှိပါဘူး။ ကျွန်တော်တို့ အသင်း နှစ်သင်းကတော့ မိတ်ဖက်အသင်းနှစ်သင်းဖြစ်ပါတယ်။ ပြီးတော့ ဒီလိုအိမ်ခြံမြေဝန်ဆောင်မှုဆိုင်ရာ ဥပဒေကြမ်းရေးဆွဲပြဋ္ဌာန်းဖို့ဆိုတာကလည်း နိုင်ငံတော်နဲ့ အများပြည်သူအားလုံးအတွက် အကျိုးရှိစေဖို့ကို ရည်ရွယ်လုပ်ဆောင်ခြင်းပဲဖြစ်ပါတယ်။ အဓိကတော့ အားလုံးကို မျှမျှတတဖြစ်စေချင်တာပါ"ဟု ဆိုသည်။

အောက်တိုဘာ ၂၂ ရက်တွင် ကျင်းပမည့်အိမ်ခြံမြေဝန်ဆောင်မှုဆိုင်ရာ ဥပဒေကြမ်းပြုစုရေး အလုပ်ရုံဆွေးနွေးပွဲတွင် မြန်မာနိုင်ငံအောက်ပိုင်းရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်များဖြစ်သော ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့မှ အိမ်ခြံမြေကိုယ်စားလှယ်များ တက်ရောက်ဆွေးနွေးအကြံပြုကြမည်ဖြစ်ပြီး တက်ရောက်သူဦးရေ ၃၀၀ ကျော်ခန့်အထိ တက်ရောက်မည်ဟု ခန့်မှန်းထားကြောင်း၊ ထို့ပြင် လက်ရှိညီနောင်အသင်းများဖြစ်ကြသော ရန်ကုန်တိုင်းဒေသကြီး အိမ်ခြံမြေလုပ်ငန်းရှင်များအသင်းနှင့် မန္တလေးတိုင်းဒေသကြီး အိမ်ခြံမြေကိုယ်စားလှယ်များ ဖွံ့ဖြိုးတိုးတက်ရေးအသင်းတို့၌ အသင်းဝင်ပေါင်း ၁၀၀၀ ကျော်ရှိနေကြောင်း သိရသည်။

(ဝ၄ဝ)




ဇီဝမျိုးစုံ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

# အများပြည်သူဘက်ကို စာနာနားလည်မှုမရှိဘဲ အရည်အသွေးအာမခံနိုင်ခြင်းမရှိတဲ့ပစ္စည်းတွေ တင်သွင်းခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်း၊ ဖြန့်ဖြူးခြင်းလုပ်ဆောင်နေမှုတွေဟာ အသံတိတ်လူသတ်သမားတွေပဲဖြစ်ပါတယ်

ဒေါက်တာသန်းထွဋ်(ညွှန်ကြားရေးမှူးချုပ်)

**ပြည်ပနိုင်ငံများမှ ဝင်ရောက်လျက်ရှိသော အစားအသောက်၊ ဆေးဝါး၊ လူသုံးကုန်၊ အလှကုန်များ၊ ပြည်တွင်းလုပ်ငန်းရှင်များမှ ထုတ်လုပ်နေသည့် အစားအသောက်၊ ဆေးဝါး၊ လူသုံးကုန်၊ အလှကုန်များတွင် မသမာမှုများကြောင့် အရည်အသွေးမပြည့်မီသော ကုန်ပစ္စည်းများရှိနေခြင်း၊ အစားအသောက်များ တာရှည်ခံနိုင်ရန်အတွက် ဖော်မလင်ထည့်သွင်းသုံးစွဲမှုများနှင့် အန္တရာယ်ရှိ ဆိုးဆေးသုံးစွဲမှုများ ဒေသအနှံ့အပြားတွင် ဖြစ်ပေါ်နေခြင်းကြောင့် ပြည်သူများ၏ ကျန်းမာရေး ထိခိုက်နိုင်သည့် အခြေအနေများရှိနေကြောင်း ကြားသိနေရသည်။**

အဆိုပါ အရည်အသွေးပြည့်မီခြင်းမရှိသည့် ကုန်ပစ္စည်းများကြောင့် ပြည်သူများ အန္တရာယ်မဖြစ်စေရေးအတွက် ကြပ်မတ်စစ်ဆေးဆောင်ရွက်ပေးနေရသည့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(FDA)၏ လုပ်ငန်းတာဝန်များကို သိရှိနိုင်ရန် ကျန်းမာရေးဝန်ကြီးဌာန အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းထွဋ်နှင့် သွားရောက်တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည်-

**မေး။ အပြောများနေကြတဲ့ မုန့်ဟင်းခါးဖတ်တွေ တာရှည်ခံဖို့ ဖော်မလင်ထည့်တာ၊ အကြော်ကြော်ရင် ဆီထဲမှာ ပလတ်စတစ်ဘူးတွေ ထည့်တာ၊ အန္တရာယ်ရှိဆိုးဆေးတွေ သုံးတာ စတဲ့ ကိစ္စတွေကို သိလိုပါတယ်။**

ဖြေ။ ဖော်မလင်ဟာ မပုပ်မသိုးအောင်လုပ်တဲ့ (Preservative)တစ်မျိုးပါ။ သိပ္ပံနည်းကျ တိကျစွာ အသုံးပြုရတဲ့ ပစ္စည်းဖြစ်ပါတယ်။ ကျွန်တော်တို့ တိုင်းပြည်မှာတော့ (Food Preservative)အဖြစ် ခွင့်ပြုမထားပါဘူး။ တချို့ မုန့်ဟင်းခါးဖတ်တွေမှာ ထည့်ထားတာတွေ့ရပါတယ်။ ဆိုင်တိုင်းတော့မဟုတ်ပါဘူး။ မြန်မာနိုင်ငံတစ်နိုင်ငံလုံးမှာ မုန့်ဟင်းခါးဖိုပေါင်း မြောက်မြားစွာ၊ မုန့်ဟင်းခါးစားသူပေါင်း မြောက်မြားစွာရှိတာက တစ်ကြောင်း၊ မုန့်တီ၊ မြီးရှည်၊ ကြာဆံ စတဲ့ အစားအသောက်တွေမှာလည်း တာရှည်ခံစေဖို့အတွက် (Food Preservative) တွေကို ထည့်နိုင်တာပေါ့။ ဒါကြောင့် ပထမအဆင့်အနေနဲ့ ရန်ကုန်မှာရှိတဲ့ မုန့်ဟင်းခါးဖို ၆၆ ခုက လုပ်ငန်းရှင်တွေကို အောက်တိုဘာ ၇ ရက်မှာ တာရှည်ခံမုန့်ဖတ်များ ထုတ်လုပ်နည်းစနစ်တွေ၊ အန္တရာယ်ကင်းမယ့် တာရှည်ခံပစ္စည်းတွေ သုံးတတ်ဖို့ ပညာပေးဆွေးနွေးပွဲလုပ်ခဲ့ပါတယ်။ ဘိန်းအစားထိုးသလိုပဲ ဖော်မလင်အစားထိုး လက်တွေ့သုံးနိုင်တဲ့ နည်းစနစ်တွေ သင်ကြားပေးမှာ ဖြစ်ပါတယ်။ တစ်ဖက်ကလည်း ဖော်မလင် အသုံးပြုတာတွေ့ရင် အရင်းအမြစ်ကို ဖော်ထုတ်ပြီး တရားစွဲဆိုအရေးယူမှာဖြစ်ပါတယ်။

အကြော်ကြော်တဲ့ ဆီတွေမှာ ဆီအကြော်ခံအောင်၊ အကြော်တွေကြွပ်အောင် ပလတ်စတစ်ဘူးတွေ ထည့်တယ်ဆိုတာက ခိုးလုပ်နေတာတွေ ရှိချင်ရှိမှာပါ။ တွေ့တဲ့လူတွေကတော့ ဘယ်လက်ခံမလဲ။ သိပ္ပံနည်းလည်းမကျပါဘူး။ အနုမာနအယူအဆတွေပါ။ ဒါတွေတွေ့ရင် FDA ကိုမှ မဟုတ်ပါဘူး။ ဥပဒေအရ တားဆီးအရေးယူနိုင်တဲ့ အဖွဲ့အစည်းအားလုံးကို သတင်းပေးတိုင်ကြားနိုင်ပါတယ်။ ဆိုးဆေးတွေနဲ့ ပတ်သက်လို့ စက်တင်ဘာ ၂၁ ရက်ထုတ် မြန်မာ့အလင်းသတင်းစာထဲမှာ ကျွန်တော်တို့ဌာနက သေချာကြေညာပေးထားပါတယ်။ အသုံးပြုခွင့်ပေးထားတဲ့ ဆိုးဆေး၊ တားမြစ်ဆိုးဆေးအားလုံး ပြည့်စုံစွာ ဖော်ပြထားပါတယ်။ တစ်ချိန်တည်းမှာပဲ ၂၀၁၄- ၂၀၁၅ ခုနှစ်ကစတဲ့ ကျောင်းမုန့်ဈေးတန်းစီမံချက်ကို အခု ၂၀၁၆-၂၀၁၇ ခုနှစ်မှာလည်း တိုင်းဒေသကြီး၊ ပြည်နယ်အားလုံးမှာ ဆက်လုပ်နေပါတယ်။ ကလေးတွေအပါအဝင် စားသုံးသူများတဲ့ ယိုစုံစီမံချက်ကိုလည်း တိုင်းဒေသကြီးနဲ့ ပြည်နယ်အားလုံးမှာ ဆောင်ရွက်နေပါတယ်။ အစားအသောက်ထုတ်လုပ်သူတွေကတော့ တားမြစ်ဆိုးဆေးတွေမသုံးဖို့ တာဝန်အရှိဆုံးဖြစ်ပါတယ်။ ဆိုးဆေးရောင်းတဲ့ဆိုင်တွေကတော့ ဆိုးဆေးပေါင်းစုံရောင်းမှာပဲလေ။ အစားအသောက်ဆိုးဆေး၊ အဝတ်အထည်ဆိုးဆေး တရားဝင်ရောင်းနိုင်တာပဲ။ အန္တရာယ်ကင်းတဲ့ အစားအသောက်ဆိုးဆေးက ဈေးကြီးတော့ ခွင့်မပြုတဲ့အခြားဆိုးဆေးတွေကို ဝိသမလောဘနဲ့ ထည့်တာဖြစ်နိုင်ပါတယ်။ ဒါကြောင့် အစားအသောက်ထုတ်လုပ်တဲ့နေရာတွေကို တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် အစားအသောက်နှင့်ဆေးဝါး ကြီးကြပ်ကွပ်ကဲရေးကော်မတီဝင်တွေဟာ သေချာကြပ်ကြပ်မတ်မတ်လိုက်နာစစ်ဆေးဖို့ ညွှန်ကြားထားပါတယ်။ တစ်ဦးကောင်း တစ်ယောက်ကောင်း မသမာတာလုပ်မရအောင် အဖွဲ့လိုက်စစ်ဆေးစေတာပါ။ ပုံမှန် စစ်ဆေးခြင်းတွေအပြင် ရှောင်တခင်စစ်ဆေးခြင်းတွေလည်း ဆောင်ရွက်လျက်ရှိပါတယ်။ ကျွန်တော်တို့ တိုင်းပြည်မှာ အားနည်းနေသေးတာက အစားအသောက်ထုတ်လုပ်သူတွေရဲ့ တာဝန်ယူမှု၊ တာဝန်ခံမှုပါ။

**မေး။ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနရဲ့ ကြီးကြပ်ကွပ်ကဲဆောင်ရွက်ရေးလုပ်ငန်းစဉ်တွေမှာ ဘယ်လို အတားအဆီးအခက်အခဲတွေ ရှိပါသလဲ။**

ဖြေ။ ပထမဆုံးအနေနဲ့က ကျွန်တော်တို့ဌာနရဲ့ ဝန်ထမ်းအင်အားနည်းပါးနေသေးတဲ့ကိစ္စပါ။ တစ်တိုင်းပြည်လုံး အတိုင်းအတာကို ၂၁ ဒသမ ၉ ရာခိုင်နှုန်းသော ဝန်ထမ်းအင်အားနဲ့ တာဝန်ယူဆောင်ရွက်နေရပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာလည်း ကျွန်တော်တို့ဝန်ထမ်းတွေကို ရာခိုင်နှုန်းအချို့သာ ခန့်အပ်နိုင်ပါသေးတယ်။ ခရိုင်နဲ့ မြို့နယ်အဆင့်တွေမှာ FDA ဝန်ထမ်းတစ်ယောက်မှ မရှိသေးပါဘူး။ ကြီးကြပ်ကွပ်ကဲရေးဆိုင်ရာ လုပ်ငန်းစဉ်တွေကို ၁၉၉၅ ခုနှစ် ဌာနခွဲအဆင့်ကစပြီး သူ့ခေတ်နဲ့သူ တာဝန်ရှိသူတွေက စွမ်းစွမ်းတမံ ကြိုးစားအားထုတ်ခဲ့ကြပါတယ်။ အခုအစိုးရသစ်လက်ထက်မှာတော့ နိုင်ငံတော်သမ္မတကြီးနဲ့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်တို့က ကြီးကြပ်ကွပ်ကဲရေးလုပ်ငန်းစဉ်တွေကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ဖို့ လမ်းညွှန်ထားတာရှိပါတယ်။ သို့သော်လည်း ကျွန်တော်တို့ ဝန်ထမ်းတွေကို ဆေးဝါးပြတ်လပ်အောင် ဖန်တီးသူတွေ၊ လုပ်စားကိုင်စားရခက်အောင် ဆောင်ရွက်နေသူတွေ စသဖြင့် လမ်းကြောင်းလွှဲ စွပ်စွဲချက်တွေကို တမင်လုပ်ကြံဖန်တီးကြတာတွေရှိနေတယ်။ ဒါဟာ မသမာတဲ့ ဝိသမ လူနည်းစုပါ။ ရိုးသားကြတဲ့ ပြည်သူအများစုကတော့ အားရကျေနပ်စွာနဲ့ လက်ခုပ်တီးနေကြတဲ့ သတင်းတွေက ဒုနဲ့ဒေးပါ။ ဘယ်လိုအခက်အခဲတွေပဲရှိရှိ ကျွန်တော်တို့ရဲ့ ကြီးကြပ်ကွပ်ကဲရေးဆိုင်ရာလုပ်ငန်းစဉ်တွေကို ပိုမိုအရှိန်မြှင့် ဆောင်ရွက်သွားဖို့ ကျွန်တော်တို့ ဝန်ထမ်းတွေအားလုံး ဆုံးဖြတ်ထားကြပါတယ်။

**မေး။ ဌာနရဲ့ မူဝါဒ၊ မျှော်မှန်းချက်၊ ရည်ရွယ်ချက်တွေ အောင်မြင်ဖို့ ဘယ်လိုအကောင်အထည်ဖော်နေသလဲဆိုတာ သိလိုပါတယ်။ နောက်ပြီး ဥပဒေရေးဆွဲနေတယ်ဆိုတာနဲ့ ပတ်သက်ပြီးတော့လည်း သိလိုပါတယ်။**

ဖြေ။ ဒါတွေကို စနစ်တကျ အကောင်အထည်ဖော်ဖို့ဆိုတာ ရေတို(လတ်တလောအတွက်)နဲ့ ရေရှည်(အနာဂတ်အတွက်)တို့ကိုတွဲပြီး ဆောင်ရွက်နေရပါတယ်။ တချို့ ဆောင်ရွက်ချက်တွေမှာ ရေတိုရော၊ ရေရှည်အတွက်ရော ပေါင်းစပ်နေတာ တွေ့ရပါတယ်။ ရေတိုအကောင်အထည်ဖော်ရေးအတွက်က လက်ရှိလူအင်အား၊ လက်ရှိစွမ်းရည်၊ တည်ဆဲဥပဒေ၊ အမိန့်ညွှန်ကြားချက်တွေကိုသုံးပြီး ဈေးကွက်မတင်မီစစ်ဆေးစိစစ်ခြင်း၊ ဈေးကွက်ထောက်လှမ်းစောင့်ကြည့်ကြပ်မတ်ခြင်း စတဲ့ မဟာဗျူဟာနှစ်ခုနဲ့ သွားနေပါတယ်။ နောက်တစ်ချက်အနေနဲ့ ဥပဒေကျောထောက်နောက်ခံမရှိဘဲနဲ့ ကျွန်တော်တို့ အလုပ်လုပ်လို့မရပါဘူး။ ပြောင်းလဲလာတဲ့ ခေတ်စနစ်လိုအပ်ချက်တွေနဲ့ လိုက်လျောညီထွေတဲ့ ဥပဒေတွေကို ပြင်ဆင်ရေးဆွဲရပါတယ်။ ဒီဘက်ခေတ်ရောက်တော့ ထပ်ပြီး ဖြည့်စွက်ဖို့လိုတဲ့အတွက်ကြောင့် ဥပဒေအသစ်တွေ ရေးဆွဲထားပါတယ်။ အဖွဲ့အစည်းအားလုံးပါဝင်တဲ့ မြန်မာနိုင်ငံအစားအသောက်ဥပဒေကို မူကြမ်းရေးဆွဲပြီး လွှတ်တော်တင်မှာပါ။ နောက်တစ်ခုက ဆေးပစ္စည်းကိရိယာတွေနဲ့ပတ်သက်တဲ့ ဥပဒေပါ။ မူကြမ်းရေးဆွဲပြီးပါပြီ။ ဒီဇင်ဘာလလောက် လွှတ်တော်တင်နိုင်အောင် လုပ်နေပါတယ်။ နောက်ထပ်ရေးဆွဲမှာတွေကတော့ အလှကုန်ဆိုင်ရာဥပဒေနဲ့ အရည်အသွေးထိန်းချုပ်ရေးဆိုင်ရာ ဓာတ်ခွဲခန်းဥပဒေများ ဖြစ်ပါတယ်။ ဥပဒေခိုင်မာမှ ထိန်းကျောင်းရတာ ခိုင်မာမှာဖြစ်ပါတယ်။ ဥပဒေရေးဆွဲတဲ့အခါမှာလည်း ပြည်တွင်းပြည်ပ ပညာရှင်တွေရဲ့ အကူအညီအပြင် ပါဝင်သင့်သူအားလုံး ပါဝင်တဲ့ ကော်မတီနဲ့ ရေးဆွဲတာဖြစ်ပါတယ်။

**မေး။ FDA လုပ်ငန်းစဉ်နဲ့ပတ်သက်ပြီး ဥပဒေကခွင့်ပြုထားတဲ့ FDA ရဲ့ လုပ်ပိုင်ခွင့်နယ်ပယ်များကို သိလိုပါတယ်။**

ဖြေ။ ဥပဒေဟာ ကျွန်တော်တို့ဌာနရဲ့ ကျောရိုးမဏ္ဍိုင်တစ်ခုပါ။ တည်ဆဲဥပဒေတွေအရ ကျွန်တော်တို့ဟာ မိမိနဲ့ဆိုင်တဲ့ပစ္စည်းတွေ ထုတ်လုပ်၊ တင်သွင်း၊ တင်ပို့၊ သိုလှောင်၊ ဖြန့်ဖြူးဖို့ ထောက်ခံချက်ပေးတဲ့ ဌာနဖြစ်ပါတယ်။ လိုင်စင်ထုတ်ပေးခွင့်မရှိပါဘူး။ တချို့က လိုင်စင်ထုတ်ပေးတဲ့ နေရာအဖြစ်အထင်မှားနေပါတယ်။ ထောက်ခံချက် ပေးနိုင်သလို ပြန်လည်စိစစ်ချိန်မှာ စံမမီရင်လည်း ထောက်ခံချက်ကိုရုပ်သိမ်းနိုင်ပါတယ်။ ဘေးအန္တရာယ်ကင်းရှင်းမှု၊ အရည်အသွေးပြည့်ဝမှု၊ ဆေးဆိုရင် အာနိသင်ရှိမှုဆိုတာ ကျွန်တော်တို့ရဲ့ စံတွေပါပဲ။ ဒီစံတွေမမီတာတွေ့ရင် အများပြည်သူ သုံးစွဲရန် မသင့်ကြောင်း ကြေညာပေးရပါတယ်။ ဥပဒေအရ အရေးယူဖို့ ရဲဌာန(သို့)တရားရုံးမှာ တိုင်တန်း တရားစွဲရပါတယ်။ ဒါကျွန်တော်တို့ အခွင့်အာဏာအကုန်ပါပဲ။ ပစ္စည်းသိမ်း၊ လူဖမ်းလုပ်ဖို့ ကျွန်တော်တို့ကို အခွင့်အာဏာပေးမထားပါဘူး။ ဆိုင်ရာ (Focal) ဌာနတွေရှိပါတယ်။ ကုန်ပစ္စည်းတစ်ခု စားသုံးရန်မသင့်ဘူးလို့ ကြေညာလိုက်တာက လုပ်ငန်းရှင်အတွက် ကြီးမားတဲ့ထိုးနှက်အရေးယူမှုပါပဲ။ ဒါကို လုပ်ငန်းလုပ်သူတွေ သိပ်ကြောက်တယ်။ ရုံးတော်မှာ တရားစွဲတာထက်တောင် တချို့နေရာတွေမှာ ထိရောက်ပါတယ်။

**မေး။ အစားအသောက်၊ ဆေးဝါး၊ လူသုံးကုန်တို့ကို စစ်ဆေးတဲ့နေရာမှာ ဓာတ်ခွဲခန်းရဲ့ အရေးပါပုံကို သိလိုပါတယ်။**

ဖြေ။ ဥပဒေဟာကျောရိုးဖြစ်ခဲ့ရင် ဓာတ်ခွဲစမ်းသပ်မှုဟာ ကျွန်တော်တို့ရဲ့ ညာလက်ရုံးပါပဲ။ ပစ္စည်းတစ်ခု စံမီတယ်၊ မမီဘူး၊ ကောင်းတယ်၊ မကောင်းဘူးကို အပြင်ပန်းကြည့်ရုံနဲ့ မသိနိုင်ဘူး။ ဓာတ်ခွဲစစ်ဆေးကြည့်မှ သိရတာပါ။ ဥပဒေကြောင်းအရ အရေးယူဆောင်ရွက်ဖို့ဆိုရင် ဓာတ်ခွဲခန်းပညာရပ်နဲ့ သက်သေပြရမယ်။ ဒီပညာရပ်နဲ့ သက်သေပြမှ ဥပဒေကြောင်းကနေ အထောက်အထားပြည့်စုံစွာနဲ့ အရေးယူအပြစ်ပေး ထိန်းသိမ်းလို့ရပါမယ်။ FDA ဓာတ်ခွဲခန်းမှာ ကမ္ဘာ့အဆင့်မီကိရိယာတွေရှိနေပြီ။ ဒီပစ္စည်းတွေကို စနစ်တကျကိုင်တွယ်နိုင်ဖို့ ဌာနကလူတွေကို ရေရှည်အတွက် နိုင်ငံခြားပညာတော်သင်ကဲ့သို့ သင်တန်းမျိုးတွေ လွှတ်ပါတယ်။ ဌာနတွင်းသင်တန်းတွေလည်း ပို့ချပါတယ်။ FDA ဓာတ်ခွဲခန်းကို ကမ္ဘာကအသိအမှတ်ပြုဖို့လည်း လုပ်ဆောင်နေပါတယ်။

**မေး။ လုပ်ငန်းတာဝန်ဆောင်ရွက်တဲ့အခါမှာ ပြည်တွင်းပြည်ပအဖွဲ့အစည်းတွေနဲ့ ချိတ်ဆက်ဆောင်ရွက်မှုအပိုင်းကိုလည်း သိလိုပါတယ်။**

ဖြေ။ ကျွန်တော်တို့ဌာနတစ်ခုတည်းနဲ့ တစ်တိုင်းပြည်လုံးရဲ့ တာဝန်ကို ထမ်းဆောင်လို့မရပါဘူး။ အစိုးရအဖွဲ့နဲ့ ပုဂ္ဂလိကအဖွဲ့တွေ ချိတ်ဆက်လုပ်ဆောင်ရပါတယ်။ အစိုးရအဖွဲ့မှာ ရဲတပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန စတဲ့ အဖွဲ့တွေနဲ့ အရပ်ဘက်အဖွဲ့အစည်းတွေဖြစ်တဲ့ မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းရှင်များအသင်း၊ ဆီလုပ်ငန်းရှင်များအသင်း၊ စားသောက်ကုန်ထုတ်လုပ် ရောင်းချသူများအသင်း စတဲ့ အဖွဲ့ပေါင်း ၂၁ ခုနဲ့ မဖြစ်မနေ ချိတ်ဆက်ဆောင်ရွက်ရပါတယ်။ တစ်ကမ္ဘာလုံးကို ချိတ်ဆက်ဆောင်ရွက်ဖို့ Global link တွေလည်း များစွာရှိပါတယ်။ အဲဒီလို ချိတ်ဆက် ဆောင်ရွက်မှုတွေကတော့ ခြုံပြီးပြောရရင် အဆင်ပြေပါတယ်။ Perfect ဆိုတာတော့ ဘယ်မှာမှ မရှိပါဘူး။ ပြည်တွင်းအဖွဲ့အစည်းတွေ ဌာနတွေနဲ့ကလည်း ယေဘုယျအားဖြင့် ပူးပေါင်းဆောင်ရွက်မှုတွေ ကောင်းမွန်ပါတယ်။ ဒါပေမယ့် အခုမှ ဖွဲ့ကြ၊ အခုမှထလုပ်ကြတော့ နိုင်ငံတကာအဖွဲ့အစည်းတွေလို သူ့တာဝန်၊ သူ့နယ်ပယ်၊ ကိုယ့်နယ်ပယ်ဆိုတာကို နားလည်ဖို့ လိုပါသေးတယ်။

**မေး။ ပြည်သူတွေနဲ့ လုပ်ငန်းရှင်တွေအပေါ် ပြောကြားလိုတဲ့ စကားများရှိရင်လည်း ပြောကြားပေးစေလိုပါတယ်။**

ဖြေ။ ကျွန်တော်တို့ဌာနအနေနဲ့ မိဘပြည်သူတွေအတွက် အစားအသောက်၊ ဆေးဝါး၊ လူသုံးကုန်၊ အလှကုန်၊ ဆေးပစ္စည်းကိရိယာတွေ အရည်အသွေးပြည့်မီစွာ သုံးစွဲနိုင်ဖို့အတွက် နေ့၊ ည ဆောင်ရွက် စစ်ဆေးလျက်ရှိပါတယ်။ အဲဒီလို ဆောင်ရွက်တဲ့အခါမှာ ပြည်သူတွေရဲ့ ပူးပေါင်းဆောင်ရွက်မှုဟာလည်း အများကြီး လိုအပ်ပါတယ်။ ပူးပေါင်းပါဝင်မှုမရှိရင်တော့ လုပ်ဆောင်နေတဲ့ လုပ်ငန်းတွေဟာ မအောင်မြင်နိုင်ပါဘူး။ မသင်္ကာဖွယ်ရာတွေ၊ မဟုတ်မမှန်ပြောဆိုမှုတွေရှိခဲ့ရင် ကျွန်တော်တို့ကို သတင်းပေးပါ။ ကျွန်တော်တို့အဖွဲ့တွေ ဈေးကွက်ဆင်းပြီး အန္တရာယ်ရှိတဲ့ ပစ္စည်းတွေကို စစ်ဆေးမယ်။ ဒီလိုဆောင်ရွက်တဲ့အခါ ကျွန်တော်တို့ကို ကူညီထောက်ခံအားပေးစေချင်ပါတယ်။ ကျွန်တော်တို့မှာ အကာအကွယ်ဆိုလို့ ဥပဒေပဲရှိပါတယ်။ ကျွန်တော်တို့က ပြည်သူတွေကို ကာကွယ်စောင့်ရှောက်သလို ပြည်သူတွေကလည်း ကျွန်တော်တို့ ဝန်ထမ်းတွေကို ကာကွယ်စောင့်ရှောက်ပေးစေလိုပါတယ်။

မိဘပြည်သူများဘက်ကလည်း အစားအသောက်၊ ဆေးဝါး၊ အလှကုန်တွေသုံးတဲ့နေရာမှာ လွယ်လွယ်နဲ့ပေါ့ဆစွာမသုံးကြပါနဲ့။ မိမိမှာရှိသင့်တဲ့ အသိတရား၊ သတိတရားနဲ့ ဆင်ဆင်ခြင်ခြင်ကြည့်ရှုသုံးစွဲမယ်ဆိုရင် အန္တရာယ်ကင်းမှာဖြစ်ပါတယ်။ လုပ်ငန်းရှင်တွေဖြစ်တဲ့ တင်သွင်းသူ၊ ဖြန့်ဖြူးသူ၊ ရောင်းချသူတွေအားလုံးကိုလည်း မေတ္တာရပ်ခံချင်ပါတယ်။ သမ္မာအာဇီဝနဲ့ စီးပွားရှာကြပါ။ အများပြည်သူတွေဘက်ကိုလည်း စာနာစွာနဲ့ အရည်အသွေး အာမခံနိုင်ခြင်းမရှိတဲ့ ပစ္စည်းတွေကို ထုတ်လုပ်ခြင်း၊ တင်သွင်းခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်း၊ ဖြန့်ဖြူးခြင်းမလုပ်ကြပါနဲ့။ အဲဒီလိုလုပ်နေတဲ့သူတွေဟာ အသံတိတ်လူသတ်သမားတွေပဲဖြစ်ပါတယ်။ ဒီလိုလုပ်ဆောင်တဲ့သူတွေကို ဥပဒေကြောင်းအရ ပြင်းပြင်းထန်ထန် အရေးယူဆောင်ရွက်သွားမယ်ဆိုတာ အသိပေးလိုပါတယ်။ ။



ဒေါက်တာသန်းထွဋ်



အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ တာဝန်ရှိသူများ စားသောက်ကုန်များတွင် ဘေးအန္တရာယ်ကင်းရှင်းမှု ရှိ၊ မရှိ စစ်ဆေးရန် နမူနာကောက်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်နေစဉ်။

မေး၊ ရေး - အောင်ရဲသွင်၊ ဓာတ်ပုံ - ကျော်ရဲဆွေ

**ကုလသမဂ္ဂမှ**

၅။ အိန္ဒိယခေါင်းဆောင်များက နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အား ပြီးခဲ့သည့်နှစ်တွင် ကျင်းပခဲ့သည့် အထွေထွေရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ သမိုင်းဝင် အောင်မြင်အနိုင်ရရှိမှုအတွက် ဝမ်းမြောက်ကြောင်း ဂုဏ်ပြုစကားပြောကြားခဲ့ပြီး မြန်မာပြည်သူများမှ လိုလားတောင့်တသည့် မျှော်မှန်းချက်များ အောင်မြင်စေရန် အိန္ဒိယနိုင်ငံအနေဖြင့် ထောက်ခံအားပေးမည်ဖြစ်ကြောင်း အလေးပေးပြောကြားခဲ့ပါသည်။

၆။ နှစ်နိုင်ငံခေါင်းဆောင်များသည် နှစ်ဖက်အကျိုးဖြစ်ထွန်းစေမည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ကျယ်ပြန့်စွာ ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါသည်။ အိန္ဒိယနိုင်ငံအနေဖြင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ မြန်မာနိုင်ငံ စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်စေရေးများတွင် အလုပ်အကိုင်များ ဖန်တီးပေးခြင်း၊ အရည်အသွေးများ မြှင့်တင်ပေးခြင်း၊ လမ်းများ ပြန်လည်တည်ဆောက်ခြင်း၊ လျှပ်စစ်စွမ်းအား ပံ့ပိုးပေးခြင်း၊ ပညာရေး အဆောက်အအုံနှင့် ကျန်းမာရေး အခြေခံအဆောက်အအုံတို့တွင် ပံ့ပိုးကူညီခြင်းဖြင့် မြန်မာပြည်သူများ တိုးတက်စည်ပင်ဝပြောမှုများ ရရှိစေရေးအတွက် အထောက်အကူပြုပေးမည်ဖြစ်ကြောင်း ဖော်ပြခဲ့ပါသည်။ နိုင်ငံတော်သမ္မတ ဦးထင်ကျော်၏ အိန္ဒိယနိုင်ငံခရီးစဉ်အတွင်း ပူးပေါင်းဆောင်ရွက်ရန် သတ်မှတ်ခဲ့သည့် နယ်ပယ်များကို လျင်မြန်စွာ အကောင်အထည်ဖော်သွားကြရန် သဘောတူညီခဲ့ကြပါသည်။

၇။ လူမျိုးပေါင်းစုံနှင့် ဘာသာပေါင်းစုံ ပါဝင်ဖွဲ့စည်းထားသော လူမှုအဖွဲ့အစည်းဖြစ်သည့် မြန်မာနိုင်ငံတွင် သက်ဆိုင်သူများအားလုံးအကြား ငြိမ်းချမ်းစွာ စေ့စပ်ဆွေးနွေးခြင်းဖြင့် တူညီမျှတသည့် ဖြေရှင်းမှုများရှာဖွေနိုင်မည်ဟု အိန္ဒိယနိုင်ငံအနေဖြင့် မျှော်လင့်ပါကြောင်း ထုတ်ဖော်ပြောကြားခဲ့ပါသည်။ အိန္ဒိယနိုင်ငံအနေဖြင့် ဒီမိုကရေစီအဖွဲ့အစည်းများ ပိုမိုအားကောင်းလာစေရန် ကြိုးပမ်းမှုကို ကူညီမည်ဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံတွင် ဆောင်ရွက်ဆဲဖြစ်သည့် (၂၁) ရာစုပင်လုံငြိမ်းချမ်းရေးလုပ်ငန်းစဉ်အား ထောက်ခံအားပေးမည်ဖြစ်ကြောင်း ထပ်လောင်းအတည်ပြုပြောကြားခဲ့ပါသည်။ ယင်းကြိုးပမ်းမှုများမှ ရေရှည်တည်တံ့နိုင်မည့် ငြိမ်းချမ်းရေးရရှိစေရေးကို ဦးတည်စေမည်ဟု မျှော်လင့်ထားပါသည်။

၈။ မကြာမီက အူရီမြို့တွင် ဖြစ်ပွားခဲ့သည့် အကြမ်းဖက်တိုက်ခိုက်မှုနှင့်စပ်လျဉ်း၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က အကြမ်းဖက်မှုဖြစ်စဉ်ကို ရှုတ်ချကြောင်းနှင့် အသက်ဆုံးရှုံးခဲ့ရသူများ၏ မိသားစုဝင်များအတွက် ဝမ်းနည်းစာနာမိကြောင်း ပြောကြားခဲ့ပါသည်။ အိန္ဒိယဝန်ကြီးချုပ်က ရခိုင်ပြည်နယ် မြောက်ပိုင်းရှိ နယ်စပ်စခန်းသုံးခုတွင် မကြာသေးမီက ဖြစ်ပွားခဲ့သည့် လက်နက်ကိုင်တိုက်ခိုက်မှုများကို ရှုတ်ချကြောင်းနှင့် အကြမ်းဖက်တိုက်ခိုက်ခံရမှုများတွင် ကျဆုံးခဲ့သည့် ရဲတပ်ဖွဲ့ဝင်များ၏ မိသားစုများအား စာနာထောက်ထားကြောင်း ဖော်ပြခဲ့ပါသည်။

၉။ နှစ်ဖက်လုံးမှ အကြမ်းဖက်တိုက်ခိုက်မှု၏ မည်သည့်ပုံစံမျိုးကိုမဆို ရှုတ်ချကြောင်း၊ မည်သည့်နေရာ၌ မည်သူကျူးလွန်သည်ဖြစ်စေ အကြမ်းဖက်တိုက်ခိုက်မှုမှန်သမျှကို ရှုတ်ချပါကြောင်း ဖော်ပြခဲ့ကြသည်။ အကြမ်းဖက်မှုဆန့်ကျင်တိုက်ဖျက်ရာတွင် အကြမ်းဖက်သမားများကို ပစ်မှတ်ထား တိုက်ခိုက်ရန်နှင့် အကြမ်းဖက်အဖွဲ့အစည်းများနှင့် ၎င်းတို့၏ အချိတ်အဆက်များမှ အကြမ်းဖက်မှုအား အားပေးခြင်း၊ ပံ့ပိုးကူညီခြင်း (သို့မဟုတ်) ငွေကြေးပံ့ပိုးမှုများကို ပိတ်ပင်တားဆီးရန် သဘောတူညီကြောင်း ဖော်ပြခဲ့ပါသည်။ နှစ်ဖက်လုံးမှ အကြမ်းဖက်မှုသည် လူ့အခွင့်အရေးချိုးဖောက်မှုတွင် အဆိုးဆုံးဖြစ်ကြောင်းနှင့် အပြစ်မဲ့သူများအား ပျက်သုဉ်းစေသည့် အကြမ်းဖက်သမားများအား သင်တန်းပေးခြင်း (သို့မဟုတ်) ပစ္စည်းထောက်ပံ့ပေးခြင်း၊ ငွေကြေးပံ့ပိုးပေးခြင်း၊ ထောက်ခံခြင်းတို့သည် ကောင်းမွန်သည့် ဆောင်ရွက်မှု မဟုတ်ကြောင်းကိုလည်း သဘောတူညီခဲ့ကြပါသည်။ နှစ်နိုင်ငံစလုံးမှ ကုလသမဂ္ဂတွင် ဆွေးနွေးနေဆဲဖြစ်သော အပြည်ပြည်ဆိုင်ရာ အကြမ်းဖက်တိုက်ခိုက်မှုဆိုင်ရာ ကွန်ဗင်းရှင်းအား အမြန်ဆုံးအပြီးသတ်ရေးကို တိုက်တွန်းကြပါသည်။

၁၀။ နှစ်ဖက်စလုံးက နယ်စပ်တစ်လျှောက် လုံခြုံရေးထိန်းသိမ်းမှုသည် နယ်စပ်ဒေသ စီးပွားရေးနှင့် လူမှုဘဝ တိုးတက်စေရေးအတွက် အရေးပါသည်ဟု တူညီစွာ ရှုမြင်ကြကြောင်း၊ အချုပ်အခြာအာဏာပိုင်မှုနှင့် နယ်မြေတည်တံ့ခိုင်မြဲမှုကို အပြန်အလှန် လေးစားကြောင်းနှင့် သောင်းကျန်းသူများ၏ လှုပ်ရှားမှုများနှင့် အကြမ်းဖက်မှုအန္တရာယ်ကို ဆန့်ကျင်တိုက်ဖျက်သွားကြရန် ကတိကဝတ်ပြုကြောင်း ထပ်လောင်းပြောကြားခဲ့ပါသည်။ နယ်စပ်တစ်လျှောက် နေထိုင်သူများ၏ဘဝသာယာဝပြောစေရေးအတွက် တစ်နိုင်ငံအနေဖြင့် အခြားနိုင်ငံအား ဆန့်ကျင်သည့် လှုပ်ရှားမှုများ ပြုလုပ်ရေးအတွက် သောင်းကျန်းသူများအား မိမိတို့၏ ပိုင်နက်နယ်မြေကို အသုံးပြုခွင့်မပြုကြရန် ကာလရှည်ကြာစွာ နှစ်နိုင်ငံအကြားထားရှိခဲ့သည့် ကတိပြုမှုကို နှစ်ဖက်စလုံးမှ သဘောတူညီခဲ့ကြပါသည်။ နှစ်နိုင်ငံ နယ်စပ်လုံခြုံစေရန် ရည်ရွယ်၍ နှစ်နိုင်ငံ နယ်ခြားစောင့်တပ်ဖွဲ့များအကြား ပူးပေါင်းဆောင်ရွက်ရန်နှင့် သတင်းအချက်အလက်ဖလှယ်ရေးအတွက် ဆက်လက်ပူးပေါင်းညှိနှိုင်းဆောင်ရွက်သွားကြရန် သဘောတူညီခဲ့ကြပါသည်။ သက်ဆိုင်ရာ နယ်စပ်လုံခြုံရေးတပ်ဖွဲ့များအကြား ဆွေးနွေးမှုများ အရှိန်မြှင့်ဆောင်ရွက်ရန်အတွက်လည်း နှစ်ဖက်စလုံးမှ သဘောတူညီခဲ့ကြပါသည်။

၁၁။ နှစ်ဖက်စလုံးမှ နှစ်နိုင်ငံအကြား သဘောတူသတ်မှတ်ထားပြီးဖြစ်သော နယ်နိမိတ်မျဉ်းကြောင်းအား အပြန်အလှန် လေးစားကြောင်းဖော်ပြခဲ့ကြပြီး နှစ်နိုင်ငံအကြား အထူးသဖြင့် ဖြေရှင်းရန်ကျန်ရှိနေသည့် နယ်နိမိတ်သတ်မှတ်ရေးကိစ္စရပ်များအား လက်ရှိအစည်းအဝေးယန္တရားများဖြင့် ဆောလျင်စွာ ဖြေရှင်းကြရန် လိုအပ်ကြောင်း အလေးပေး ပြောကြားခဲ့ကြပါသည်။

၁၂။ နှစ်ဖက်အကျိုးစီးပွားအတွက် ပြည်သူများအနေဖြင့် စီးပွားရေး၊ ခရီးသွားလုပ်ငန်းနှင့် အခြားသော အကြောင်းရင်းများဖြင့် ကုန်းလမ်းကြောင်းများမှတစ်ဆင့် လွယ်ကူချောမွေ့စွာ ပုံမှန်ဖြတ်သန်းသွားလာနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးရမည်ကို နားလည်ကြသည့်အလျောက် နှစ်ဖက်လုံးမှ တမူး-မိုးရေး၊ ရိဒ်-ဇိုခေါတာ နယ်စပ်ဖြတ်သန်းသည့် ဂိတ်များတွင် လူဝင်/လူထွက် စိစစ်ရေးရုံးများကို ဆောလျင်စွာ ထူထောင်ရန်အတွက် သံတမန်လမ်းကြောင်းမှတစ်ဆင့် အသေးစိတ်ညှိနှိုင်းရန် သဘောတူညီခဲ့ကြပါသည်။

၁၃။ နှစ်ဖက်လုံးမှ နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုအား အပြည့်အဝ ဆောင်ရွက်နိုင်သော အခြေအနေသို့ ရောက်ရှိစေရန်အတွက် ကုန်သွယ်မှုနှင့် စီးပွားကူးသန်းရောင်းဝယ်မှုတို့တွင် အတားအဆီးများအား ဖယ်ရှားရန် သဘောတူညီခဲ့ကြပါသည်။ နှစ်နိုင်ငံကုန်သွယ်ရေး ပူးတွဲကော်မတီ၊ နယ်စပ်ကုန်သွယ်ရေးနှင့် နယ်စပ်ဈေးများဆိုင်ရာ ပူးတွဲလုပ်ငန်းအဖွဲ့များနှင့် မီးရထားနှင့် ရေကြောင်းဆိုင်ရာ ပူးတွဲလုပ်ငန်းအဖွဲ့များ အစည်းအဝေးများအား ဆောလျင်စွာ ကျင်းပရန် သဘောတူညီခဲ့ကြပါသည်။ ရေနံဓာတုနှင့် ရေနံထွက်ကုန်များ ရောင်းချရေးဆိုင်ရာ အခြေခံအဆောက်အအုံနှင့် LPG terminals များ တည်ဆောက်ရာတွင် ယှဉ်ပြိုင်ဆောင်ရွက်ရသည့် တင်ဒါများတွင် အိန္ဒိယကုမ္ပဏီများပါဝင်ရန်အတွက် ဖိတ်ကြားလိုကြောင်း မြန်မာဘက်မှ ထပ်လောင်းပြောကြားခဲ့ပါသည်။

၁၄။ ပင်လယ်သမုဒ္ဒရာအခြေပြု အပြာရောင်စီးပွားရေး (Blue Economy) တိုးတက်ရေးနှင့် ဘင်္ဂလားပင်လယ်အော်တွင် ပင်လယ်ရေကြောင်း ပူးပေါင်းဆောင်ရွက်မှုနှင့် အနာဂတ်ပူးပေါင်းဆောင်ရွက်မှုများအတွက် နည်းလမ်းများ ချမှတ်ရန်အတွက် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း နှစ်ဖက်စလုံးက သဘောတူညီခဲ့ကြပါသည်။

၁၅။ နှစ်ဖက်လုံးမှ အိန္ဒိယအစိုးရ၏ နည်းပညာနှင့် ငွေကြေးပံ့ပိုးမှုများဖြင့် ဆောင်ရွက်နေသည့် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှု စတင်ဆောင်ရွက်နေခြင်းများအား ပြန်လည်သုံးသပ်ခဲ့ကြပြီး လမ်းပန်းဆက်သွယ်မှုအဆင့်မြှင့်တင်ခြင်း၊ လူ့အရည်အသွေးမြှင့်တင်ခြင်း၊ စိုက်ပျိုးရေး၊ ပညာရေးဆိုင်ရာ အခြေခံအဆောက်အအုံ၊ ကျန်းမာရေးစောင့်ရှောက်မှု၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာနှင့် စက်မှုသင်တန်း အပါအဝင် အခြားသင်တန်းအစီအစဉ်များသည် ပြည်သူများ၏ လူနေမှုဘဝအဆင်ပြေစေရေးနှင့် တိုက်ရိုက်ဆက်နွှယ်နေသဖြင့် အဆိုပါ နယ်ပယ်များအား အရှိန်တိုးမြှင့်ဆောင်ရွက်ရန် သဘောတူညီခဲ့ကြပါသည်။

၁၆။ အိန္ဒိယနိုင်ငံအနေဖြင့် မြန်မာနိုင်ငံတွင် ပဲမျိုးစုံ သုတေသနပြုရေးအတွက် ပဲအမျိုးအစားများ တိုးတက်စေရေး၊ စိုက်ပျိုးရေးနည်းလမ်းများနှင့် ပဲမျိုးစုံဝယ်ယူပေးရေးတို့တွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ခြင်းဖြင့် ပံ့ပိုးပေးရန် ဆန္ဒရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့ပါသည်။ ပဲမျိုးစုံ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပဲမျိုးစေ့ထုတ်လုပ်ရေးဗဟိုဌာန ထူထောင်ရေးဆိုင်ရာ စီမံကိန်းအဆိုပြုချက်အား မကြာမီ အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၁၇။ လျှပ်စစ်ဆိုင်ရာ အခြေခံအဆောက်အအုံ၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းနှင့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်မှုတို့သည် လူမှု-စီးပွားရေးတိုးတက်မှုကို အကျိုးဖြစ်ထွန်းစေမည်ဖြစ်ရာ အိန္ဒိယနိုင်ငံအနေဖြင့် လျှပ်စစ်ဓာတ်အား ပံ့ပိုးပေးရေးအတွက် မြန်မာအစိုးရမှ ရွေးချယ်ဖော်ထုတ်ထားသည့် စီမံကိန်းများကို ခိုင်မာစေရန် ကူညီပံ့ပိုးပေးမည် ဖြစ်ပါသည်။ ထို့ကြောင့် နှစ်ဖက်စလုံးမှ မြန်မာ-အိန္ဒိယ လျှပ်စစ်ဓာတ်အားကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးနိုင်မှုအပေါ် ကျေနပ်အားရကြောင်း ဖော်ပြခဲ့ပါသည်။

၁၈။ နည်းပညာဆိုင်ရာ သရုပ်ပြရှေ့ပြေးစီမံကိန်းတစ်ခုအဖြစ် စွမ်းအင်သုံးစွဲမှုနည်းသည့် LED အခြေပြု လျှပ်စစ်မီးလုံး ပံ့ပိုးတပ်ဆင်ပေးရေးစီမံကိန်းတစ်ခုအား မြန်မာနိုင်ငံတွင် ဆောင်ရွက်ရန် ဝန်ကြီးချုပ်မိုဒီ၏ ကြေညာမှုကို မြန်မာနိုင်ငံက ကြိုဆိုပါသည်။ နှစ်ဖက်လုံးမှ စီမံကိန်းဆောင်ရွက်မည့်နေရာရွေးချယ်ရေးကို အိန္ဒိယနိုင်ငံ၊ မြန်မာနိုင်ငံနှင့် သက်ဆိုင်ရာ ဒေသအစိုးရတို့အကြား ညှိနှိုင်းဆောင်ရွက်ရန် သဘောတူညီခဲ့ပါသည်။

၁၉။ အိန္ဒိယနိုင်ငံအနေဖြင့် ရဲတပ်ဖွဲ့ဝင်များ၏ အရည်အသွေးမြှင့်တင်ရေးနှင့် လေ့ကျင့်ရေး အခြေခံအဆောက်အအုံများ အဆင့်မြှင့်တင်ရန် လိုအပ်မှုကို အသိအမှတ်ပြုသည့်အလျောက် ရဲလေ့ကျင့်ရေး အခြေခံအဆောက်အအုံ ဆောက်လုပ်ပေးခြင်းနှင့် သိပ္ပံနည်းကျ အမှုအခင်းများ စစ်ဆေးခြင်းနှင့် ဆိုက်ဘာလုံခြုံရေးတို့အပါအဝင် လေ့ကျင့်ရေးသင်ရိုးများ ရေးဆွဲရန် အတွေ့အကြုံများ မျှဝေခြင်းအား မြန်မာနိုင်ငံသို့ ပံ့ပိုးပေးရန် သဘောတူညီခဲ့ပါသည်။ ရမည်းသင်းအမျိုးသမီး ရဲလေ့ကျင့်ရေးဗဟိုဌာနအား သင့်လျော်သည့် စံနှုန်းများ၊ ပတ်ဝန်းကျင်၊ အခြေခံအဆောက်အအုံနှင့် သင်ကြားရေးပစ္စည်းများ ပံ့ပိုးပေးခြင်းဖြင့် အကောင်းဆုံးဗဟိုဌာနတစ်ခုအဖြစ်သို့ ဖွံ့ဖြိုးတိုးတက်လာစေမည် ဖြစ်ပါသည်။

၂၀။ မြန်မာဘက်မှ အိန္ဒိယအစိုးရ၏ မြန်မာနိုင်ငံစီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်ရန် ကြိုးပမ်းမှုများအတွက် ကူညီထောက်ပံ့ပေးမှုများအတွက် ကျေးဇူးတင်ရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့ပါသည်။

၂၁။ အိန္ဒိယဘက်မှ မြန်မာနိုင်ငံခြားရေးဝန်ထမ်းများအတွက် အရည်အသွေးမြှင့်တင်ရေးဆိုင်ရာ သံတမန်သင်တန်းများ ပိုမိုပံ့ပိုးပေးရန်နှင့် ရန်ကုန်မြို့တွင် သံတမန်သင်တန်းကျောင်းတစ်ခု ပေါ်ထွန်းစေရေးအတွက် မြန်မာနိုင်ငံ၏ ကြိုးပမ်းမှုကို အကူအညီပေးရန် သဘောတူညီခဲ့ပါသည်။

၂၂။ နှစ်ဖက်လုံးမှ နှစ်နိုင်ငံအကြား ကဏ္ဍစုံ ဆက်ဆံရေး ပိုမိုတိုးချဲ့ရန်နှင့် ပူးပေါင်းဆောင်ရွက်ရန် နည်းလမ်းများအား ရှာဖွေရန်အတွက် ထင်ပေါ်ကျော်ကြားသူများအဖွဲ့ကို ထူထောင်ရန် သဘောတူညီခဲ့ကြပါသည်။ အဖွဲ့ထူထောင်ခြင်းနှင့် ဆောင်ရွက်ခြင်းဆိုင်ရာ သတ်မှတ်ချက်များကို တစ်ဆက်တစ်စပ်တည်း အကောင်အထည်ဖော် ဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့ပါသည်။

၂၃။ ဒေသဆိုင်ရာနှင့် အပြည်ပြည်ဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ နှစ်ဖက်ခေါင်းဆောင်များက ကမ္ဘာ့ရေးရာကိစ္စရပ်များနှင့် ၎င်းတို့၏ အကျိုးဆက်များအပေါ် သဘောထားအမြင်တွင် တူညီမှုများကို သတိပြုမှတ်သားခဲ့ကြပါသည်။ နှစ်ဖက်လုံးမှ ကုလသမဂ္ဂ လုံခြုံရေးကောင်စီအား ဆောလျင်စွာ ပြုပြင်ပြောင်းလဲ ပြင်ဆင်ဖွဲ့စည်းရန် လိုအပ်ကြောင်း အလေးပေးပြောကြားခဲ့ကြပါသည်။ ပြင်ဆင်တိုးချဲ့ ဖွဲ့စည်းမည့် ကုလသမဂ္ဂတွင် အမြဲတမ်းအဖွဲ့ဝင်နိုင်ငံဖြစ်လာစေရေးအတွက် အိန္ဒိယနိုင်ငံ၏ ကြိုးပမ်းမှုကို အားပေးထောက်ခံကြောင်း မြန်မာနိုင်ငံက ထပ်လောင်းပြောကြားခဲ့ပါသည်။

၂၄။ မကြာသေးမီက ဂိုအာမြို့တွင် BRICS-BIMSTEC Outreach ထိပ်သီးညီလာခံကို အိန္ဒိယနိုင်ငံက အောင်မြင်စွာ အိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်ခဲ့မှုအတွက် မြန်မာနိုင်ငံက ချီးကျူးဂုဏ်ပြုခဲ့ပါသည်။ နှစ်ဖက်လုံးမှ ယင်းညီလာခံတွင် အပြီးသတ်ခဲ့သော ဆွေးနွေးမှုများကို မှတ်သားခဲ့ကြပြီး ဘင်းမ်စတက်မူဘောင်အတွင်း ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု အထူးသဖြင့် ကုန်သွယ်မှု၊ ပို့ဆောင်ရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စွမ်းအင်နှင့် အကြမ်းဖက်တိုက်ခိုက်မှုကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရန် တူညီသည့် ကတိပြုမှုကို ဖော်ပြကြပါသည်။

၂၅။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က အိန္ဒိယသမ္မတအား ၎င်းနှင့် ကိုယ်စားလှယ်အဖွဲ့အား နွေးထွေးကြိုဆိုဧည့်ဝတ်ကျေပွန်ခဲ့မှုနှင့် အထူးသဖြင့် တည်းခိုရန် သမ္မတအိမ်တော်တွင် စီစဉ်ပေးခဲ့မှုများအတွက် ကျေးဇူးတင်ရှိခဲ့ပါသည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က အိန္ဒိယဝန်ကြီးချုပ်အား ၎င်းနှင့် ကိုယ်စားလှယ်အဖွဲ့အား အိန္ဒိယနိုင်ငံခရီးစဉ်အတွင်း အထူးဧည့်ဝတ်ကျေပွန်မှုများအတွက် ကျေးဇူးတင်ရှိခဲ့ပါသည်။

၂၆။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က အိန္ဒိယဝန်ကြီးချုပ်အား နှစ်ဖက်အဆင်ပြေသည့် နေ့ရက်များတွင် မြန်မာနိုင်ငံသို့လာရောက်လည်ပတ်ရန် ဖိတ်ကြားခဲ့ပြီး ဖိတ်ကြားမှုကို အိန္ဒိယဝန်ကြီးချုပ်က လက်ခံခဲ့ပါသည်။ ခရီးစဉ်အတွက် နေ့ရက်များအား နှစ်ဖက်သံတမန်လမ်းကြောင်းမှတစ်ဆင့် ညှိနှိုင်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။

# နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးအပြည့်အဝ ဆောင်ရွက်ပေးထား နေရပ်ပြန်မည်ဆိုပါက အဆင်ပြေချောမွေ့စွာပြန်နိုင်ရန် စီစဉ်ဆောင်ရွက်ပေးသွားမည်

**စစ်တွေ အောက်တိုဘာ ၁၉**

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ ဒေါက်တာဝင်းမြတ်အေး၊ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် အဖွဲ့ဝင်များသည် ယနေ့ နံနက် ၁၀ နာရီတွင် စစ်တွေမြို့ ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ စစ်တွေမြို့ရှိနိုင်ငံရေးပါတီများနှင့် လူမှုကွန်ရက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် ဆောင်ရွက်ထားရှိမှုအခြေအနေ၊ ကြောက်ရွံ့ထိတ်လန့်မှုကြောင့် နေရပ်မှခေတ္တစွန့်ခွာလာသူများအား စောင့်ရှောက်ထားရှိမှုအခြေအနေနှင့် ၎င်းတို့နေရပ်သို့ ပြန်နိုင်ရေးအတွက် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ လုံခြုံရေးဆောင်ရွက်နေမှုအခြေအနေများကို ဆွေးနွေးချပြခဲ့ပြီး နိုင်ငံရေးပါတီများနှင့် လူမှုအဖွဲ့အစည်းများမှ နိုင်ငံတော်အစိုးရ၏ လက်ရှိဆောင်ရွက်နေမှုများကို အဖွဲ့အစည်းများအားလုံး ပူးပေါင်းဆောင်ရွက်စေလိုကြောင်း ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စစ်တွေမြို့ စက်ရုံစုရပ်ကွက်ရှိ ဓမ္မာရာမကျောင်းတိုက်နှင့် ကုန်တန်းရပ်ကွက်ရှိ ဘုရားများသိမ်တို့တွင် မောင်တောမြို့နယ်အတွင်းရှိ ကျေးရွာများမှ ရောက်ရှိလာသည့် နေရပ်မှခေတ္တစွန့်ခွာလာသူများအား တွေ့ဆုံအားပေးစကားပြောကြားပြီး ဆန်၊ ဆီ၊ စားသောက်ကုန်ပစ္စည်းများကို ထောက်ပံ့ပေးအပ်ခဲ့သည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့က မောင်တော၊ ဘူးသီးတောင်မြို့နယ်များအား တပ်မတော်၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့တို့မှ နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးအပြည့်အဝ ဆောင်ရွက်ပေးနေကြောင်း၊ လုံခြုံရေးအပြည့်အဝ ဆောင်ရွက်ထားရှိမှုကြောင့် တည်ငြိမ်အေးချမ်းနေပြီဖြစ်ပါကြောင်း၊ နေရပ်မှခေတ္တစွန့်ခွာလာသူများအနေဖြင့် မိမိတို့နေရပ်ပြန်မည်ဆိုပါက အဆင်ပြေချောမွေ့စွာပြန်နိုင်ရန် လုံခြုံရေးအပြည့်အဝ စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ လတ်တလော စားနပ်ရိက္ခာများ၊ လိုအပ်ချက်များဖြည့်ဆည်းပေးမည်ဖြစ်ပါကြောင်း၊ ထို့ပြင် နေရပ်မပြန်လိုသေးဘဲ မိမိတို့ရပ်ရွာနှင့် နီးသည့် ယာယီအခြေစိုက်စခန်းများတွင် ခေတ္တနေထိုင်လိုပါကလည်း စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**(သတင်းစဉ်)**

# သတင်းအချက်အလက်ရယူခြင်းနှင့် ပတ်သက်သော စိန်ခေါ်မှုများ အလုပ်ရုံဆွေးနွေးပွဲကျင်းပ



**နေပြည်တော် အောက်တိုဘာ ၁၉**

သတင်းအချက်အလက်ရယူခြင်းနှင့် ပတ်သက်သော စိန်ခေါ်မှုများ အလုပ်ရုံဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က သတင်းသမားတစ်ဦးအနေဖြင့် သူများမသိသေးသည်ကို သိအောင်လုပ်နိုင်လျှင် အောင်မြင်မှုပင်ဖြစ် ကြောင်း၊ ထို့ကြောင့် သတင်းသမားက သတင်းကို ရနိုင် သမျှ စုဆောင်းမည်ဖြစ်ပြီး ပြည်သူကို သတင်းပေးမည် ဖြစ်ကြောင်း၊ သတင်းသမားသည် သတင်းနှင့်ပတ်သက်၍ မည်သည့်အခါမျှ မတင်းတိမ်ကြောင်း၊ မိမိတို့အစိုးရဌာန ဆိုင်ရာများအနေဖြင့်လည်း အများပြည်သူကို သတင်းအချက်အလက်များပေးရန် တာဝန်ရှိကြောင်း၊ သတင်းသမားများအနေဖြင့် မဏ္ဍိုင်သုံးရပ်ကို ထောက်ပြဝေဖန် နိုင်ရန် မိမိတို့၏ အားနည်းချက်များကိုလည်း ဖော်ထုတ်ရန်ကြိုးစားမည်ဖြစ်ကြောင်း၊ မိမိတို့၏ အားသာချက်မှာ အချက်အလက်များကို စုဆောင်းထားပြီး မိမိတို့ပြောလိုသည့်အချက်များ၊ ပေးလိုသည့်သတင်းစကားများကို မေးမြန်းချိန်တွင် ထည့်သွင်းပြောဆိုနိုင်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းမှ ညနေပိုင်းအထိ ပြန်ကြားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပစဉ်ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

အဆိုပါအခမ်းအနားသို့ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ်ရုံးနှင့် ဝန်ကြီးဌာနများမှ ပြောရေးဆိုခွင့်ရပုဂ္ဂိုလ်များ၊ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီမှ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးများနှင့် ကောင်စီဝင်များ တက်ရောက်ကြသည်။

ယနေ့ပြုလုပ်သည့်အခမ်းအနားတွင် ရလဒ် ၂၁ ချက်ကို ထုတ်ပြန်ခဲ့သည်။ အဆိုပါ အချက်များမှာ ပြောရေးဆိုခွင့်ပုဂ္ဂိုလ်များအနေဖြင့် ဌာနတစ်ခုလုံး၏ ဆောင်ရွက်ချက်၊ အချက်အလက်များကို သိရှိထားရန်၊ သတင်းမီဒီယာများအနေဖြင့် ပြောသည့်အတိုင်းမဟုတ်ဘဲ လိုချင်သည့်အပိုင်းကို ဖြတ်ယူပြီး သတင်းဖတ်သူအနေဖြင့် အဓိပ္ပာယ်ကောက်လွဲနိုင်သည့် ရေးသားခြင်းမျိုး မပြုလုပ်ရန်၊ အစိုးရအဖွဲ့နှင့် မီဒီယာအကြား ယုံကြည်မှုတည်ဆောက်ရန်၊ ဝန်ကြီးဌာနများက ပြုလုပ်သည့် အစည်းအဝေး၊ ဆွေးနွေးပွဲ၊ ပြည်ပဧည့်သည်များနှင့် တွေ့ဆုံပွဲများတွင် ခန်းမအခြေအနေ၊ လုံခြုံမှုအရ မီဒီယာသမား ကန့်သတ်မှုများကို ညှိနှိုင်းဖြေရှင်းပေးရန်၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများ၏ website များတွင် မီဒီယာသမားများ မေးတတ်သည့် သတင်းမျိုးကို အချိန်နှင့် တစ်ပြေးညီ တင်ပေးထားရန်၊တရားလွှတ်တော်ချုပ်နှင့် တရားရုံးတိုင်းတွင် တရားဝင်သတင်းထောက်များ ခန့်အပ်ပေးရေး အစည်းအဝေးတက်ရောက်လာသူမှတစ်ဆင့် သက်ဆိုင်ရာဌာနအကြီးအကဲများသို့ ကြိုတင်တင်ပြပေးရန်၊ ပြည်သူများ သိသင့်သည့်သတင်းများအား အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးရန်၊ တရားရုံးပရဝဏ်အတွင်းတွင် အမှုစွပ်စွဲသူနှင့် စွပ်စွဲခံရသူတို့ကို တွေ့ဆုံမေးမြန်းခြင်း ပြုလုပ်လိုပါက ရုံးအကြီးအကဲ၏ ခွင့်ပြုချက် ရယူဆောင်ရွက်ရန်စသည့် အချက်များပါဝင်သည်။

**(သတင်းစဉ်)**

# မီဒီယာနဲ့ အာဏာပိုင်အဖွဲ့အစည်းတွေကြားမှာ ဆက်ဆံရေးဟာ ကောင်းမွန်ဖို့လိုအပ်ပါတယ် အစိုးရဌာနတွေမှာလည်း သူ့အခက်အခဲနဲ့သူရှိပါတယ်၊ မီဒီယာပိုင်းမှာလည်း အားနည်းချက်တွေရှိပါတယ်

**နေပြည်တော် အောက်တိုဘာ ၁၉**

သတင်းအချက်အလက်ရယူခြင်းနှင့် ပတ်သက်သော စိန်ခေါ်မှုများ အလုပ်ရုံဆွေးနွေးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

သတင်းရယူရာတွင် တွေ့ကြုံနေရသည့် အခက်အခဲများ၊ ဖြေရှင်းရမည့် နည်းလမ်းများနှင့်စပ်လျဉ်း၍ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီမှ တာဝန်ရှိသူတချို့နှင့် ဝန်ကြီးဌာနများမှ ပြောရေးဆိုခွင့်ရပုဂ္ဂိုလ်အချို့တို့၏ အမြင်များအား ဖော်ပြလိုက်ပါသည်-

**ဦးဟန်ညွန့်(ဦးဟန်ညွန့်-ဥပဒေ) မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဝင်**

ဝန်ကြီးဌာနအတော်များများနဲ့ သတင်းမီဒီယာလောက လုံးဝအခက်အခဲ ရှိတာတွေ တချို့ရှိတယ်။ တချို့အဆင်ပြေတာတွေ ရှိတယ်။ အဓိက ပြောချင်တာကတော့ သတင်းမီဒီယာနဲ့ ဝန်ကြီးဌာနအချို့ဟာ သတင်းမီဒီယာဥပဒေကို သေသေချာချာ နားလည်ထားဖို့ လိုအပ်တယ်လို့ ပထမဦးဆုံး ပြောချင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သတင်းမီဒီယာဥပဒေမှာ တိတိကျကျ ရေးထားတယ်။ အများပြည်သူရဲ့ သတင်းသိပိုင်ခွင့်ကို ဥပဒေအရ ပေးကိုပေးရမယ်။ ပေးပုံပေးနည်းတွေကိုလည်း နည်းဥပဒေမှာ ဖော်ပြထားတယ်။ နံပါတ်တစ် အများကို တင်ပြချင်တဲ့အချက်ကတော့ သတင်းမီဒီယာဥပဒေ၊ နည်းဥပဒေ၊ နိုင်ငံတော်က ပြဋ္ဌာန်းပြီးသားဖြစ်တဲ့ ဥပဒေတွေကို တိတိကျကျ လေ့လာကြပါ။ တိတိကျကျ မလေ့လာဘူးဆိုရင်တော့ ဥပဒေနဲ့အညီ လုပ်နိုင်ဖို့အတွက် အခက်အခဲ ဖြစ်ပါလိမ့်မယ်။

ဥပဒေအတိုင်း ဆောင်ရွက်သွားမယ်ဆိုရင် အားလုံး အဆင်ပြေသွားမယ်။ နိုင်ငံတော်လျှို့ဝှက်ချက်ဥပဒေတွေကို ဆန့်ကျင်ပြီးတော့ ဖြေမိရင် မှားမယ်လို့ တင်ပြတာရှိပါတယ်။ အစိုးရလျှို့ဝှက်ချက် ဥပဒေဆိုတာက လျှို့ဝှက်ချက်တွေကို တားမြစ်ထားတာမှန်ပါတယ်။ ဒါပေမယ့် အဲဒီဥပဒေနဲ့ သတင်းမီဒီယာဥပဒေနဲ့က မကွဲလွဲဘူး၊

**မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ဒုတိယဥက္ကဋ္ဌ ဦးအောင်လှထွန်း**



ဦးဟန်ညွန့်(ဦးဟန်ညွန့်-ဥပဒေ)



ဦးမောင်မောင်တင့်



ဦးမြင့်ကျော်



ဦးအောင်ဆန်းဝင်း



ဦးအောင်လှထွန်း

မဆန့်ကျင်ဘူး။ ဘာ့ကြောင့်လဲ သတင်းမီဒီယာဥပဒေမှာကိုက ဘယ်လိုဖော်ပြထားသလဲဆိုရင် လျှို့ဝှက်ချက်များမှအပ အများပြည်သူ ပြောလို့ရတဲ့သတင်းကို ပြောပါလို့ ဥပဒေက ရေးထားတယ်။ ဒါကြောင့် အစိုးရလျှို့ဝှက်ချက်ဥပဒေကို မဆန့်ကျင်ဘူး။

**ဦးမောင်မောင်တင့် (ညွှန်ကြားရေးမှူးချုပ်) စီမံကိန်းရေးဆွဲရေးဦးစီးဌာန စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန**

ဒီလိုဆွေးနွေးလိုက်ခြင်းအားဖြင့် သတင်းသမားတွေကလည်း ကျွန်တော်တို့ ဝန်ကြီးဌာနတွေမှာ ဘယ်လိုအခက်အခဲတွေရှိတယ်။ ဘယ်လိုအခြေအနေတွေနဲ့ ပူးပေါင်းဆောင်ရွက်တယ်ဆိုတာကို ပိုပြီးသဘောပေါက်သွားမယ်။ အစိုးရဌာနဆိုင်ရာတွေဘက်ကလည်း သတင်းသမားတွေနဲ့ ဆက်ဆံတဲ့အခါမှာ သူတို့တွေနဲ့ ဘယ်လို ပူးပေါင်းဆောင်ရွက်သင့်သလဲ၊ ဘယ်လိုကိစ္စရပ်တွေမှာ ဘယ်လိုညှိနှိုင်း ဆောင်ရွက်သင့်သလဲဆိုတာကို တစ်ယောက်နဲ့တစ်ယောက် ပိုပြီး နားလည်မှုရရှိလာတယ်လို့ သဘောပေါက်ပါတယ်။ အခုကတော့ သတင်းသမားနဲ့ အစိုးရဝန်ကြီးဌာနတွေနဲ့ သတင်းနဲ့ပတ်သက်ပြီး ပူးပေါင်းဆောင်ရွက်မယ်ဆိုတာကို အကုန်လုံးက သဘောတူပါတယ်။ ဒါပေမယ့် ပူးပေါင်းဆောင်ရွက်တဲ့အခါမှာ လုပ်ထုံးလုပ်နည်းတွေပေါ့။ ဘယ်လိုနည်းနဲ့ ချဉ်းကပ်မယ်။ ဘယ်လိုနည်းနဲ့ ဖြေကြားမယ်။ ဘယ်လိုနည်းနဲ့ ပူးပေါင်းဆောင်ရွက်မယ်ဆိုတာကို တစ်စထက်တစ်စ ပိုပြီးတော့ ကောင်းကောင်းမွန်မွန် ရလဒ်တွေထွက်လာမယ်လို့ ထင်ပါတယ်။

**ဦးမြင့်ကျော် ပြန်ကြားရေးမှူး မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ**

ဝန်ကြီးဌာနတွေနဲ့ပတ်သက်လို့ ပြောရေးဆိုခွင့်ရှိသူတွေ၊ ပုဂ္ဂိုလ်တွေရဲ့ အဆက်အသွယ်တွေ ကြေညာထားတယ်။ တကယ်ဆက်သွယ်တဲ့အခါ တစ်ခါတလေ ခက်ခဲတာတွေ၊ တစ်ခါတလေ ဖုန်းအဆက်အသွယ်မရတာတွေ၊ သူတို့မှာလည်း အခက်အခဲတွေရှိတယ်။ ဖုန်းကိုင်သော်လည်း အချက်အလက် ချက်ချင်းမရဘူး။ နောက်နေ့သတင်းထုတ်ဖို့ အခက်အခဲတွေရှိတယ်။ တစ်ခါတလေမှာ ဝင်ခွင့်ကိစ္စပေါ့။ နောက်တစ်ခုက သတင်းစာရှင်းလင်းပွဲတွေမှာ အရေအတွက် သတ်မှတ်တာတို့၊ တစ်ခါတလေ သတင်းစာရှင်းလင်းပွဲမှာ ဝင်ခွင့်ရဖို့၊ နိုင်ငံတကာ ဧည့်သည်တို့ ကိစ္စမျိုးမှာ ဘယ်သူ့ကို ဆက်သွယ်ရမယ်။ ဘယ်ဝန်ကြီးဌာနကို ဆက်သွယ်ရမယ်။ ကြိုပြီးမသိနိုင်တဲ့ကိစ္စပေါ့။ အဲဒီအခက်အခဲတွေ အဲဒါတွေ ဆွေးနွေးကြတယ်။ တင်ပြကြတယ်။ ဝန်ကြီးဌာနက အခက်အခဲတွေက ဘာတွေလဲဆိုတော့ ဒီတာဝန်ပေးထားသော်ငြားလည်း တာဝန်တွေများပြီး အစည်းအဝေးတက်ရတာတို့၊ အခမ်းအနားတက်နေရတာတို့ အဲဒါမျိုးတွေရှိတယ်။ ပြောရေးဆိုခွင့်ရှိသူ ပေးထားပေမယ့်လို့အဆင့်တူတဲ့ ဥပမာအခြားသောဌာန ညွှန်ချုပ်တွေရှိတယ်။

သတင်းအချက်အလက်တွေကိုရဖို့ သူတို့က ခက်ခဲတဲ့အပိုင်းတွေလည်း ရှိတယ်။ အဲဒီဟာတွေ နားလည်လာတယ်။ ဘယ်လိုမျိုး မီဒီယာနဲ့ ဆက်ဆံရမယ်။ ဘယ်အချက်တွေက ပြောလို့ရတယ်။ ဘယ်အချက်တွေက ပြောလို့ မရဘူးဆိုတဲ့ အဲဒါမျိုးတွေကို သူတို့ ကွဲကွဲပြားပြားရှင်းရှင်း လင်းလင်းသိတဲ့အခါမှာ သူတို့လည်း ပြောရဲ ဆိုရဲရှိလာမယ်။ နောက် ဘယ်လိုဆက်ဆံရမယ်ဆိုတာ သူတို့ နားလည်လာမယ်။ အတွေ့အကြုံရှိလာတဲ့အခါမှာ သူတို့ မီဒီယာကို သိပ်မကြောက်တော့ဘူးပေါ့။ အဲဒါမျိုးတွေရှိတယ်။ အခက်အခဲတွေကို ဘယ်လို ဖြေရှင်းကြမလဲ၊ အဲဒါကို ဆွေးနွေးကြတယ်။ ဆွေးနွေးကြတဲ့အခါမှာ ပထမဆုံး ဘာလုပ်ကြမလဲ၊ နှစ်ဖက်ညှိနှိုင်းပြီး၊ ဆက်သွယ်ပြီး သတင်းစာပညာ မီဒီယာ ဆက်သွယ်ရေးနဲ့ ပတ်သက်လို့ ကျွမ်းကျင်တဲ့သူတွေ အဲဒါမျိုးတွေက သင်တန်းပေးတာတို့၊ ဆွေးနွေးပေးတာတို့ ဒီဘက်က ကူညီနိုင်တဲ့ဟာရှိတာပေါ့။ ဝန်ကြီးဌာနအနေနဲ့ Structure ပိုင်းကို တချို့ပြင်ဆင်တဲ့အပိုင်းကို ပြန်ကြားရေးဝန်ကြီးဌာနက အကြံပေးတာရှိတယ်။ အဲဒါက ဝန်ကြီးဌာနက ရှင်းရမယ့်အပိုင်း။ နှစ်ဖက်ပူးပေါင်းပြီး လုပ်ဆောင်ရမယ့် အပိုင်းတွေ၊ မီဒီယာဘက်မှာလည်း ပြုပြင်ရမယ့်ဟာတွေရှိမယ်။ မီဒီယာဘက်က နားလည်ရမယ့်ဟာတွေရှိမယ်။ အဲဒါတွေ သိလာတဲ့အခါ ဘယ်လိုဟာတွေ ပူးပေါင်းလုပ်ဆောင်ရမယ်။ ဒီဟာတွေက ဒီပွဲရဲ့ ရလဒ်ဖြစ်လာလိမ့်မယ်လို့ ကျွန်တော်ထင်ပါတယ်။

**ဦးအောင်ဆန်းဝင်း ညွှန်ကြားရေးမှူး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန**

သတင်းမီဒီယာသမားတွေက မှန်မှန်ကန်ကန် သတင်းဖော်ပြဖို့လိုပါတယ်။ မသေချာတာ၊ သူ့စိတ်ထဲမှာ သံသယရှိတာကို ကျွန်တော်တို့ဆီ ဆက်သွယ်မေးမြန်းဖို့ လိုပါတယ်။ ကျွန်တော်တို့ကလည်း ဖြေတဲ့အပိုင်းမှာ နှစ်ပိုင်းရှိပါတယ်။ သတ်မှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းနဲ့ညီရင်တော့ ချက်ချင်းဖြေပေးလို့ရပါတယ်။ တချို့ကတော့ ချက်ချင်းမသိနိုင်တာကို ပြန်လည်မေးမြန်းပြီးတော့မှ ဖြေပေးမှာ ဖြစ်ပါတယ်။ ဒီနေ့အစည်းအဝေးမှာ ကျွန်တော်တို့ သိရတာက ၂၄ နာရီအတွင်း ပြန်လည်ဖြေကြားပေးလို့ရတယ်ဆိုသော်လည်း ဒါကို ချိတ်ဆက်ပြီးတော့မေးပေးမှာပဲဖြစ်ပါတယ်။ နောက်ပြီးတော့ သတင်းမီဒီယာသမားတွေကသာ ဥပဒေရှိတယ်။

**စာမျက်နှာ ၁၁ သို့**

# မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ဆက်လက်ကျင်းပ

နေပြည်တော် အောက်တိုဘာ ၁၉

**(၂၂) ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ရေဆင်းတက္ကသိုလ်များနယ်မြေရှိ သတ်မှတ်နေရာအသီးသီး၌ စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပသည်။**

### အဆိုပြိုင်ပွဲ

အဆိုပြိုင်ပွဲ၏ မဟာဂီတပြိုင်ပွဲကိုစိုက်ပျိုးရေး တက္ကသိုလ် စာသင်ခန်းမဆောင် အမှတ်(၅)၌ ကျင်းပရာ **ဝါသနာရှင်အဆင့်(ဒုတိယတန်း)** အမျိုးသားပြိုင်ပွဲတွင် ကယားပြည်နယ်မှ ဦးခင်မောင်လတ်၊ ကရင်ပြည်နယ်မှ မောင်တင်ကိုလွင်၊ မွန်ပြည်နယ်မှ ဦးကျော်သိန်း၊ ရခိုင်ပြည်နယ်မှဦးရဲလင်းကျော်၊ ရှမ်းပြည်နယ်မှဦးအောင်အောင်၊ ရန်ကုန်တိုင်းဒေသကြီးမှ ဦးလေးနိုင်၊ မန္တလေးတိုင်းဒေသကြီးမှ ဦးပြေငြေး၊ မကွေးတိုင်းဒေသကြီးမှ ဦးတင်သောင်း၊ ပဲခူးတိုင်းဒေသကြီးမှ ဦးကျော်လင်းနှင့် ဧရာဝတီတိုင်းဒေသကြီးမှ ဦးကျော်ဇောတို့က **ရွှေဖီဇင်ဂေါ် (ပတ်ပျိုး)** ဖြင့်လည်းကောင်း၊ **အခြေခံပညာအဆင့်**(အသက် ၁၀နှစ်မှ ၁၅နှစ်) အမျိုးသမီးပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ မရွှေစင်ဖြိုး၊ ချင်းပြည်နယ်မှ မအဲလီဇဘတ်၊ မွန်ပြည်နယ်မှ မအေးအေးသက်၊ ရခိုင်ပြည်နယ်မှ မငွေစင်ကြယ်၊ ရှမ်းပြည်နယ်မှ မဖူးပွင့်ခိုင်၊ ရန်ကုန်တိုင်းဒေသကြီးမှ မမေ့ချစ်သက်၊ မန္တလေးတိုင်းဒေသကြီးမှ မနှင်းသက်ဝေ၊ စစ်ကိုင်းတိုင်းဒေသကြီးမှ မသီရိနိုင်၊ မကွေးတိုင်းဒေသကြီးမှ မစုဝတီကျော်၊ ပဲခူးတိုင်းဒေသကြီးမှ မဇာခြည်ဝေ၊ ဧရာဝတီတိုင်းဒေသကြီးမှ မအေးသန္တာစိုးနှင့် တနင်္သာရီတိုင်းဒေသကြီးမှ မဇင်မာသွယ်တို့က **မော်ရုံဟောဝန် (ယိုးဒယား)**ဖြင့် လည်းကောင်း သာယာငြိမ့်ညောင်းသည့် မြန်မာ့ဂီတရသကို ဖော်ကျူးသီဆိုယှဉ်ပြိုင်ကြသည်။

### ကာလပေါ်တေးပြိုင်ပွဲ

ကာလပေါ်တေးပြိုင်ပွဲကို စိုက်ပျိုးရေးတက္ကသိုလ် စာသင်ခန်းမဆောင် အမှတ်(၄)၌ ကျင်းပရာ **ဝါသနာရှင်အဆင့်(ဒုတိယတန်း)** အမျိုးသမီးပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ ဒေါ်ကြည်ကြည်ဝါ၊ ကယားပြည်နယ်မှ ဒေါ်နန်းလှဲ့လှဲ့လွင်၊ ချင်းပြည်နယ်မှ ဒေါ်သက်သက်နိုင်၊ မွန်ပြည်နယ်မှ ဒေါ်အေးအေးသင်း၊ ရခိုင်ပြည်နယ်မှ ဒေါ်စန်းစန်းမြင့်၊ ရှမ်းပြည်နယ်မှ ဒေါ်ဝင်းဝင်းမာ၊ ရန်ကုန်တိုင်းဒေသကြီးမှ ဒေါ်အေးအေးကျော်၊ မန္တလေးတိုင်းဒေသကြီးမှ မလင်းလင်းနွယ်၊ စစ်ကိုင်းတိုင်းဒေသကြီးမှ မနှင်းကျော့ကျော့လှိုင်၊ မကွေးတိုင်းဒေသကြီးမှ ဒေါ်နွယ်နွယ်ဦး၊ ပဲခူးတိုင်းဒေသကြီးမှ ဒေါ်အေးအေးခိုင်၊ ဧရာဝတီတိုင်းဒေသကြီးမှ ဒေါ်ဝင်းဝင်းကြည်ခိုင်နှင့် တနင်္သာရီတိုင်းဒေသကြီးမှ ဒေါ်မာမာစိန် တို့က **ဒေါ်ကြည်အောင်၏ အာရောဂျံ** သီချင်းဖြင့်လည်းကောင်း၊ **အခြေခံပညာအဆင့်** (အသက် ၁၀နှစ် မှ ၁၅နှစ်) အမျိုးသားပြိုင်ပွဲတွင် မွန်ပြည်နယ်မှ မောင်ဝင်းလှိုင်ဦး၊ ရခိုင်ပြည်နယ်မှ မောင်အောင်စံထူး၊ ရန်ကုန်တိုင်းဒေသကြီးမှ ကျော်ဆုဟိန်း၊ မန္တလေးတိုင်းဒေသကြီးမှ မောင်ဝင်းမင်းခန့်၊ စစ်ကိုင်းတိုင်းဒေသကြီးမှ မောင်ဇာတိမာန်၊ ပဲခူးတိုင်းဒေသကြီးမှ မောင်ဟိန်းထက်နိုင်နှင့် တနင်္သာရီတိုင်းဒေသကြီးမှ မောင်ဟန်မိုဦးတို့က **တွံတေးသိန်းတန်၏ အမေ့ပါးကသနပ်ခါး** သီချင်းဖြင့်လည်းကောင်း ဌာန်ကရိုဏ်းကျနစွာဖြင့် သီဆိုယှဉ်ပြိုင်ကြသည်။

### အကပြိုင်ပွဲ

အကပြိုင်ပွဲကို မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် ရွှေရတုခန်းမ၌ ကျင်းပရာ **ဝါသနာရှင်အဆင့်(ဒုတိယတန်း)** အမျိုးသားပြိုင်ပွဲတွင် ကရင်ပြည်နယ်မှ စောဂေဖောင်မော့(ခ)စောလှမြင့်အောင်၊ မွန်ပြည်နယ်မှ မောင်ချစ်ဥက္ကာ၊ ရခိုင်ပြည်နယ်မှ ဦးလှမောင်ထွန်း၊ ရှမ်းပြည်နယ်မှ ဦးဝင်းဗိုလ်၊ ရန်ကုန်တိုင်းဒေသကြီးမှ ဦးအောင်ဆန်းဦး၊ မန္တလေးတိုင်းဒေသကြီးမှ ဦးအောင်ဇေယျ၊ စစ်ကိုင်းတိုင်းဒေသကြီးမှ မောင်စိုးထက်ပိုင်၊ မကွေးတိုင်းဒေသကြီးမှ ဦးဝိုင်းဇာနည်နှင့် ပဲခူးတိုင်းဒေသကြီးမှ မောင်ဇော်မျိုးအောင် တို့က လည်းကောင်း၊ **အခြေခံပညာအဆင့်**(အသက် ၁၅နှစ်မှ ၂၀နှစ်) အမျိုးသမီးပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ မဝယ်ဝယ်အောင်၊ ကရင်ပြည်နယ်မှ နန်းမြသက်ခိုင်၊ ချင်းပြည်နယ်မှ မဗျက်လေ့ဆုန်၊ ရှမ်းပြည်နယ်မှ မဇင်မာထွေး၊

**စာမျက်နှာ ၁၁ သို့»**


ဝါသနာရှင်အဆင့်(ပထမတန်း) (ကျား)
ပဲခူးတိုင်းဒေသကြီးမှ ဦးစိုးသိမ်း ယှဉ်ပြိုင်စဉ်။


မဟာဂီတ ဝါသနာရှင်အဆင့်(ဒုတိယတန်း) (ကျား)
ကယားပြည်နယ်မှ ဦးခင်မောင်လတ် ယှဉ်ပြိုင်စဉ်။


ဝါသနာရှင်အဆင့်(ဒုတိယတန်း)(ကျား)
မွန်ပြည်နယ်မှ မောင်ချစ်ဥက္ကာယှဉ်ပြိုင်စဉ်။





ဆိုင်းအဖွဲ့လိုက် ဝါသနာရှင်အဆင့်(ပထမတန်း)(ကျား)
မကွေးတိုင်းဒသကြီးမှ ဦးတင်အေးကိုနှင့်အဖွဲ့ ယှဉ်ပြိုင်စဉ်။



အခြေခံပညာအဆင့်(၁၅-၂၀) ကယားပြည်နယ်မှ မောင်သူရအောင်နှင့်အဖွဲ့ ယှဉ်ပြိုင်စဉ်။


အခြေခံပညာအဆင့် (၁၀-၁၅)(မ)
ရှမ်းပြည်နယ်မှ မနန်းစံဟွမ် ယှဉ်ပြိုင်စဉ်။


အဆင့်မြင့်ပညာအဆင့်(မ) စစ်ကိုင်းတိုင်းဒေသကြီးမှ
မဆုသဲဖြူ ယှဉ်ပြိုင်စဉ်။


ကာလပေါ် ဝါသနာရှင်အဆင့်(ဒုတိယတန်း) (မ)
ကချင်ပြည်နယ်မှ ဒေါ်ကြည်ကြည်ဝါ ယှဉ်ပြိုင်စဉ်။


အခြေခံပညာအဆင့် (၁၅-၂၀)(မ)
ကချင်ပြည်နယ်မှ မဝယ်ဝယ်အောင် ယှဉ်ပြိုင်စဉ်။

✪ စာမျက်နှာ ၉ မှ
ကျွန်တော်တို့ ပြောရေးဆိုခွင့်ရှိသူတွေဘက်ကရော ကာကွယ်ဖို့အတွက် ပြဋ္ဌာန်းထားတဲ့ဥပဒေ မရှိဘူးလား၊ အဲဒါတစ်ခုလည်း သိချင်ပါတယ်။ အဲဒါတစ်ခု ဆွေးနွေးချင်ပါတယ်။

**ဦးအောင်လှထွန်း ဒုတိယဥက္ကဋ္ဌ (မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ)**

မီဒီယာကို စတုတ္ထမဏ္ဍိုင်လို့ သတ်မှတ်ထားကြတယ်။ မီဒီယာနဲ့ အာဏာပိုင်အဖွဲ့အစည်းတွေကြားမှာ ဆက်ဆံရေးဟာ ကောင်းမွန်ဖို့ လိုအပ်ပါတယ်။ တစ်ဦးအပေါ် တစ်ဦး၊ တစ်ဦးရဲ့လိုအပ်ချက်၊ တစ်ယောက်ရဲ့ ဆန္ဒကို တစ်ယောက်က နားလည်ဖို့ အရေးကြီးပါတယ်။

မီဒီယာရဲ့သဘောက မြန်ရမယ်၊ မှန်ကန်တိကျရမယ်၊ ဘက်လိုက်မှု ကင်းရမယ်၊ အဲဒါတွေကို ဆောင်ရွက်ဖို့အတွက် အစိုးရအဖွဲ့အစည်းတွေက အကူအညီမပေးရင် မရနိုင်ဘူး၊ ပူးပေါင်းဆောင်ရွက်ဖို့ လိုပါတယ်။ သို့သော် အစိုးရဌာနတွေမှာလည်း သူ့အခက်အခဲနဲ့သူ ရှိပါတယ်။ မီဒီယာပိုင်းမှာလည်း အားနည်းချက်တွေရှိပါတယ်။ အခု ကျွန်တော်တို့နိုင်ငံကိုကြည့်ရင် အစိုးရအဖွဲ့အစည်းဆိုတာကလည်း ဒီမိုကရေစီ ရလာတာကလည်း နှစ်အနည်းငယ်ပဲ ရှိသေးတယ်။ အဲဒီလိုပဲ မီဒီယာကလည်း လွတ်လပ်မှုရလာတာက သိပ်မကြာသေးပါဘူး။ နှစ်ဖက်စလုံးက အတွေ့အကြုံ လိုတယ်။ တစ်ယောက်ရဲ့ အခက်အခဲ၊ တစ်ယောက်ရဲ့ဆန္ဒကို တစ်ယောက် နားလည်ဖို့ လိုတယ်။ အဲဒါကို ညှိနှိုင်းပြီးတော့ သွားပါမယ်။

သဘောတူညီမှုကတော့ အခုလည်း သုံးသပ်နေတုန်းပါပဲ။ ကျွန်တော်တို့ မီဒီယာပိုင်း ဘာလုပ်ချင်တယ်ဆိုတာ ဟိုဘက်က သိသွားပြီ၊ တစ်ဖက်က ဘာလုပ်ပေးနိုင်တယ်ဆိုတာလည်း မီဒီယာပိုင်းက သိပြီးသွားပြီ၊ ဒုတိယပိုင်းမှာ အဲဒီအပေါ်မှာ အခြေခံပြီးတော့ ရှေ့ဆက်ပြီးတော့ ဘယ်လို လုပ်သွားကြမလဲဆိုတာ ဆွေးနွေးကြရမှာပါ။

အဓိကကတော့ မီဒီယာရဲ့ အရေးပါပုံပါ။ ဒီမိုကရေစီလူ့ဘောင်တစ်ခုမှ အရည်အချင်းပြည့်ဝတဲ့ မီဒီယာတစ်ခုရှိဖို့အတွက် အရေးကြီးတယ်ဆိုတာကို အဓိက ပြောသွားတာပါ။ ဒါသိပ်အရေးကြီးတယ်၊ တိုင်းပြည်အတွက်လည်း အရေးကြီးတယ်၊ လူ့ဘောင်အတွက်လည်း အရေးကြီးတယ်။ နောက်တစ်ခုက မီဒီယာရဲ့ အဓိကအချက် သုံးချက်ရှိတယ်။ မြန်ရမယ်၊ သတင်းအချက်အလက် ထုတ်ပြန်တာ မြန်ရမယ်၊ မှန်ကန် တိကျရမယ်၊ ဘက်လိုက်မှု ကင်းရမယ်။ အဲဒီအရည်အချင်းနဲ့ မပြည့်စုံရင် မီဒီယာဟာ သိပ်မထိရောက်ပါဘူး။ အဲလိုမဖြစ်လာဘူးဆိုရင် လူ့ဘောင်အတွက်လည်း မီဒီယာနဲ့က မထိန်းကျောင်းနိုင်တော့ပါဘူး။

ဒီဆွေးနွေးပွဲဟာ အောင်မြင်မှုရရှိပါတယ်။ ဒီတစ်ခါက သူတို့နဲ့ဆွေးနွေးတာဟာ ဒုတိယအကြိမ်မြောက်ဖြစ်ပါတယ်။ တစ်ယောက်နဲ့တစ်ယောက် နားလည်မှု ရရှိသွားပါတယ်။ သူတို့ရဲ့ အခက်အခဲတွေကိုလည်း သိရှိခွင့်ရသွားပါတယ်။ မီဒီယာပိုင်းက လိုအပ်တာတွေကိုလည်း သူတို့အပိုင်းက သိရှိပါတယ်။ အဓိကက တစ်ယောက်နဲ့ တစ်ယောက် ပွင့်ပွင့်လင်းလင်းနဲ့ အမြင်ဖလှယ်ခွင့်ရတာပါပဲ။

**(သတင်းစဉ်-သတင်းအဖွဲ့)**

» စာမျက်နှာ ၁၀ မှ
ရန်ကုန်တိုင်းဒေသကြီးမှ မအေးမြဖြူ၊ မန္တလေးတိုင်းဒေသကြီးမှ မမျိုးသန္တာအောင်၊ စစ်ကိုင်းတိုင်းဒေသကြီးမှ မမဒီမြင့်အောင်၊ မကွေးတိုင်းဒေသကြီးမှ မလင်းလတ်ဖြိုး၊ ပဲခူးတိုင်းဒေသကြီးမှ မကြည်ပြာ၊ ဧရာဝတီတိုင်းဒေသကြီးမှ မခက်ပိုပိုနိုင်၊ တနင်္သာရီတိုင်းဒေသကြီးမှ မလှမြတ်မျိုးအိမ်တို့က လည်းကောင်း၊ **အဆင့်မြင့်ပညာအဆင့်** အမျိုးသမီးပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ မမျိုးသီရိကို၊ ကယားပြည်နယ်မှ မအေးသိမ့်သိမ့်ကျော်၊ ကရင်ပြည်နယ်မှ နန်းစန်းစန်းရီ၊ ချင်းပြည်နယ်မှ မဇာဇာဝင်း၊ ရခိုင်ပြည်နယ်မှ မခင်မာစန်း၊ ရှမ်းပြည်နယ်မှ မဇင်သက်ထား၊ ရန်ကုန်တိုင်းဒေသကြီးမှ မထက်ထက်စံ၊ မန္တလေးတိုင်းဒေသကြီးမှ မသီရိမျိုးစံ၊ စစ်ကိုင်းတိုင်းဒေသကြီးမှ မဖြိုးကျော့ခိုင်၊ ပဲခူးတိုင်းဒေသကြီးမှ မတင်မိုးလွင်၊ ဧရာဝတီတိုင်းဒေသကြီးမှ မရွှေဝင့်ထည်ကိုနှင့် တနင်္သာရီတိုင်းဒေသကြီးမှ မအိန္ဒြေလီသိမ့်တို့က ဆန်းပြားခမ်းနားသည့် ကကွက်များဖြင့် ယှဉ်ပြိုင်ကြသည်။

**အရေးပြိုင်ပွဲ**

အရေးပြိုင်ပွဲ၏ သီချင်းသံစဉ်ကိုက်ညီ လေ့ကျင့်ခြင်းကို စိုက်ပျိုးရေးသုတေသနဦးစီးဌာန သင်တန်းခန်းမ - ၁ ၌ ကျင်းပရာ **ဝါသနာရှင်အဆင့်(ပထမတန်း)**ပြိုင်ပွဲတွင် မွန်ပြည်နယ်မှ ဦးတင်မောင်ငြိမ်း၊ ရခိုင်ပြည်နယ်မှ ဦးဘမင်းသိဏ်း၊ ရှမ်းပြည်နယ်မှ ဦးလှကြိုင်၊ ရန်ကုန်တိုင်းဒေသကြီးမှ ဦးသန်းဝင်း၊ မန္တလေးတိုင်းဒေသကြီးမှ ဦးနိုင်ဝင်း၊ စစ်ကိုင်းတိုင်းဒေသကြီးမှ တက္ကသိုလ်ကိုကိုလင်း၊ မကွေးတိုင်းဒေသကြီးမှ ဦးတင်ထွေး၊ ပဲခူးတိုင်းဒေသကြီးမှ ဦးခင်မောင်ဇော်နှင့် ဧရာဝတီတိုင်းဒေသကြီးမှ ထရမ်းပက်သန်းရှိန်တို့က လည်းကောင်း၊ **အခြေခံပညာအဆင့်** (အသက် ၁၅ နှစ်မှ ၂၀ နှစ်) ပြိုင်ပွဲတွင် ကယားပြည်နယ်မှ မောင်သူရအောင်၊ ရန်ကုန်တိုင်းဒေသကြီးမှ မပိုးသဲငယ်နှင့် တနင်္သာရီတိုင်းဒေသကြီးမှ မောင်ရာဇာတို့ကလည်းကောင်း သံစဉ်ထည့်သွင်း ဖော်ကျူးယှဉ်ပြိုင်ကြသည်။

**အတီးပြိုင်ပွဲ**

အတီးပြိုင်ပွဲ၏ ဆိုင်းအဖွဲ့လိုက်ပြိုင်ပွဲကို သစ်တောသုတေသနဌာနစုဝေးခန်းမ၌ ကျင်းပရာ **အဆင့်မြင့်ပညာအဆင့်** အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ မောင်စိုးထက်နှင့်အဖွဲ့၊ မန္တလေးတိုင်းဒေသကြီးမှ မောင်ဖြိုးကိုကိုနှင့်အဖွဲ့တို့က လည်းကောင်း၊ **ဝါသနာရှင်အဆင့် (ပထမတန်း)** အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ မြန်မာပြည်ပတ္တမြား(ခ) ကျော်ကျော်လင်းအဖွဲ့၊ မန္တလေးတိုင်းဒေသကြီးမှ ဦးအောင်ဆန်းမျိုးနှင့်အဖွဲ့၊ မကွေးတိုင်းဒေသကြီးမှ ဦးတင်အေးကိုနှင့်အဖွဲ့၊ ပဲခူးတိုင်းဒေသကြီးမှ ဦးမြတ်ဇင်အောင်နှင့်အဖွဲ့၊ ဧရာဝတီတိုင်းဒေသကြီးမှ ပတ္တမြားလှိုင်မင်းနှင့်အဖွဲ့တို့က မြိုင်ဆိုင်သွက်လက်သည့် ဆိုင်းလက်သံများဖြင့် အကြိတ်အနယ် တီးခတ်ယှဉ်ပြိုင်ကြသည်။

**စောင်းပြိုင်ပွဲ**

စောင်းပြိုင်ပွဲကို စိုက်ပျိုးရေးတက္ကသိုလ်ပတ္တမြားခန်းမ၌ ကျင်းပရာ **ဝါသနာရှင်အဆင့်(ဒုတိယတန်း)** အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ဦးနိုင်ဝင်း၊ မန္တလေးတိုင်းဒေသကြီးမှ ဦးအောင်ကျော်ဇင်၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ဦးဇော်မင်းအောင်နှင့် မကွေးတိုင်းဒေသကြီးမှ ဦးအောင်သိန်းတို့က **ဥကင်ဘုံမြင့် (ဘွဲ့)** ဖြင့်လည်းကောင်း၊ **အဆင့်မြင့်ပညာအဆင့်** အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ မောင်ခန့်မျိုးနောင်၊ မန္တလေးတိုင်းဒေသကြီးမှ မောင်ဇာနည်လင်း၊ စစ်ကိုင်းတိုင်းဒေသကြီးမှ မောင်ဇော်မင်းစိုးနှင့် ဧရာဝတီတိုင်းဒေသကြီးမှ မောင်လွှမ်းမိုးအောင်တို့က **ရွှန်းရွှန်းမြ (သီချင်းခံ)** ဖြင့်လည်းကောင်း၊ **အဆင့်မြင့်ပညာအဆင့်** အမျိုးသမီးပြိုင်ပွဲတွင် ရှမ်းပြည်နယ်မှ မကြော့ခင်ခင်သန့်၊ ရန်ကုန်တိုင်းဒေသကြီးမှ မစန်းနီလာငြိမ်း၊ မန္တလေးတိုင်းဒေသကြီးမှ မဆုလဲ့လဲ့ဖြိုးနှင့် စစ်ကိုင်းတိုင်းဒေသကြီးမှ မဆုသဲဖြူတို့က **နန်းသီဟိုဠ်(ယိုးဒယား)** ဖြင့်လည်းကောင်း၊ **အခြေခံပညာအဆင့်** (အသက် ၁၀ နှစ်မှ ၁၅ နှစ်) အမျိုးသမီးပြိုင်ပွဲတွင် ချင်းပြည်နယ်မှ မမဏီသာ၊ ရန်ကုန်တိုင်းဒေသကြီးမှ မနှင်းသဲစုလှိုင်၊ မန္တလေးတိုင်းဒေသကြီးမှ မဖြူစင်သွယ်၊ မကွေးတိုင်းဒေသကြီးမှ မခင်လပြည့်ဝန်း၊ ပဲခူးတိုင်းဒေသကြီးမှ မနန်းကေဆွမ်ဟွမ်နှင့် ဧရာဝတီတိုင်းဒေသကြီးမှ မခိုင်သင်းကြည်တို့က **မြမန်းဂီရိ (ယိုးဒယား)** ဖြင့်လည်းကောင်း၊ **ဝါသနာရှင်အဆင့် (ပထမတန်း)** အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ဦးဝေဖြိုးနိုင်နှင့် ဧရာဝတီတိုင်းဒေသကြီးမှ ဦးအောင်နိုင်စိုးတို့က **ယမုံနာ (ပတ်ပျိုး)**ဖြင့်လည်းကောင်း၊ **ဝါသနာရှင်အဆင့်(ပထမတန်း)** အမျိုးသမီးပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးမှ မတင်နီလာဝင်းက **စိန်ခြယ်ခြူးသန်း (ပတ်ပျိုး)**ဖြင့်လည်းကောင်း ငြိမ့်ညောင်းသံသာလက်သံသာများဖြင့် ယှဉ်ပြိုင်ကြသည်။

**ဒိုးပတ်ပြိုင်ပွဲ**

ဒိုးပတ်ပြိုင်ပွဲကို စိုက်ပျိုးရေးသုတေသနဦးစီးဌာန စုဝေးခန်းမ၌ ကျင်းပရာ **ဝါသနာရှင်အဆင့်(ပထမတန်း)** ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ မြန်မာပြည်မြင့်ဝင်းနှင့်အဖွဲ့၊ မန္တလေးတိုင်းဒေသကြီးမှ ဦးဘိုထွားနှင့်အဖွဲ့၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ဦးပြည့်ဖြိုးအောင်(ခ)စိန်ချစ်တီးနှင့်အဖွဲ့၊ ဧရာဝတီတိုင်းဒေသကြီးမှ ဦးကျော်ကျော်နှင့်အဖွဲ့တို့ကလည်းကောင်း၊ **အဆင့်မြင့်ပညာအဆင့်**တွင် ရန်ကုန်တိုင်းဒေသကြီးမှ မောင်ထက်ကိုကိုလင်းနှင့်အဖွဲ့၊ မန္တလေးတိုင်းဒေသကြီးမှ မောင်ဟိန်းထက်အောင်နှင့်အဖွဲ့တို့ကလည်းကောင်း၊ **ဝါသနာရှင်အဆင့် (ဒုတိယတန်း)** ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ဦးအောင်ပန်းနှင့်အဖွဲ့၊ မန္တလေးတိုင်းဒေသကြီးမှ ဦးအောင်ခိုင်ဟိန်းနှင့်အဖွဲ့၊ ပဲခူးတိုင်းဒေသကြီးမှ ဦးအေးမင်းဇော်(ခ) အောင်စတားနှင့်အဖွဲ့တို့က လည်းကောင်း၊ **အခြေခံပညာအဆင့်** (အသက် ၁၅နှစ် မှ ၂၀နှစ်)ပြိုင်ပွဲတွင် ကယားပြည်နယ်မှ မောင်သူရအောင်နှင့်အဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီးမှ ဂီတပန်းကလေး ချစ်ဖွဲ့(ခ) မောင်ပြည့်စုံဦးနှင့်အဖွဲ့တို့က လည်းကောင်း မြူးကြွသွက်လက်သည့် ဒိုးပတ်သံသာများဖြင့် ယှဉ်ပြိုင်ကြသည်။

**စန္ဒရားပြိုင်ပွဲ**

စန္ဒရားပြိုင်ပွဲကို သစ်တောတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ **ဝါသနာရှင်အဆင့်(ပထမတန်း)** အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ဦးတင့်ခိုင်၊ မန္တလေးတိုင်းဒေသကြီးမှ ဦးမင်းခိုင်၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ဦးသိန်းဗိုလ်ဗိုလ်နှင့် ပဲခူးတိုင်းဒေသကြီးမှ ဦးစိုးသိမ်းတို့က **ကောင်းချီးသဒ္ဒါ(မွန်)**ဖြင့်လည်းကောင်း၊ **အဆင့်မြင့်ပညာအဆင့်** အမျိုးသားပြိုင်ပွဲတွင် ချင်းပြည်နယ်မှ မောင်ကျော်ထက်စိုးဟိန်း၊ ရန်ကုန်တိုင်းဒေသကြီးမှ မောင်ထက်နိုင်ဝင်း၊ မန္တလေးတိုင်းဒေသကြီးမှ မောင်အံသြရ၊ စစ်ကိုင်းတိုင်းဒေသကြီးမှ မောင်အောင်ဇော်မိုး၊ ဧရာဝတီတိုင်းဒေသကြီးမှ မောင်လွှမ်းမိုးအောင်တို့က **ရွှေပြည်တော်သည် (ပတ်ပျိုး)**ဖြင့်လည်းကောင်း၊ **အဆင့်မြင့်ပညာအဆင့်** အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ မနှင်းဝတ်ရည်ထူး၊ မန္တလေးတိုင်းဒေသကြီးမှ မနှင်းအိလှိုင်၊ စစ်ကိုင်းတိုင်းဒေသကြီးမှ မရွှေရည်လဲ့လဲ့ဝင်းတို့က **ဆောင်းရယ်နှင်းရယ်ကိုယ့်ချစ်သူရယ် သီချင်း**ဖြင့်လည်းကောင်း၊ **အခြေခံပညာအဆင့်** (အသက် ၁၀နှစ်မှ ၁၅နှစ်) အမျိုးသမီးပြိုင်ပွဲတွင် မွန်ပြည်နယ်မှ မကြည်ဖြူခင်၊ ရှမ်းပြည်နယ်မှ မနန်းစံဟွမ်၊ ရန်ကုန်တိုင်းဒေသကြီးမှ မယွန်းသန့်ရှင်း၊ မန္တလေးတိုင်းဒေသကြီးမှ မစုမြတ်သဉ္ဇာဝင်း၊ ပဲခူးတိုင်းဒေသကြီးမှ မဆုဇင်ဇင်ထက်တို့က **တောသူအချစ် (ကာလပေါ်)** ဖြင့်လည်းကောင်း စန္ဒရား၏ ငြိမ့်ညောင်းသာယာမှုကို ဖော်ကျူးယှဉ်ပြိုင်ကြသည်။

ယနေ့ကျင်းပသည့် ပြိုင်ပွဲများသို့ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ အမြဲတမ်းအတွင်းဝန် ဒေါ်ခင်စန်းဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အနုသုခုမကို စိတ်ဝင်စားကြသည့် ပြည်သူများလာရောက် ကြည့်ရှုအားပေးကြသည်။

**(သတင်းစဉ်)**

# မောင်တောဒေသ အကြမ်းဖက်စီးနင်းတိုက်ခိုက်ရာတွင် ပါဝင်သူ ၁၁ ဦး ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၁၉**

တပ်မတော်စစ်ကြောင်းနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၁၈ ရက် နံနက် ၉ နာရီခန့်တွင် ငါးခူရကျေးရွာတစ်ဝိုက် နယ်မြေလုံခြုံရေးဆောင်ရွက်စဉ် ငါးခူရရဲစခန်းအား အကြမ်းဖက်စီးနင်းတိုက်ခိုက်ရာတွင် ပါဝင်ခဲ့သည့် မူစတာအာမတ်(ဘ) စော်ကိန်းအာမတ်အား ဖမ်းဆီးရမိခဲ့သည်။

ယနေ့ညနေပိုင်းတွင် ငါးခူရကျေးရွာအုပ်စု အလယ်ရွာ၌ အကြမ်းဖက်စီးနင်းတိုက်ခိုက်ရာတွင် ပါဝင်ခဲ့သူများဖြစ်သည့် ဂျီနားခမ်း(ဘ) တော်လီနူအာလောင်၊ ဆီဒီအာမတ်(ဘ)အာယု၊ ရှားအာလောင်(ဘ)မာမတ်အာလောင်၊ အဏ္ဏဝါ(ဘ)ရှုရှား၊ အဏ္ဏဝါ(ဘ)အစ္စလာမ်၊ အဏ္ဏဝါ(ဘ) ဟူဆိန်းအာမတ်၊ အဏ္ဏဝါ(ဘ)ဖွယ်ယော့အာမတ်၊ ဒီဆုအာလီ(ဘ) မာမွန်ရော်ဖီ၊ အဒုဇော်ကော်(ဘ) အာမောက်အာလီနှင့် ခင်မောင်ထွန်း (ဘ)ဒီဒါအာမတ်တို့ကို ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူများ၏ ထွက်ဆိုချက်အရ ယနေ့မွန်းလွဲပိုင်းတွင် ငါးခူရအလယ်ရွာမှ ထွက်ပြေးတိမ်းရှောင်နေသော ကေဖိုက်တူလာ၏ နေအိမ်အား ဝင်ရောက်ရှင်းလင်းရာ တစ်လုံးထိုးခေါက်သေနတ်တစ်လက်နှင့် ငှင်းကျည် ၁၁ တောင့်တို့ကို သိမ်းဆည်းရမိခဲ့သည်။

အဆိုပါဖမ်းဆီးရမိသူ ၁၁ ဦးအား အသေးစိတ် မေးမြန်းစစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

**✻ ချင်းတွင်းမြစ်မှ**

အောက်တိုဘာ ၁၆ ရက်မှစ၍ မြစ်ကြောင်းတစ်လျှောက် ပျောက်ဆုံးခရီးသည်တွေကို လိုက်လံရှာဖွေရာ အောက်တိုဘာ ၁၇ ရက်မှာ ဘုတလင်မြို့နယ် ရွှေစာရေးကျေးရွာအထက် တစ်မိုင်ခန့်အကွာ ချင်းတွင်းမြစ်အတွင်းမှ အသက် (၁၀)လခန့် သေဆုံးနေတဲ့ မိန်းကလေးငယ်တစ်ဦးရဲ့ အလောင်းကိုလည်းကောင်း၊ အောက်တိုဘာ ၁၈ ရက်မှာ ဘုတလင်မြို့နယ် ရွှေစာရေးကျေးရွာ စာသင်ကျောင်းဆိပ်ကမ်းမှ အသက်(၃၀) ဝန်းကျင်ခန့် သေဆုံးနေတဲ့ အမျိုးသမီးတစ်ဦးရဲ့ အလောင်းကိုလည်းကောင်း၊ အလားတူ ဝန်ပိုကျေးရွာဆိပ်ကမ်းမှ အသက်(၃၀)ဝန်းကျင်ခန့် အမျိုးသားတစ်ဦးနဲ့ အမျိုးသမီးတစ်ဦးရဲ့ အလောင်းကိုလည်းကောင်း အသီးသီးဆယ်ယူရရှိခဲ့ပါတယ်။

ရှာဖွေတွေ့ရှိတဲ့ အလောင်းတွေမှာ တစ်ပါတည်း ပါရှိပစ္စည်းတွေကို သက်သေတွေရဲ့ရှေ့မှာ ရဲတပ်ဖွဲ့ရဲ့ လုပ်ထုံးလုပ်နည်းနဲ့အညီ စနစ်တကျ ရှာဖွေပုံစံနဲ့ ရေးသွင်းမှတ်တမ်းထားရှိပြီး ပိုင်ရှင်တွေ ရောက်ရှိလာချိန်မှာ စာရင်းနဲ့တကွ သက်သေတွေရှေ့မှာ ပြန်လည်လွှဲပြောင်းပေးအပ်လျက်ရှိပါတယ်။ ဆယ်ယူရရှိခဲ့တဲ့ လေးလောင်းမှ အသက်(၁၀)လခန့် ကလေးငယ်ရဲ့ အလောင်းနဲ့ အသက်(၃၀)ခန့် အမျိုးသားအလောင်းမှာ ပိုင်ရှင်စုံစမ်းသိရှိရတဲ့အတွက် အလောင်းနဲ့တကွ ပါရှိတဲ့ ပစ္စည်းတွေကို စနစ်တကျ ပိုင်ရှင်ထံ လွှဲပြောင်းပေးအပ်ပြီးဖြစ်ပါတယ်။ ကျန်ရှိနေတဲ့ နှစ်လောင်းမှာ ဆက်လက်ထားရှိရန် မဖြစ်နိုင်တော့သည့်အတွက် အောက်တိုဘာ ၁၈ ရက် ညပိုင်းမှာ ရဲတပ်ဖွဲ့၊ ထွေ/အုပ်၊ မြို့နယ်ဆေးရုံ၊ ဒေသခံ နာရေးကူညီမှုအသင်းတွေနဲ့ ပူးပေါင်းပြီး ဘုတလင်သုသာန်မှာ ကောင်းမွန်စွာ မြေမြှုပ်သင်္ဂြိုဟ်ပြီးဖြစ်ပါတယ်။ ဆက်လက်ပြီးတော့လည်း ပျောက်ဆုံးခရီးသည်တွေကို လိုက်လံရှာဖွေဆယ်ယူလျက်ရှိပါတယ်။ ကျန်ရှိနေသေးတဲ့ ပိုင်ရှင်မပေါ်သေးတဲ့ အလောင်းနှစ်လောင်းကိုလည်း ပိုင်ရှင်ပေါ်ပေါက်ရေးအတွက် စုံစမ်းဆောင်ရွက်လျက်ရှိပါတယ်”ဟု ပြောကြားခဲ့သည်။

ယင်းသို့ ဘုတလင်မြို့နယ်အတွင်း ချင်းတွင်းမြစ်ကြောင်းတစ်လျှောက် ပျောက်ဆုံးခရီးသည်များ လိုက်လံရှာဖွေရာတွင် ဘုတလင်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးတင်မောင်သောင်းနှင့် ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ညွန့်နှင့်အဖွဲ့၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဝင်းဇော်ဌေးနှင့်အဖွဲ့၊ ရွှေစာရေးကျေးရွာအုပ်ချုပ်ရေးမှူး ဦးညီညီထွန်းနှင့်အဖွဲ့က ဒေသခံလူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်းကာ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(ဖိုးချမ်း-မုံရွာ)**

**○ မင်းဘောစုမှ**

ဦးစိန်ကုလားခြံကွက်နှင့် ဦးနိုင်လင်းကျော်နေအိမ်ကို ဦးသာထွန်း ခြံကွက်အတွင်းသို့ ခေတ္တရွှေ့ပြောင်းပေးခဲ့ရာ အိမ်ခြေ သုံးလုံး အမျိုးသား ငါးဦး၊ အမျိုးသမီး ရှစ်ဦး စုစုပေါင်း ၁၃ ဦးတို့ကို ယာယီရွှေ့ပြောင်းပေးခဲ့ကြောင်း သိရသည်။

မြစ်ကမ်းပါးပြိုကျမှုအား ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးသန်းထွန်းနှင့်အဖွဲ့မှ ရေကင်းများချစောင့်ကြည့်လျက်ရှိကြောင်း သိရသည်။

**မျိုးလှိုင်(တွံတေး)**

# ပြင်ဆင်သိမှတ်ပေးပါရန်

အောက်တိုဘာ ၁၆ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၁၄)တွင် ဖော်ပြထားသော ချင်းတွင်းမြစ်တွင်းသွား အောင်စိုးမိုးကျော်(၂) အမြန်ရေယာဉ်နစ်မြုပ်သတင်းနှင့် တွဲဖက်ဖော်ပြထားသော ဓာတ်ပုံမှာ ၂၀၁၆ ခုနှစ် မေ ၂၆ ရက်က ကနီမြို့နယ် အထက်ကင်းကျေးရွာအနီးနစ်မြုပ်ခဲ့သော ကုန်မော်တော်ဖြစ်ကြောင်း ပြင်ဆင်သိမှတ်ပေးပါရန်နှင့် ထိုကဲ့သို့ မှားယွင်းစွာ ယှဉ်တွဲဖော်ပြမိသည့်အတွက် စာဖတ်ပရိသတ်အား အနူးအညွတ်တောင်းပန်အပ်ပါသည်။

**(စာတည်း)**

# ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် အောက်တိုဘာ ၁၉**

ယနေ့မြန်မာစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နေကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက သတင်းထုတ်ပြန်သည်။ **(ကြေးမုံ)**

# ဘဏ္ဍာရေးအကူအညီများနှင့် အကြွေးဝယ်ကတ် ဝန်ဆောင်မှု ကမ္ဘောဇဘဏ်စတင်

**ရန်ကုန် အောက်တိုဘာ ၁၉**

ကမ္ဘောဇဘဏ်လီမိတက်၏ KBZ UnionPay International Credit Card စတင်မိတ်ဆက်သည့် အခမ်းအနားကို ယမန်နေ့ ညနေ ၆ နာရီက ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းရှိ Melia Hotel ၌ ကျင်းပရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ညွှန်ကြားရေးမှူးချုပ် ဦးဝင်းသော်၊ ကမ္ဘောဇဘဏ်လီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဦးအောင်ကျော်မျိုးတို့က အဖွင့်အမှာစကားများပြောကြားကြပြီး **(ယာပုံ)** Union Pay International မှ Chief Cooperation Officer, Mr. David Lees နှင့် ကမ္ဘောဇဘဏ်လီမိတက်ကတ်ဌာနမှ အထွေထွေမန်နေဂျာ ဒေါ်ဆွေဇင်ဝင်းတို့က UnionPay International Credit Card နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကြသည်။




ယင်းနောက် ကမ္ဘောဇအုပ်စု Creative Director ဒေါ်ဇင်မာဝင်းက KBZ Credit Smart အစီအစဉ်နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ကမ္ဘောဇဘဏ်လီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဦးအောင်ကျော်မျိုးက KBZ Union Pay International Credit Cardသည် ပြည်သူများ၏ လိုအင်ဆန္ဒများကို ကူညီဖြည့်ဆည်းပေးမည့် Product အသစ်တစ်ခုဖြစ်ကြောင်း၊ ကမ္ဘောဇဘဏ်အနေနဲ့ မြန်မာနိုင်ငံအတွင်းရှိ စီးပွားရေးလုပ်ငန်းကြီးများ၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာအောင် ဘဏ္ဍာရေးဆိုင်ရာအကူအညီများအကောင်းဆုံး ဆောင်ရွက်ပေးနေသည့်အပြင် KBZ Explore Debit Card (ATM) ကတ်များနှင့် Payroll ဝန်ဆောင်မှုများကိုလည်း ကူညီဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပြောကြားသည်။

ယခုမိတ်ဆက်လိုက်သော KBZ UnionPay International Credit Card သည် Classic ကတ်နှင့် Platinum ကတ်ဟူ၍ ပုံစံနှစ်မျိုး ထုတ်လုပ်ထားသည်။ Platinum ကတ်အသုံးပြုသူများသည် ကမ္ဘောဇဘဏ်ကပေးအပ်သော အထူးခံစားခွင့်များကိုရရှိမည်ဖြစ်သည်။ ထို့အပြင် UnionPay ၏ Asia Prestige အစီအစဉ် အောက်ရှိအထူးခံစားခွင့်များဖြစ်သော ကမ္ဘာတစ်ဝန်းရှိလေဆိပ်များ၏ VIP နားနေခန်းအသုံးပြုခွင့်နှင့် တရုတ်နိုင်ငံရှိ မီးရထားဘူတာရုံ ၂၀ တို့၏ နားနေခန်းအသုံးပြုခွင့်၊ ပြည်ပခရီးသွားအာမခံတို့ကို ရယူနိုင်မည်ဖြစ်သည်။ သုံးစွဲသူများသည် အဆိုပါ အကြွေးဝယ်ကတ်များနှင့် ပြည်တွင်း၊ ပြည်ပမှ ကုန်ပစ္စည်းများ၊ ဝန်ဆောင်မှုများအတွက် ငွေပေးချေနိုင်မည်ဖြစ်သည်။

Smart Chip နှင့် တည်ဆောက်ထားပြီး ကတ်လုံခြုံရေးအတွက် ပင်ကုတ်နံပါတ်ထည့်သွင်းထားသည်။ MPU နှင့် UPI ငွေပေးချေမှုကွန်ရက်များနှင့် ချိတ်ဆက်ထားသောကြောင့် မြန်မာနိုင်ငံရှိ အရောင်းဆိုင် ၇၀၀၀ ကျော်နှင့် မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၁၆၀ ကျော်၏ မိတ်ဖက် အရောင်းဆိုင်များတွင် အသုံးပြုနိုင်မည်ဖြစ်သည်။ ထို့အပြင် မြန်မာနိုင်ငံအနှံ့အပြားရှိ ATM စက်များ အားလုံးနှင့် ကမ္ဘာတစ်ဝန်းရှိ UPI ကွန်ရက် အောက်တွင်ရှိသော ATM စက်များတွင် ငွေထုတ်ယူခြင်းပြုလုပ်နိုင်သကဲ့သို့ အွန်လိုင်းမှ ငွေပေးချေခြင်းများအတွက်လည်း အသုံးပြုနိုင်မည်ဖြစ်သည်။

အကြွေးဝယ်ကတ်သည် သာမန် ATM ကတ်များနှင့် သဘာဝအားဖြင့် မတူညီသောကြောင့် သုံးစွဲသူများဘက်မှ အကြွေးဝယ်ကတ်များကို တာဝန်သိစိတ်ရှိရှိ အကျိုးအပြစ်ခွဲခြားသိကာ အသုံးပြုဖို့လိုမည်လည်းဖြစ်သည်။ ကမ္ဘောဇဘဏ်မှလည်း သုံးစွဲသူများအတွက် လိုအပ်သောအကြံဉာဏ်များကို ဘဏ်ခွဲများ၊ Call စင်တာများမှတစ်ဆင့် ကူညီပေးသွားမည်ဖြစ်သည့်အပြင် Credit ကတ်ကို အကျိုးရှိစွာ အသုံးပြုနိုင်မည့် နည်းလမ်းများနှင့် လိုက်နာသင့်သည်များကို ပြသပေးမည့် KBZ Credit Smart ဆိုသည့် အစီအစဉ်တစ်ခုကိုလည်း စတင်သွားမည်ဖြစ်ကြောင်း သိရသည်။ **(ဝဝဝ)**

# ရော်ဘာရာသီအဖွင့်ဈေးကောင်းသော်လည်း အစေးခြစ်လုပ်သားရှားပါးမှု ကြုံတွေ့နေရ

**ရေး အောက်တိုဘာ ၁၉**

မွန်ပြည်နယ် ရေးမြို့နယ်အတွင်းရှိ အဓိကစီးပွားဖြစ်သည့်ရော်ဘာမှာ ရာသီအစတွင် ဈေးကွက်ထဲသို့ ဝင်ရောက်လာနေပြီး အဖွင့်ဈေးကောင်းနေသော်လည်း ရော်ဘာခြံရှင်ငယ်များတွင် အစေးခြစ်အလုပ်သမားရှားပါးမှုနှင့် ကြုံတွေ့နေရ၍ အစေးခြစ်လုပ်ငန်းကို လုပ်ကိုင်နိုင်ရန် အခက်အခဲဖြစ်နေကြကြောင်း သိရသည်။

"အခုရော်ဘာရာသီမှာ ရာသီဉတုက မိုးမကုန်သေးတဲ့အပြင် အစေးခြစ်လုပ်သားရှားပါးနေတယ်။ ဒါ့အပြင် ယခင်ဈေးကောင်းမရတဲ့အတွက် ခြံငယ်တွေမှာ အစေးခြစ်လုပ်ကိုင်ခြင်းမရှိဘဲ အစားထိုးကွမ်းသီးကို စိုက်လာကြပြီး ထင်းအဖြစ် ခုတ်လှဲလာကြတယ်။ ရောင်းသူ၊ ဝယ်သူ အလုပ်သမားတွေကလည်း တွက်ခြေမကိုက်ဖြစ်နေပါတယ်" ဟု ခြံရှင်ဦးသိန်းဝင်းက ပြောသည်။

"ခြံရှင်နဲ့အလုပ်သမားတွေက ရော်ဘာဈေးမကောင်းလို့ ခြံရှင်အပြင် အစေးခြစ်လုပ်သမားတွေမှာ စားဝတ်နေရေးနဲ့အခက်ကြုံတွေ့ရတဲ့အခါ အစေးခြစ်လုပ်ကိုင်ခြင်းမရှိဘဲ တစ်ဖက်နိုင်ငံကို သွားရောက်လုပ်ကိုင်နေကြပါတယ်" ဟု အစေးခြစ်လုပ်ကိုင်သူ ဦးရွှေဝင်းက ပြောသည်။

ပြီးခဲ့သည့်နှစ်နှင့်နှိုင်းယှဉ်ပါက ယခုနှစ်တွင် အဖွင့်ဈေး R3 အစိမ်းပြားတစ်ပေါင်လျှင် ကျပ် ၅၅၀ မှ ကျပ် ၆၂၀အထိ တက်လာ၍ ဈေးနှုန်းကောင်းနေသော်လည်း ဈေးကွက်အတွင်း ရော်ဘာဝင်ရောက်မှုက နည်းပါးနေပြီး ရော်ဘာဈေးက ပိုမိုဦးမော့လာရန်အတွက် မျှော်လင့်လျက်ရှိကြောင်း ရော်ဘာလုပ်ငန်းရှင် ဦးဆန်းမောင်ထံမှ သိရသည်။

မွန်ပြည်နယ်အတွင်း ရော်ဘာအစေးခြစ်စိုက်ဧကပေါင်းမှာ ၃၁၇၄၄၈ ဧကရှိရာ အစေးခြစ်အလုပ်သမားပေါင်းမှာ တစ်သိန်းခွဲဝန်းကျင်ခန့် ယခင်နှစ်ရော်ဘာရာသီအချိန်တွင် ဝင်ရောက်လုပ်ကိုင်နေကြသော်လည်း ဒေသအတွင်း ရော်ဘာဈေးကောင်းမရကြသည့်အခါ ခြံရှင်နှင့် အလုပ်သမားအများစုမှာ တွက်ခြေမကိုက်ဖြစ်နေကြကြောင်း သိရသည်။ **(ထွဋ်ထွဋ်-ရေး)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် အောက်တိုဘာ ၁၉**

ရန်ကုန်(ရွှေဈေး) ၈၆၄၃၀၀ - ၈၆၅၃၀၀ မန္တလေး(ရွှေဈေး) ၈၆၃၇၀၀ - ၈၆၄၇၀၀

**စက်သုံးဆီဈေးနှုန်း**

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၅၉၀/၆၁၀ ကျပ်၊ | ၆၃၀/၆၅၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၆၅၀/၆၇၀ ကျပ်၊ | ၇၂၀/၇၃၅ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၆၀၅/၆၂၀ ကျပ်၊ | ၆၄၀/၆၆၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၆၂၀/၆၃၀ ကျပ်၊ | ၆၆၀/၆၈၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၅၅၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၅၉၁ ကျပ်၊ အောက်တိန်း 92 တစ်လီတာ ၅၆၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | | | |
|---|---|---|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = ၁၂၇၀. ၀ | | (စ) အိန္ဒိယ | တစ်ရူပီး | = ၁၉. ၀၃၃ |
| (ခ) ဥရောပ | တစ်ယူရို | = ၁၃၉၄. ၈ | | (ဆ) ဂျပန် | တစ်ရာယန်း | = ၁၂၂၂. ၆ |
| (ဂ) တရုတ် | တစ်ယွမ် | = ၁၈၈. ၄၀ | | (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = ၁၁၂. ၉၈ |
| (ဃ) ထိုင်း | တစ်ဘတ် | = ၃၆. ၂၈၆ | | (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = ၉၇၄. ၉၇ |
| (င) မလေးရှား | တစ်ရင်းဂစ် | = ၃၀၂. ၈၅ | | (ည) စင်ကာပူ | တစ်ဒေါ်လာ | = ၉၁၆. ၉၀ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

## မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော အောက်တိုဘာ ၁၁ ရက်မှ အောက်တိုဘာ ၁၇ ရက်အထိ ထွက်ရှိသောစာအုပ်စာရင်း

| စဉ် | စာရေးသူ | စာအုပ် | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၁ | U Maung Maung Tar | Colourful Junoir Eassys for Middle school Students | ၂၀၀၀ိ/- | မူဝံစာပေ |
| ၂ | ဦးဇော်လင်းအောင် | လူတိုင်းအတွက်အင်္ဂလိပ်ထွက်နည်း +CD | ၃၀၀၀ိ/- | မူဝံစာပေ |
| ၃ | U Maung Maung Tar | 100 Eassys & Letter for Matriculation Students | ၃၀၀၀ိ/- | မူဝံစာပေ |
| ၄ | ကလောင်စုံ | ကောင်းကင်အောက်ကကြယ် ဝတ္ထုတိုစုစည်းမှု | ၃၀၀၀ိ/- | ငွေရတနာပန်းစာပေ |
| ၅ | လင်းသိုက်ညွန့်(မြန်မာ့မြေ) | မြန်မာတွေအောင်မြင်ဖို့(၁+၂) | ၄၀၀၀ိ/- | Success စာပေ |
| ၆ | ပြည်ကျော်ကျော် | Writing A to Z | ၂၀၀၀ိ/- | KKH |
| ၇ | ပြည်ကျော်ကျော် | Writing 1 to 20 | ၂၀၀၀ိ/- | KKH |
| ၈ | ရွှေဟင်္သာဆရာတော်ဘုရားကြီး အရှင်ပဏ္ဍိတထေရ် | ဝေဒနာနုပဿနာ | ၁၃၀၀ိ/- | စိတ်ကူးချိုချို |
| ၉ | ဒေါက်တာထွန်းဝင်း | မယားပြိုင်စနစ်ဆိုင်ရာအယူအဆများနှင့် မြန်မာဓလေ့ထုံးထမ်းဥပဒေပြဆိုချက်များ | ၂၀၀၀ိ/- | သရဖီထွန်းဝင်းစာပေ |
| ၁၀ | ကိုကြွယ် | တောစောင့်နတ်နှင့်သစ်ခုတ်သမားပုံပြင်များ | ၉၀၀ိ/- | စိတ်ကူးချိုချို |
| ၁၁ | အထောက်တော်လှအောင် | လသာတုန်းဗိုင်းငင် | ၇၀၀၀ိ/- | စိတ်ကူးချိုချို |
| ၁၂ | ဆုပြည့်စုံထွန်း ဒယ်ဒီတာ | ရွှေဟင်္သာတောရစတုတ္ထစံကျောင်းဆရာတော်ကြီး ဘန္ဒန္တဝိမလ | ၂၀၀၀ိ/- | ဆုပြည့်စုံထွန်း |
| ၁၃ | ဆုပြည့်စုံထွန်း ဒယ်ဒီတာ | ဗန်းမော်ဆရာတော်ဘုရားကြီး ဘဒ္ဒန္တပဏ္ဍိတ | ၂၀၀၀ိ/- | ဆုပြည့်စုံထွန်း |
| ၁၄ | အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တစန္ဒာဝရာဘိဝံသ | ဗောဓိဖျင်မှသည် မဂ္ဂင်ဆီသို့ တရားတော် | ၂၀၀၀ိ/- | ဆုပြည့်စုံထွန်း |
| ၁၅ | အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တစန္ဒာဝရာဘိဝံသ | ဆရာပေးတဲ့ဆေးရွေးမနေပါနဲ့ ဝိပဿနာအလုပ်ပေးတရားတော်များ | ၂၀၀၀ိ/- | ဆုပြည့်စုံထွန်း |
| ၁၆ | မြင်းသိန္ဓော | များများဖတ်မြင့်မြင့်တွေးရဲရဲပြောင်း | ၃၀၀၀ိ/- | မြင်းသိန္ဓေစာပေ |
| ၁၇ | လုံမ | အစိမ်းသက်သက် | ၁၅၀၀ိ/- | ရွှေပဒေသာ |
| ၁၈ | မယ်ခိုင် | မိုးကောင်းကင်ပင်လယ်ပြင် | ၁၅၀၀ိ/- | ရွှေပဒေသာ |
| ၁၉ | ကြယ်စင်မှူးဝေ | ချစ်ခြင်းဖွဲ့မာယာ | ၁၆၀၀ိ/- | ရွှေပဒေသာ |
| ၂၀ | Thi Ha (Retired Professor of English YUE) | Teaching Learning English as a Language | ၂၅၀၀ိ/- | စိန်တိုက်စာပေ |
| ၂၁ | | ပဋ္ဌာန်းပါဠိတော် | ၅၀၀ိ/- | တင်တင်အေး ပိဋကတ်စာပေ |
| ၂၂ | ချစ်ဝေဝေစီစဉ်သည် | ကျောင်းသားသုံးလိုတိုရှင်း အင်္ဂလိပ်စကားပြော | ၁၅၀၀ိ/- | မဇ္ဈိမစာပေ |
| ၂၃ | ဆရာမြတ်ထွဋ်ခေါင် | မြန်မာရိုးရာ ဗေဒင်လောကခံ(၈)ပါး သင်္ချာတ်ပညာနှင့် မဟာဘုတ် လက်စွဲကျမ်း | ၂၅၀၀ိ/- | ဟန်သာစုစာပေ |
| ၂၄ | ကျော်ထက်ထွန်း | ဟစ်တလာ့ဆန္ဒ | ၂၀၀၀ိ/- | ယဉ်မျိုးစာပေ |
| ၂၅ | မောင်ညိုမှိုင်း(သန်လျင်) | ရက္ခစိုးပေးသည့် ရွှေအိုး ဂမ္ဘီရဝတ္ထုတိုများ | ၁၈၀၀ိ/- | စိတ်ကူးသစ်စာပေ |
| ၂၆ | ဟေမာန်ကို | အလင်းသစ်တို့ရှက်လှွင့်သံ ဝတ္ထုတိုစုစည်းမှု | ၂၂၀၀ိ/- | မိုးစာပေ |
| ၂၇ | SHWEGU MAY HNIN | INSEIN CHRONICLE WOMEN' S LIFE IN JAIL | ၃၀၀၀ိ/- | ရွှေကူမေနှင်းစာပေ |
| ၂၈ | ဒေါက်တာသိန်းလွင် | မူကြိုနှင့်သူငယ်တန်း (KG)ဆရာမများအတွက် လက်စွဲစာအုပ် | ၆၀၀၀ိ/- | ဆုစာပေ |
| ၂၉ | ခင်နန်းအိ | Adobe Photoshop CCAdobe Photoshop စတင်လေ့လာသူများအတွက်+CD | ၃၀၀၀ိ/- | ခင်နန်းအိစာပေ |
| ၃၀ | ဗျူး၊ကာတွန်း ဇော်ပိုင် | ၃၈ဖြာ မင်္ဂလာပုံပြင်များ-ပန်းဆက်သမားလေးသုမန | ၂၅၀၀ိ/- | ဗျူးစာပေ |
| ၃၁ | ဗျူး၊ ကာတွန်း ဇော်ပိုင် | ဒဏ္ဍာရီအိပ်ရာဝင်ပုံပြင်များ ပန်းပုသူဇာ | ၂၅၀၀ိ/- | ဗျူးစာပေ |
| ၃၂ | မိန်းကလေး | မွန်ပြည်နယ်ဘုရားစေတီများသုတလမ်းညွှန် | ၂၀၀၀ိ/- | မိန်းကလေးစာအုပ်တိုက် |
| ၃၃ | ဒေါက်တာဉာဏ် | သွားလှလှခံတွင်းသန့်သန့်မေတ္တာရန့် | ၂၅၀၀ိ/- | အာရှအလင်းစာပေ |
| ၃၄ | ဦးစိုးတင့် | PLC Program ဘာသာပြန်နည်း+CD | ၃၀၀၀ိ/- | မိုးမြင့်ကြယ်စာပေ |
| ၃၅ | ဒေါက်တာနီလာသိန်း (လင်းရောင်သစ်) | သိပ္ပံပညာရှင်များသုတေတနပြုလုပ်ထားသော 'ဝိပဿနာနှင့်ကျန်းမာရေး' ဆောင်းပါးများ | ၅၀၀၀ိ/- | ဆုပြည့်စုံထွန်းစာပေ |

ဆက်လက်ဖော်ပြပါမည်

**အောက်တိုဘာ ၁၉ ရက် မနက်အစောပိုင်းက ချန်ပီယံလိဂ် အုပ်စု(E)၊ (F)၊ (G)၊ (H )ပွဲစဉ် ရှစ်ပွဲ ယှဉ်ပြိုင်ကစားခဲ့ရာမှာ ပရိသတ်တွေ အများစုမျှော်လင့်ထားတဲ့အတိုင်း အသင်းကြီးတွေဖြစ်တဲ့ ဒေါ့မွန်၊ ရီးယဲလ်မက်ဒရစ်၊ ဂျူဗင်တပ်တို့ နိုင်ပွဲရှာဖွေနိုင်ခဲ့တာကို တွေ့ရပါတယ်။ ဆီဗီလာ၊ လက်စတာ၊ ပေါ်တိုတို့လည်း နိုင်ပွဲရရှိခဲ့ပေမယ့် အုပ်စု(E) ပွဲစဉ်တွေဖြစ်တဲ့ စီအက်စ်ကေအေနဲ့ မိုနာကို၊ လေဗာကူဆင်နဲ့ စပါးတို့ ပွဲစဉ်တွေကတော့ သရေရလဒ်တွေသာ ဆက်လက်ထွက်ပေါ်ခဲ့လို့ ဒီအုပ်စုက ဘယ်အသင်း နောက်တစ်ဆင့်တက်မလဲဆိုတာ အခုထိ အဖြေထုတ်ဖို့ ဝေးကွာနေတဲ့ အနေအထားပါပဲ။**

# ရီးယဲလ်မက်ဒရစ် ဂိုးပြတ်နိုင်ခဲ့ပြီး ဥရောပအသင်းကြီးများ အောင်ပွဲခံနိုင်ခဲ့တဲ့ ချန်ပီယံလိဂ် အုပ်စုပွဲစဉ်များ






ရီးယဲလ်မက်ဒရစ်နဲ့ ဝါဆောတို့ရဲ့ ပွဲစဉ်မှာ ရီးယဲလ်မက်ဒရစ်နည်းပြ ဇီဒန်းက နည်းဗျူဟာပိုင်း အပြောင်းအလဲမလုပ်ခဲ့ပေမယ့် ကွင်းလယ်ပိုင်း လူထုတ်ပုံပြောင်းလဲပြီး လီဂီယာဝါဆောကို ရင်ဆိုင်ခဲ့ပါတယ်။ ဇီဒန်းဟာ အခုပွဲစဉ်မှာ ကွင်းလယ်နေရာအတွက် အဆန်စီရို၊ တိုနီခရူးစ်နဲ့ ဂျိမ်းစ်ရိုဒရီဂွက်ဇ်တို့ကို အသုံးပြုခဲ့တဲ့အတွက် ရီးယဲလ်ရဲ့ ကစားကွက်ဟာ အရင် ကက်စီမီရို၊ တိုနီခရူးစ်နဲ့ လူကာမိုဒရစ်တို့ကို အသုံးပြုခဲ့တဲ့အတိုင်း အသင်းရဲ့ ဟန်ချက်ညီမျှမှုကို ဆက်လက်ထိန်းညှိနိုင်ခဲ့ပါတယ်။ ရီးယဲလ်ဟာ ကက်စီမီရိုဒဏ်ရာရရှိခဲ့ပြီးနောက်မှာ ခံစစ်အကူ ကွင်းလယ်ကစားသမား မရှိတော့တဲ့အတွက် ရလဒ်ပိုင်း ယိမ်းယိုင်သွားခဲ့တာဖြစ်ပြီး ဒီအခြေအနေကို နိုင်ငံတကာ ပွဲစဉ်တွေကြောင့် လိဂ်ပွဲစဉ်တွေ ရပ်နားထားတဲ့ကြားကာလမှာ ဇီဒန်းအဖြေရှာနိုင်ခဲ့ပုံပေါ်ပြီး ကက်စီမီရိုလို ကစားနိုင်မယ့် နောက်ထပ်ကွင်းလယ်ကစားသမားကို ထပ်မံမွေးဖွားနိုင်ခဲ့တာဖြစ်တယ်လို့ သုံးသပ်ရမှာဖြစ်ပါတယ်။

ရီးယဲလ်မှာ တိုက်စစ်အားသန် ကစားသမားတွေသာ များပြားနေတဲ့အတွက် နောက်တန်းခံစစ်ကို ကူညီနိုင်မယ့် ကက်စီမီရိုလို ကစားသမားမျိုးက ရီးယဲလ်အတွက် တကယ်ကို လိုအပ်နေတာဖြစ်ပါတယ်။ အခုပွဲစဉ်မှာ အဆန်စီရိုကို စမ်းသပ်အသုံးပြုခဲ့တာ အောင်မြင်တာကြောင့်လည်း ရီးယဲလ်မက်ဒရစ်အသင်း ဂိုးပြတ်နိုင်ပွဲ ရရှိခဲ့တာဖြစ်ပါတယ်။ ရီးယဲလ်ရဲ့ သွင်းဂိုးတွေကိုတော့ ဂါရတ်ဘေးလ်၊ အဆန်စီရို၊ လူးကပ်စ်နဲ့ မိုရာတာတို့ကသွင်းယူခဲ့တာဖြစ်ပါတယ်။ အခုပွဲစဉ်မှာ ရီးယဲလ်တိုက်စစ်မှူး စီရိုနယ်လ်ဒိုထပ်မံပြီး ဂိုးပေါက်ပျောက်ခဲ့ပေမယ့် ဇီဒန်းကတော့ အဆန်စီရိုနဲ့ မိုရာတာတို့ရဲ့ သွင်းဂိုးတွေကို ဖန်တီးပေးသူဟာ စီရိုနယ်လ်ဒိုဖြစ်တာကြောင့် ဒါဟာ ပြဿနာတစ်ရပ်မဟုတ်ကြောင်း တုံ့ပြန်လိုက်ပါတယ်။ စပို့တင်းလစ္စဘွန်းနဲ့ ဒေါ့မွန်တို့ရဲ့ ပွဲစဉ်မှာတော့ ဦးဆောင်ဂိုးနှစ်ဂိုးစောစောစီးစီးရသွားတဲ့ ဒေါ့မွန်ကြောင့် စပို့တင်းပြန်လည်ချေပနိုင်ခြင်းမရှိတော့ဘဲ အိမ်ကွင်းမှာပဲ ဒေါ့မွန်ကို နှစ်ဂိုး-တစ်ဂိုးနဲ့ အရှုံးပေးခဲ့ရတာဖြစ်ပါတယ်။

လေဗာကူဆင်နဲ့ စပါးအသင်းပွဲစဉ်မှာတော့ စပါးအသင်းဟာ အဝေးကွင်းဖြစ်ပေမယ့် ပထမပိုင်းမှာ လေဗာကူဆင်ဘက်ကို ခြေစွမ်းပိုင်းအသာနဲ့ ကစားသွားနိုင်ခဲ့ပြီး စပါးကစားသမားတွေ အနည်းငယ်စိတ်လောနေတဲ့ အနေအထားကြောင့်သာ ဦးဆောင်ဂိုး မရရှိခဲ့တာပါ။ ဒါပေမယ့် ဒုတိယပိုင်းမှာတော့ လေဗာကူဆင်နည်းပြ တူချယ်လ်ရဲ့ နည်းဗျူဟာပိုင်းအပြောင်းအလဲကြောင့် လေဗာကူဆင်ကသာပွဲကို စိုးမိုးသွားပြီး စပါးဂိုးသမားဟူဂိုလိုရစ် လက်စွမ်းပြနိုင်လို့သာ စပါးတို့ အဝေးကွင်းမှာသရေတစ်မှတ်ရခဲ့တာဖြစ်ပါတယ်။

စီအက်စ်ကေအေနဲ့ မိုနာကိုတို့ရဲ့ ပွဲစဉ်မှာတော့ အိမ်ရှင် စီအက်စ်ကေအေအသင်းက ထရာအိုရေးရဲ့ ပွဲချိန် ၃၄ မိနစ် သွင်းယူခဲ့တဲ့ ဂိုးနဲ့ စောစောစီးစီး ဦးဆောင်ဂိုး ရခဲ့ပေမယ့် တကယ်တမ်း ခြေစွမ်းပိုင်းပိုမိုကောင်းမွန်ခဲ့တာက ဧည့်သည် မိုနာကိုအသင်းဖြစ်ပါတယ်။ မိုနာကိုအသင်းဟာ ရုရှားမြေမှာ သွားရောက်ယှဉ်ပြိုင်ရပေမယ့် ဂိုးဖန်တီးမှု၊ ဘောလုံးပိုင်ဆိုင်မှု၊ ဂိုးပေါက်ခြိမ်းခြောက်မှုတွေအားလုံးမှာ သိသိသာသာ အသာစီးယူနိုင်ခဲ့ပြီး တစ်သင်းလုံးတက် တစ်သင်းလုံးဆင်းပြီး ခံစစ်ပိတ်ကစားနေတဲ့ စီအက်စ်ကေအေရဲ့ ကစားပုံကြောင့် ပွဲပြီးဆုံးခါနီးအထိ မိုနာကိုအသင်း ရှုံးကန်ခဲ့ရပါသေးတယ်။ ဒါပေမယ့် ပွဲချိန် ၈၇ မိနစ်အရောက်မှာ ဘာနက်တိုဆေးလ်ဗားရဲ့ ချေပဂိုးကြောင့် မိုနာကိုအသင်း အသက်ရှူချောင်ခဲ့ရတာဖြစ်ပါတယ်။ ။


မေလဲ့သင်းရေးသားသည်

| | | |
|---|---|---|
| **အောက်တိုဘာ ၂၁ ရက်နေ့ယှဉ်ပြိုင်ကစားမည့် ယူရိုပါလိဂ် အုပ်စုအဆင့်ပွဲစဉ်များ** | | |
| ဂျန့်ခ် - ဘီဘာအို | | နံနက်-၁း၃၅ |
| ရက်ပစ်ဝီယန် - ဆာစူအိုလို | | နံနက်-၁း၃၅ |
| ရိုးမား - ဩစတြီးယားဝီယန် | | နံနက်-၁း၃၅ |
| ပလာဇန် - အက်စထရာ | | နံနက်-၁း၃၅ |
| ဒါန်ဒေါ့ခ် - ဇင်းနစ် | | နံနက်-၁း၃၅ |
| အယ်လ်ခမာ - မက္ကာဘီတဲလ်အဗစ် | | နံနက်-၁း၃၅ |
| အိုလံပီယာကို့စ် - အက်စတာနာ | | နံနက်-၁း၃၅ |
| ယန်းဘွိုင်းစ် - အေပိုးလ် | | နံနက်-၁း၃၅ |
| မန်ယူ - ဖီနာဘာချီ | | နံနက်-၁း၃၅ |
| ဖီယင်နော့ဒ် - ဇော်ယာ | | နံနက်-၁း၃၅ |
| စိန့်အက်တီယန် - ကာဘာလာ | | နံနက်-၁း၃၅ |
| မိန့်ဇ် - အန်ဒါလက်ချ် | | နံနက်-၁း၃၅ |
| | | မောင်မောင်ဇော် |

## ဟူဂိုလိုရစ်မှာ ကမ္ဘာ့အကောင်းဆုံး ဂိုးသမားဖြစ်ဟု ပိုချက်တီနို ချီးကျူး

စပါးနည်းပြ ပိုချက်တီနိုက ဟူဂိုလိုရစ်မှာ ကမ္ဘာ့အကောင်းဆုံးဂိုးသမားများထဲတွင် တစ်ဦးအပါအဝင်ဖြစ်ကြောင်း လေဗာကူဆင်နှင့် ကစားခဲ့သည့် ချန်ပီယံလိဂ်ပွဲစဉ်အပြီး ချီးကျူးစကားဆိုခဲ့သည်။ အဆိုပါပွဲစဉ်တွင် စပါးအသင်းသည် ပထမပိုင်းတွင် ကစားကွက်အသာစီးဖြင့် ကစားနိုင်ခဲ့သော်လည်း ဒုတိယပိုင်းတွင် တောက်လျှောက် ရှုံးကန်ခဲ့ရသော အနေအထားကြုံခဲ့ရပြီး စပါးဂိုးသမား ဟူဂိုလိုရစ်၏ လက်စွမ်းပြနိုင်မှုကြောင့်သာ သရေရလဒ် ထွက်ပေါ်ခဲ့ခြင်းဖြစ်သည်။ ဟူဂိုလိုရစ်မှာ ဒုတိယပိုင်းအစ ပွဲချိန် ၄၈ မိနစ်တွင် လေဗာကူဆင်တိုက်စစ်မှူး ဟာနန်ဒက်ဇ်၏ သေချာပေါက် ဂိုးရနိုင်မည့် ကန်သွင်းချက်ကို ကာကွယ်နိုင်ခဲ့ခြင်းဖြစ်သည်။ စပါးအသင်းသည် တိုက်စစ်မှူး ဗင်ဆင့်ဂျန်ဆန်၏ တိုင်ထိထွက်ခဲ့သော ကန်သွင်းချက်တစ်ခုသာ ဂိုးရရန် နီးစပ်ခဲ့ပြီး လာမယ်လာနှင့် ဒယ်လီအယ်လီတို့ အခွင့်အရေးများ လွဲချော်ခဲ့ခြင်းကြောင့် ပထမပိုင်းအတွင်း ဦးဆောင်နိုင်မည့် အနေအထား ဝေးကွာခဲ့ခြင်းဖြစ်သည်။



## ရီးယဲလ်မက်ဒရစ်တွင်သာ ကစားသမားဘဝမှ အနားယူရန် ပီပီမျှော်မှန်း

ရီးယဲလ်ဗဟို နောက်ခံလူ ပီပီက သူ၏ ကစားသမားဘဝကို ရီးယဲလ်မက်ဒရစ်တွင်သာ အဆုံးသတ်သွားရန်မျှော်လင့်ထားကြောင်း ပြောကြားလိုက်ခြင်းဖြင့် ရီးယဲလ်နှင့် စာချုပ်သက်တမ်းတိုးမြှင့်ရန် လိုလားချက်ကို ထုတ်ဖော်ပြောကြားလိုက်သည်။ ပီပီနှင့် ရီးယဲလ်တို့ကြား ချုပ်ဆိုထားသည့် စာချုပ်မှာ လာမည့် နွေရာသီတွင် သက်တမ်းကုန်ဆုံးတော့မည်ဖြစ်ပြီး အသက်(၃၃)နှစ်ရှိပြီဖြစ်သည့် ပီပီနှင့် စာချုပ်သက်တမ်း ထပ်မံတိုးမြှင့်ရေးကို ဖော်ဆောင်ရန် ရီးယဲလ်မက်ဒရစ် အသင်းဘက်မှ နှောင့်နှေးနေခြင်းဖြစ်သည်။ ပီပီသည် ဇီဒန်း၏ စိတ်ကြိုက် ဗဟိုနောက်ခံလူတစ်ဦးဖြစ်သော်လည်း ရီးယဲလ်တွင် ဗာရာနီကလည်း အကောင်းဆုံးပုံစံပြသနိုင်သည့်အတွက် ပီပီနှင့် စာချုပ်သက်တမ်းတိုးမြှင့်သင့်၊ မသင့်ကို ရီးယဲလ်တာဝန်ရှိသူများက ပြန်လည်သုံးသပ်နေခြင်းဖြစ်သည်။

## ချန်ပီယံလိဂ်တွင် ရလဒ်များကောင်းမွန်သော်လည်း ပရီမီယာလိဂ်ရလဒ်များအတွက် ဒေါသထွက်ဟု လက်စတာနည်းပြ ရာနီရေရီ ပြောကြား



လက်စတာအသင်းသည် ချန်ပီယံလိဂ်တွင် သုံးပွဲကစားပြီးချိန် ရာနှုန်းပြည့်နိုင်ပွဲရရှိထားသော်လည်း ပရီမီယာလိဂ်ရလဒ်များအတွက်မူ မိမိအလွန်ဒေါသထွက်မိကြောင်း လက်စတာနည်းပြ ရာနီရေရီက ကိုပင်ဟေဂင်အား အနိုင်ရရှိသည့် ပွဲစဉ်အပြီးတွင် ထုတ်ဖော်ပြောကြားလိုက်သည်။ အဆိုပါ ပွဲစဉ်၏ တစ်လုံးတည်းသော အနိုင်ဂိုးကို မာရက်ဇ်က ပွဲချိန်၄၀တွင် သွင်းယူခဲ့ခြင်းဖြစ်သည်။ လက်စတာသည် လာမည့်နိုဝင်ဘာ ၂ ရက်တွင် ကိုပင်ဟေဂင်အား သရေကစားနိုင်ရုံဖြင့် ပေါ်တိုနှင့် ဘရူးဂ်တို့အား ရင်ဆိုင်ရမည့် ပွဲစဉ်များတွင် ရလဒ်မည်သို့ပင် ထွက်ပေါ်စေကာမူ ၁၆သင်းအဆင့် ရှုံးထွက်ပွဲစဉ်သို့ တက်ရောက်ခွင့်ရရှိမည်ဖြစ်သည်။

ရာနီရေရီက လက်စတာအသင်း၏ ဥရောပရလဒ်များအတွက် ဂုဏ်ယူမိသော်လည်း ပရီမီယာလိဂ်ရလဒ်များ ဆိုးရွားသည့်အတွက်မူ ဒေါသဖြစ်ရကြောင်း ပြောကြားလိုက်သည်။ လက်စတာအသင်းသည် ပရီမီယာလိဂ် ရှစ်ပွဲကစားပြီးချိန်တွင် ရမှတ်ရှစ်မှတ်သာရရှိထားပြီး အမှတ်ပေးဇယား အဆင့်(၁၃)နေရာ အထိရောက်ရှိနေသည်။ လက်စတာသည် မန်ယူ၊ လီဗာပူးနှင့် ချယ်လ်ဆီးတို့အား ဂိုးပြတ်အရေးနိမ့်ခဲ့ရပြီးနောက် လက်ရှိ ပရီမီယာလိဂ်ချန်ပီယံဟူသော ဂုဏ်သိက္ခာကို ထိန်းသိမ်းနိုင်ခြင်းမရှိခဲ့ရာ ရာနီရေရီက ဒေါသထွက်ခဲ့ခြင်းဖြစ်သည်။

ရာနီရေရီက ယခုနှစ် ဘောလုံးရာသီ မစတင်မီက ထိပ်ဆုံးလေးသင်းနေရာအတွက် ချယ်လ်ဆီး၊ မန်စီးတီး၊ မန်ယူ၊ အာဆင်နယ်၊ လီဗာပူး၊ စပါးတို့ ပြိုင်ဆိုင်ရမည်ဟု အကြိုဟောကိန်းထုတ်ခဲ့ပြီး သူ၏လက်စတာအသင်းမှာ ပြီးခဲ့သည့်ရာသီက စွမ်းဆောင်ရည်မျိုး ထပ်မံပြသရန်မလွယ်ကူဟု ပြောကြားခဲ့သော်လည်း ယခုလောက်အထိ ရလဒ်များဆိုးရွားနေခြင်းအတွက်မူ မျှော်လင့်ထားခြင်းမရှိကြောင်းလည်း ဝန်ခံခဲ့သည်။

## မွေးနေ့ရက်မြတ်ဆုမွန်

အောက်တိုဘာလ(၂၀)ရက်နေ့တွင်ကျရောက်သော"အောက်တိုဘာတူဝရီး" မခင်ဆင့်နှင့် မောင်သူတကျော်စိုး(ခ)မောင်ငြိမ်းမြတ်ဟိန်း တို့၏ မွေးနေ့ရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာ အမျိုး၊ ဘာသာ၊ သာသနာနှင့် မိသားစုအကျိုး ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေ။

ထာဝရ မေတ္တာဖြင့်
မြတ်သပြေမိသားစု

## ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌ကျပ်ငွေဖြင့်သာခန့်ထားရန်)

1. Network Engineer (CCNA) - 2 Posts (Male )
2. CCTV Technician - 2 Posts (Male )
3. Office Staff - 1 Post (Female )

အမှတ်စဉ်(၂)အတွက် နယ်မှလာသူဖြစ်ပါကနေထိုင်စရာပေးမည်။ CV Form အား nawaratglobaltechnology@gmail.com သို့ ပေးပို့ပါရန်

NAWARAT Global Technology Co., Ltd.
Building No.17, 2nd Floor, Nant Thar St., Ahlone Tsp.

## မြိုင်မဟာစည်(ရန်ကုန်)
## စုပေါင်းဘုံကထိန်သင်္ကန်း လှူဒါန်းမည်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၅)ရပ်ကွက်၊ မြင်သာ(၁)လမ်း မြိုင်မဟာစည်သာသနာ့ရိပ်သာအတွင်း၌ သတ္တမအကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို (၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၃ ရက်) ၂၉-၁၀-၂၀၁၆ ရက် (စနေနေ့) နံနက် ၉း၀၀ နာရီတွင် မဇ္ဈိမဂုဏ်ရည်ဆရာတော် ဒေါက်တာအရှင်ကောဝိဒမှ ရေစက်ချ အနုမောဒနာ တရားဟောကြားမည်ဖြစ်ပါသည်။

**အကျိုးဆောင်အဖွဲ့**
**မြိုင်မဟာစည်ရိပ်သာ**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့**

## ကျေးဇူးတင်ဝမ်းမြောက်ကြောင်း

(၈.၁၀.၂၀၁၆)၊ စနေနေ့တွင် OSC အထူးကုဆေးရုံ၌ တတိယမြောက်သားရတနာလေးအား မွေးဖွားပေးပါသော သားဖွားနှင့် မီးယပ်အထူးကု ဆရာဝန်ကြီး ပါမောက္ခ ဒေါ်မြသီတာ၊ မေ့ဆေးအထူးကု ဆရာဝန်ကြီး ပါမောက္ခ ဒေါ်မိမိအောင်၊ ကလေးအထူးကု ဆရာဝန်ကြီးတွဲဘက်ပါမောက္ခ ဒေါက်တာ ဒေါ်ခင်ခင်နှင်း၊ ဒေါက်တာ ဒေါ်ရွှေပကျော်၊ လက်ထောက် ဆရာဝန်များဖြစ်ကြသော ဒေါက်တာ ဒေါ်နန်းမြသူဇာမောင် နှင့် ဒေါက်တာ ဒေါ်အိဖြူခိုင် တို့အား လှိုက်လှိုက်လှဲလှဲ ကျေးဇူးအထူးတင်ရှိပါသည်။

နှစ်ဘက်သော ဘိုးဘိုးဘွားဘွားများနှင့်
ဖေဖေဦးသူရအောင် + မေမေဒေါ်အေးအေးတူး
ကိုကိုထူးထက်အောင်နှင့် ရှိုင်းထက်အောင်
AMPS Co.,Ltd. & OSC Hospital

## ကန့်ကွက်နိုင်ပါသည်

ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂-ကဲဘဲ့ မြေကွက်အမှတ်- ၇၀၊ မြေကွက်တည်နေရာအမှတ်- ၅၅၊ မိုးကောင်းလမ်း၊ (၁၄)ရပ်ကွက်၊ ရန်ကင်းမြို့နယ် (ဦးထွန်းမြင့်) (၇/မမန(နိုင်)၀၉၁၉၇၆) အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်မြေအား အမည်ပေါက် ဦးထွန်းမြင့်ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်ကျင်ထွေး(ခ)ဒေါ် အေးအေးသိန်း (၇/ပခန(နိုင်)၀၀၀၁၃၇)က ကျမ်းကျိန်လွှာ၊ သေစာ၊ ငြင်းမှုများတင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ် ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာရာတရားဝင်ပိုင်ဆိုင်သော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## rEÅv;wkd;a'o¨u,Duba&;0PDme
## twfifwifac;,bcif

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်၊ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ပြည်သူ့ဆေးရုံတွင် ၄-ခန်းတွဲ ၄-ထပ်ဆောက်လုပ်ခြင်းနှင့် ရေ၊ မီးရရှိရန်ဆောင်ရွက်ခြင်းလုပ်ငန်းကို ဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာပုံစံများ စတင်ရောင်းချမည့်ရက် - ၁၈-၁၀-၂၀၁၆ ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၁၇-၁၁-၂၀၁၆ ရက် ညနေ ၄း၃၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက နေ့စဉ် ရုံးချိန်အတွင်း မန္တလေးတိုင်းဒေသကြီး ကုသရေးဦးစီးဌာနမှူးရုံးခန်း ဖုန်း-၀၂-၇၄၉၀၂၊ ၀၉-၇၇၄၈၁၁၁၇၅ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**မန္တလေးတိုင်းဒေသကြီးကုသရေးဦးစီးဌာန**

## ခြံရောင်းမည်
## (ညိုနိုင်းဈေး)

သန်လျင်၊ ကျိုက်အင်း ပေ (၄၀×၆၅)၊ ထောင့်ကွက်၊ ကားနှင့်လဲမည်။
**ဖုန်း-၀၉-၄၅၀၈၅၀၅၃၁/၂**

## ပျောက်ဆုံးခြင်း

ကျွန်မ ဒေါ်အမာကြည် [၁၂/သလန(နိုင်)၀၇၀၀၆၁] ပိုင် ဖြူ(၃) [ရညန/ရက-၄၈၇]၏ရေယာဉ်လုပ်ငန်းလိုင်စင် အပိုင်း(၁)နှင့်(၂)တို့မှာ ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၅၄၀၂၂၂၉၃**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၇-၁၀-၂၀၁၆ ရက် ကြေးမုံသတင်းစာ စာမျက်နှာ (၃၀) ပါ ကြေညာခြင်းတွင် လွှဲအပ်ညွှန်ကြားသူ ဒေါ်မသန်းနုအစား ဒေါ်မသိန်းနုဟု ပြင်ဆင်ဖတ်ရှုပါရန်။ **ဒေါ်စန်းစန်းရီ**
**တရားလွှတ်တော်ရှေ့နေ**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၈-၁၀-၂၀၁၆ ရက် ကြေးမုံသတင်းစာ စာမျက်နှာ (၂၂)ပါ ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက် တရားလွှတ်တော်ရှေ့နေ ဦးဘမော် ကြော်ငြာတွင် ၂၂-၉-၂၀၁၄ ရက်စွဲပါ မှတ်ပုံတင်အမှတ်-၁၃၅၁၈/၂၀၁၄ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ပျောက်ဆုံး

ကျွန်တော် ဦးအေးကို ကိုင်ဆောင်ထားသော EER လက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါ။ ကျေးဇူးဆပ်ပါမည်။
**ဖုန်း-၀၉၈၆၂၈၇၆၀**

## အရောင်းပြခန်းဖွင့်ရန် မြေညီ(၂)လွှာငှားမည်

ပွင့်လင်းရာသီတွင် လူနေရန်နှင့် အရောင်းပြခန်းဖွင့်ရန် သင့်တော်သည့်နေရာကောင်း မြေညီထပ်(၂)လွှာငှားမည်။ လမ်းမတော်မြို့နယ်၊ လမ်းသစ်လမ်း၊ Junction မော်တင်စင်တာ ဝင်/ထွက်ပေါက်ရှေ့တည့်တည့်၊ ရေချိုးခန်း၊ အိမ်သာ(၂)စုံ ပေ(၁၂၅×၅၀) မြေညီ(၂လွှာ)၊ တစ်လ(၁၈)သိန်း(ညှိနှိုင်း)၊ အကျိုးဆောင်လက်ခံသည်။ **ဖုန်း-၀၉-၅၀၂၀၈၀၀၊ ၀၉-၅၁၄၁၆၆၇**

## opfwmopyfif'bpcift p0pfly,dt vWe




**IT**
- SYSTEM CREATOR COURSE
- PC DESIGN CREATOR COURSE
- IT OFFICE MANAGEMENT COURSE

IT ဘာသာရပ်ကို လေ့လာသင်ယူမည့် ကျောင်းသားကျောင်းသူများအတွက် ဂျပန်ဘာသာရပ်ကို အခမဲ့ တွဲဖက် သင်ကြားပေးပါမည်။

တက္ကသိုလ် ဝင်တန်း အောင်မြင်ပြီးသူများနှင့် တက္ကသိုလ် တက်ရောက်နေသူများအတွက် " Great Chance "

METRO IT & Japanese Language Centre

System Creator Course
ဆိုင်ရာ ရှင်းလင်းပွဲ

Date : 23 . 10 . 2016 ( Sunday )
Time : 1 : 00 pm to 3 : 00 pm
Venue : Metro ( IT & Japanese Language Centre )

Metro IT & Japanese Language Centre တွင် အထက်ပါအစီအစဉ်အတိုင်း Seminarကို ကျင်းပပြုလုပ်မည်ဖြစ်ပြီး စိတ်ပါဝင်စားသူမည်သူမဆို ဖုန်းဖြင့်ကြိုတင်စာရင်း ပေးသွင်း၍ တက်ရောက်ဆွေးနွေး နိုင်ပါသည်။

**01-372691, 09-262007800,09-262007900**

ဂျပန် ကုမ္ပဏီတစ်ခုဖြစ်သော Metro Group မှတည်ထောင်ထားပြီး IT နှင့် ဂျပန်ဘာသာကို တွဲဖက်သင်ကြားပေးသည်။ ကျောင်းစတက်ချိန်မှလုပ်ငန်းခွင်ဝင်ရောက်နိုင်သည်အထိ စီစဉ်ဆောင်ရွက်ပေးမည့် Total Support !

**Only One School In Myanmar !**

Room No(A,B,C,D) တတိယထပ်၊ Kyaw Business Tower Condo၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
လမ်းညွှန် ⇒ ဘားလမ်းမှတ်တိုင်၊ ပန်းဆိုးတန်းမှတ်တိုင် ဆင်းပါ။ ပန်းဆိုးတန်းအလယ်ဘလောက်တွင် တည်ရှိပါသည်။
Mail ⇒ mminfo@metro-myanmar.com
Web ⇒ http://www.metro-myanmar.com/mic

# မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေပြဋ္ဌာန်း

**ယမန်နေ့မှအဆက်**

၂၁။ ကော်မရှင်အဖွဲ့ဝင်တစ်ဦးသည် ကော်မရှင်သို့ တင်ပြလာသည့် အဆိုပြုချက်နှင့်စပ်လျဉ်း၍ တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်၍ အကျိုးစီးပွားပါဝင်ပတ်သက်မှုရှိနေသည်ဆိုပါက အဆိုပါ အကျိုးစီးပွား ပါဝင်ပတ်သက်မှုရှိသည်ဆိုသည့်အကြောင်းကို ကော်မရှင်သို့ အတိအလင်းထုတ်ဖော် ပြောဆိုရမည်။ အဆိုပါထုတ်ဖော်ပြောဆိုချက်ကို ကော်မရှင်၏အစည်းအဝေးမှတ်တမ်းတွင် မှတ်တမ်းပြုရမည်ဖြစ်ပြီး အဆိုပါအဖွဲ့ဝင်သည် ၎င်းအဆိုပြုချက်နှင့်စပ်လျဉ်း၍ ကော်မရှင်၏ ဆုံးဖြတ်ခွင့်၊ လုပ်ငန်းဆောင်ရွက်မှုနှင့် ဆွေးနွေးမှုတို့တွင်ပါဝင်ဆောင်ရွက်ခြင်း မရှိစေရ။

၂၂။ ကော်မရှင်အဖွဲ့ဝင်တစ်ဦးသည် ကော်မရှင်သို့တင်ပြလာသည့် အတည်ပြုလျှောက်ထားလွှာနှင့်စပ်လျဉ်း၍ တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်၍ အကျိုးစီးပွားပါဝင်ပတ်သက်မှုရှိနေသည်ဆိုပါက အဆိုပါအကျိုးစီးပွား ပါဝင်ပတ်သက်မှုရှိသည်ဆိုသည့် အကြောင်းကို ကော်မရှင်ရုံးသို့ အတိအလင်း ထုတ်ဖော်ပြောဆိုရမည်။ အဆိုပါ ထုတ်ဖော်ပြောဆိုချက်ကို ကော်မရှင်ရုံးတွင် မှတ်တမ်းပြုထားရမည်။ အဆိုပါအဖွဲ့ဝင်သည် ၎င်းအတည်ပြု လျှောက်ထားလွှာနှင့်စပ်လျဉ်း၍ ကော်မရှင်ရုံး၏ လုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်ခြင်း မရှိစေရ။

**အခန်း(၆)**

**ကော်မရှင်၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ**

၂၃။ ကော်မရှင်သည် မိမိ၏ လုပ်ပိုင်ခွင့်များကို ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်လျှင် လွတ်လပ်စွာ ဆောင်ရွက်ခွင့်ရှိသည်။

၂၄။ ကော်မရှင်၏တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) နိုင်ငံတော်၏ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(ခ) နိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံသူများနှင့် ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားသူများအတွက် ပေါင်းစပ်ညှိနှိုင်း ကူညီဆောင်ရွက်ပေးရန် အဓိကတာဝန်ရှိသည့် ရုံးဌာနအဖြစ် ဆောင်ရွက်ခြင်း၊

(ဂ) ရင်းနှီးမြှုပ်နှံသူများနှင့် ယင်းတို့၏ ရင်းနှီးမြှုပ်နှံမှုများကို လွယ်ကူချောမွေ့စေရေးအတွက် ကူညီပံ့ပိုးဆောင်ရွက်ပေးခြင်း၊

(ဃ) ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများက တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးမျှော်မှန်းချက်များ ချမှတ်ခြင်းနှင့် အကောင်အထည်ဖော်ခြင်းတို့ ဆောင်ရွက်ရာတွင် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ မူဝါဒများကို အကြံပြုခြင်း၊

(င) ကော်မရှင်ရုံး ဝန်ထမ်းများအတွက် မူဝါဒလမ်းညွှန်ချက်များ သို့မဟုတ် အကြံပြုတိုက်တွန်းချက်များကို ထုတ်ပြန်ခြင်း၊

(စ) ကော်မရှင်၏ လုပ်ငန်းဆောင်ရွက်ချက်များကို နိုင်ငံတော်သမ္မတနှင့် အစိုးရအဖွဲ့သို့ သုံးလတစ်ကြိမ် တင်ပြအစီရင်ခံခြင်း၊

(ဆ) ကော်မရှင်က ခွင့်ပြုသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ဆောင်ရွက်ပြီးစီးမှုနှင့် တိုးတက်ဖြစ်ပေါ်မှု အခြေအနေများကို အစိုးရအဖွဲ့မှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်သို့ နှစ်စဉ် တင်ပြအစီရင်ခံခြင်း၊

(ဇ) ပြည်ထောင်စုနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအမျိုးအစားအရလည်းကောင်း၊ သဘာဝအရင်းအမြစ် အနေအထားအရလည်းကောင်း၊ အလုပ်အကိုင် အခွင့်အလမ်းရရှိရေးအတွက်လည်းကောင်း ပြည်ထောင်စုအစိုးရအဖွဲ့က ခွင့်ပြုပေးနိုင်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များနှင့် ညှိနှိုင်း၍ လုပ်ပိုင်ခွင့် ခွဲဝေသတ်မှတ်ပေးခြင်း၊

(ဈ) ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ လွယ်ကူစေရန်လည်းကောင်း၊ အားပေးအထောက်အကူပြုရန်လည်းကောင်း အစိုးရအဖွဲ့သို့ အကြံပြုတင်ပြဆောင်ရွက်ခြင်း၊

(ည) ရင်းနှီးမြှုပ်နှံသူက သဘာဝသယံဇာတ ပစ္စည်းကိုဖြစ်စေ၊ ရှေးဟောင်းဝတ္ထုပစ္စည်းကိုဖြစ်စေ တွေ့ရှိလျှင် အကြောင်းကြားခြင်းမပြုဘဲ လက်ဝယ်သိမ်းဆည်းထားခြင်း၊ ပုံသဏ္ဌာန်ပြောင်းလဲခြင်း၊ ဖျောက်ဖျက်ခြင်း အစရှိသည်တို့ကို ပြုလုပ်ကြောင်း သိရှိရပါက သက်ဆိုင်ရာ တရားဥပဒေ လုပ်ထုံးလုပ်နည်း စည်းကမ်းများနှင့်အညီ အရေးယူခြင်း၊

(ဋ) ရင်းနှီးမြှုပ်နှံသူနှင့် ၎င်း၏ရင်းနှီးမြှုပ်နှံမှုအား ဤဥပဒေ၊ ဤဥပဒေအရ ပြုလုပ်သော နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်း စာချုပ်ပါအချက်များနှင့်အညီ လိုက်နာဆောင်ရွက်မှုရှိ၊ မရှိ စိစစ်ခြင်း၊ လိုက်နာဆောင်ရွက်မှု မရှိပါက လိုက်နာဆောင်ရွက်စေခြင်းနှင့် လိုက်နာဆောင်ရွက်မှုမရှိသော ရင်းနှီးမြှုပ်နှံသူနှင့် ၎င်း၏ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ဥပဒေနှင့်အညီ အရေးယူခြင်း၊

(ဌ) ကင်းလွတ်ခွင့်၊ သက်သာခွင့်များနှင့် ကန့်သတ်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအမျိုးအစားများကို ပြန်လည်သုံးသပ်ခြင်းနှင့် သုံးသပ်တွေ့ရှိချက်များအား အစိုးရအဖွဲ့သို့ အစီရင်ခံတင်ပြခြင်း၊

(ဍ) အစိုးရအဖွဲ့က အခါအားလျော်စွာ ပေးအပ်သော တာဝန်များကို ထမ်းဆောင်ခြင်း။

၂၅။ ဤဥပဒေပါ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အလို့ငှာ ကော်မရှင်၏လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ရင်းနှီးမြှုပ်နှံမှု မြှင့်တင်မည့်ကဏ္ဍ၊ ရင်းနှီးမြှုပ်မှုလုပ်ငန်း ဆောင်ရွက်ရန် ကန့်သတ်သည့်၊ တားမြစ်သည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအမျိုးအစားများကို သတ်မှတ်၍ အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ထုတ်ပြန်ခြင်း၊

(ခ) နိုင်ငံတော်အတွက် မဟာဗျူဟာအရ အရေးပါသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအမျိုးအစားများ၊ မတည်ငွေရင်း ကြီးမားသည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအမျိုးအစားများ၊ သဘာဝပတ်ဝန်းကျင်နှင့် ဒေသခံလူထုအပေါ် ကြီးမားစွာ သက်ရောက်မှုဖြစ်ပေါ်စေနိုင်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း အမျိုးအစားများကို အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် သတ်မှတ်ခြင်း၊

(ဂ) ရင်းနှီးမြှုပ်နှံသူက ကော်မရှင်သို့ တင်ပြလာသည့် အဆိုပြုချက်သည် နိုင်ငံတော်၏ အကျိုးစီးပွားကို ဖြစ်ထွန်းစေနိုင်သည့်အပြင် ဥပဒေတစ်ရပ်ရပ်နှင့် ညီညွတ်မှုရှိကြောင်း စိစစ်တွေ့ရှိပါက ခွင့်ပြုမိန့်ကို ရင်းနှီးမြှုပ်နှံသူအား ထုတ်ပေးခြင်း၊ ယင်းအခြေအနေများနှင့် မကိုက်ညီပါက ငြင်းပယ်ခြင်း၊

(ဃ) ရင်းနှီးမြှုပ်နှံသူက ကော်မရှင်သို့ အတည်ပြုလျှောက်ထားလွှာကို ပြည့်စုံစွာ တင်ပြလာလျှင် လိုအပ်သည့် စိစစ်မှုများပြုလုပ်၍ ဥပဒေတစ်ရပ်ရပ်နှင့် ဆန့်ကျင်မှုမရှိပါက အတည်ပြုမိန့်ကို ရင်းနှီးမြှုပ်နှံသူအားထုတ်ပေးခြင်း၊

(င) ရင်းနှီးမြှုပ်နှံသူက ခွင့်ပြုမိန့်သက်တမ်း သို့မဟုတ် အတည်ပြုမိန့်သက်တမ်းကို တိုးမြှင့်ပေးရန်ဖြစ်စေ၊ ပြင်ဆင်ပေးရန်ဖြစ်စေ တင်ပြလာလျှင် စိစစ်၍ ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(စ) လိုအပ်ပါက ရင်းနှီးမြှုပ်နှံသူထံမှ ၎င်း၏ရင်းနှီးမြှုပ်နှံမှုနှင့် သက်ဆိုင်သည့် အထောက်အထားများကိုဖြစ်စေ၊ အချက်အလက်များကိုဖြစ်စေ တင်ပြရန် တောင်းခံရယူခြင်း၊

(ဆ) ရင်းနှီးမြှုပ်နှံသူက ခွင့်ပြုမိန့် သို့မဟုတ် အတည်ပြုမိန့်ရရှိရန် ကော်မရှင်သို့ ပူးတွဲ တင်ပြခဲ့သော စာချုပ်စာတမ်း အထောက်အထားများသည် မှန်ကန်မှုမရှိကြောင်း သို့မဟုတ် ခွင့်ပြုမိန့် သို့မဟုတ် အတည်ပြုမိန့်ပါ စည်းကမ်းချက်များအတိုင်း လိုက်နာဆောင်ရွက်ခြင်းမရှိကြောင်း ခိုင်လုံသော သက်သေခံအထောက်အထားများ ပေါ်ပေါက်လျှင် တည်ဆဲဥပဒေနှင့်အညီ အရေးယူနိုင်ရန် စီမံဆောင်ရွက်ခြင်း၊

(ဇ) ရင်းနှီးမြှုပ်နှံသူက ဤဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ ကင်းလွတ်ခွင့်နှင့်သက်သာခွင့်များ ခံစားခွင့်ပြုရန် တင်ပြလျှောက်ထားလာလျှင် လိုအပ်သလို စိစစ်ခွင့်ပြုပေးခြင်း၊

(ဈ) အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့် သို့မဟုတ် နှစ်ရပ်စလုံးအား ခံစားခွင့် မပြုသည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအမျိုးအစားများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ခြင်း၊

(ည) ဤဥပဒေအရ ကော်မရှင်၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန်အလို့ငှာ သက်ဆိုင်သည့် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ရင်းနှီးမြှုပ်နှံသူများ အပါအဝင် အခြားလိုအပ်သော အဖွဲ့အစည်းများထံမှ ကော်မရှင်၏လုပ်ငန်းတာဝန်နှင့် သက်ဆိုင်သည့် အကူအညီများနှင့် သတင်းအချက်အလက်များကို တောင်းခံရယူခြင်း၊

(ဋ) ဤဥပဒေပါပြဋ္ဌာန်းချက်များကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သည့် အစီအမံများ ချမှတ်ဆောင်ရွက်ခြင်း၊

(ဌ) ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း အမျိုးအစားပေါ်မူတည်၍ သင့်လျော်သည့် တည်ဆောက်ရေး ကာလ သို့မဟုတ် ပြင်ဆင်ချိန်ကာလကို စိစစ်ခွင့်ပြုခြင်း၊

(ဍ) အကောက်ခွန်ဦးစီးဌာနမှ ထုတ်ပြန်ထားသော ယာယီတင်သွင်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများအရ ပြည်ပမှတင်သွင်းသော စက်နှင့်စက်ပစ္စည်းကိရိယာများ ယာယီတင်သွင်းခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ညှိနှိုင်းပြီး ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များကို စိစစ်ခွင့်ပြုခြင်း၊

(ဎ) ဤဥပဒေအား ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အငြင်းပွားမှု ဖြေရှင်းသည့်အဆင့်သို့ မရောက်ရှိမီ အငြင်းပွားမှုများအား စနစ်တကျ စိစစ်ခြင်း၊ အကြောင်းအရင်းအမြစ် ဖော်ထုတ်ခြင်း၊ တုံ့ပြန်ခြင်း၊ စုံစမ်းမေးမြန်းခြင်း၊ နစ်နာဆုံးရှုံးမှုများကို ဖြေရှင်းခြင်းစသည့် လုပ်ငန်းများကို ဆောင်ရွက်နိုင်သော စနစ်တစ်ခု တည်ထောင်ခြင်းနှင့် စီမံခန့်ခွဲခြင်း။

၂၆။ ကော်မရှင်ရုံးသည် မှတ်ပုံတင်ခြင်းအပါအဝင် အခြားသော အထွေထွေဝန်ဆောင်စရိတ်များကို သတ်မှတ်ခြင်းနှင့် ကောက်ခံခြင်းတို့ကို ပြုလုပ်နိုင်သည်။

၂၇။ ကော်မရှင်သည် မိမိ၏လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင်ကော်မတီများနှင့် အဖွဲ့ငယ်များကို လိုအပ်သလို ဖွဲ့စည်းနိုင်သည်။

၂၈။ ကော်မရှင်သည် မိမိ၏လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကော်မရှင်ရုံးခွဲများကို ပြည်တွင်း၌ဖြစ်စေ၊ ပြည်ပ၌ဖြစ်စေ အစိုးရအဖွဲ့၏ သဘောတူခွင့်ပြုချက်ဖြင့် လိုအပ်သလို ဖွင့်လှစ်နိုင်သည်။

**အခန်း(၇)**

**အစည်းအဝေးကျင်းပခြင်း**

၂၉။ အစည်းအဝေးများကို အောက်ပါအတိုင်း ကျင်းပဆောင်ရွက်ရမည်-

(က) ကော်မရှင်၏ ပုံမှန်အစည်းအဝေးများကို တစ်လလျှင် အနည်းဆုံး တစ်ကြိမ် ကျင်းပခြင်း၊

(ခ) လိုအပ်ပါက အထူးအစည်းအဝေး ကျင်းပခြင်း။

၃၀။ ကော်မရှင်ဥက္ကဋ္ဌသည် အစည်းအဝေးများတွင် သဘာပတိအဖြစ် ဆောင်ရွက်ရမည်။ အစည်းအဝေးသို့ ဥက္ကဋ္ဌမတက်ရောက်နိုင်သည့်အခါဒုတိယဥက္ကဋ္ဌက သဘာပတိအဖြစ် ဆောင်ရွက်ရမည်။

၃၁။ အစည်းအဝေး ကျင်းပရာတွင် ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌအပါအဝင် ကော်မရှင်အဖွဲ့ဝင် ဦးရေ၏ ထက်ဝက်ကျော်တက်ရောက်မှသာ အစည်းအဝေး အထမြောက်သည်။

၃၂။ ကော်မရှင်သည် အစည်းအဝေးတက်ရောက်သည့် အဖွဲ့ဝင်များ၏ ထက်ဝက်ကျော် သဘောတူညီချက်ဖြင့် ဆုံးဖြတ်ချက်များ ချမှတ်ရမည်။ ယင်းဆုံးဖြတ်ချက်ကို အစည်းအဝေး တက်ရောက်နိုင်ခြင်းမရှိသည့် အဖွဲ့ဝင်များက ကန့်ကွက်ခြင်း၊ ငြင်းပယ်ခြင်း၊ ပြင်ဆင်ပြောင်းလဲရန် အဆိုပြုခြင်း တို့ကို ဆောင်ရွက်ခွင့်မရှိစေရ။

၃၃။ ကော်မရှင်သည် ပညာရပ်ဆိုင်ရာ ကျွမ်းကျင်မှုလိုအပ်သည့် ကိစ္စရပ်များအတွက် သက်ဆိုင်ရာ ဌာနများနှင့် ပြင်ပအဖွဲ့အစည်းများမှ ကျွမ်းကျင်သူများကို အစည်းအဝေးသို့ တက်ရောက်ဆွေးနွေးပေးရန် ဖိတ်ကြားနိုင်သည်။

၃၄။ ကော်မရှင်သည် အစည်းအဝေးသို့ ရင်းနှီးမြှုပ်နှံသူ သို့မဟုတ် ၎င်းကို အထောက်အကူပြုမည့်သူများအား တက်ရောက်ရှင်းလင်းတင်ပြခွင့်နှင့် ဆွေးနွေးခွင့်ပြုနိုင်သည်။

၃၅။ ကော်မရှင်အဖွဲ့ဝင်များသည် ၎င်းတို့၏ ထူးခြားသည့် ဆောက်ရွက်ချက်များကို ကော်မရှင်၏ အနီးကပ်ဆုံး ပုံမှန်အစည်းအဝေးတွင် တင်ပြ၍ အတည်ပြုချက်ရယူရမည်။

**အခန်း(၈)**

**အဆိုပြုချက် တင်သွင်းခြင်း**

၃၆။ ရင်းနှီးမြှုပ်နှံသူသည် နည်းဥပဒေများတွင် ဖော်ပြထားသော အောက်ပါလုပ်ငန်းများအား ကော်မရှင်သို့ အဆိုပြုချက်တင်ပြစေပြီး ခွင့်ပြုမိန့်ရရှိမှသာ ရင်းနှီးမြှုပ်နှံရမည်-

(က) နိုင်ငံတော်အတွက် မဟာဗျူဟာအရ အရေးပါသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း အမျိုးအစားများ၊

(ခ) မတည်ငွေရင်း ကြီးမားသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအမျိုးအစားများ၊

(ဂ) သဘာဝပတ်ဝန်းကျင်နှင့် ဒေသခံလူထုအပေါ် ကြီးမားသော သက်ရောက်မှုဖြစ်စေနိုင်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊

(ဃ) နိုင်ငံတော်ပိုင်မြေနှင့် အဆောက်အအုံများ အသုံးပြုသည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ၊

(င) ကော်မရှင်သို့ အဆိုပြုချက် တင်ပြစေရန် အစိုးရအဖွဲ့ကသတ်မှတ်ထားသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ။

**အခန်း(၉)**

**အတည်ပြုလျှောက်ထားလွှာတင်သွင်းခြင်း**

၃၇။ ရင်းနှီးမြှုပ်နှံသူသည် ပုဒ်မ ၃၆ ပါ လုပ်ငန်းများမှတစ်ပါး အခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့်ပတ်သက်၍ ကော်မရှင်သို့ အဆိုပြုချက် တင်ပြရန်မလို။ သို့ရာတွင် ဤဥပဒေ၏ အခန်း (၁၂) မြေအသုံးပြုခွင့်နှင့် ပုဒ်မ ၇၅၊ ၇၇ နှင့် ၇၈ ပါကင်းလွတ်ခွင့်၊ သက်သာခွင့်တစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ရပ်ထက်ပို၍ဖြစ်စေ၊ အားလုံးကိုဖြစ်စေ ခံစားနိုင်ရန်အလို့ငှာ သတ်မှတ်ပုံစံဖြင့် အတည်ပြုလျှောက်ထားလွှာကို ကော်မရှင်ရုံးသို့ တင်ပြရမည်။

၃၈။ အတည်ပြုလျှောက်ထားလွှာ တင်သွင်းရာတွင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအမျိုးအစားအလိုက် သက်ဆိုင်ရာအဖွဲ့အစည်း၏ ခွင့်ပြုချက် သို့မဟုတ် လိုင်စင် သို့မဟုတ် ပါမစ် သို့မဟုတ် အလားတူ စာရွက်စာတမ်းများ ပူးတွဲတင်ပြရမည်။

၃၉။ ပုဒ်မ ၃၇ အရ တင်ပြလာသော အတည်ပြုလျှောက်ထားလွှာကို ကော်မရှင်ရုံးသည် လိုအပ်သည့် စိစစ်မှုများပြုလုပ်ပြီး ပြည့်စုံပါက လက်ခံခြင်း၊ ပြည့်စုံမှုမရှိပါက ပြင်ဆင်ဖြည့်စွက်၍ ပြန်လည်တင်ပြစေခြင်း ပြုနိုင်သည်။

**အခန်း(၁၀)**

**ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအမျိုးအစားများ သတ်မှတ်ခြင်း**

၄၀။ ရင်းနှီးမြှုပ်နှံမှုတွင် အောက်ပါတို့လည်း အပါအဝင်ဖြစ်သည်-

(က) စီးပွားရေးအဖွဲ့အစည်း၊

(ခ) ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့မပြောင်းနိုင်သောပစ္စည်းနှင့် အခြားပစ္စည်းဆိုင်ရာ အခွင့်အရေးများ၊ ငွေသား၊ အပေါင်ပစ္စည်းများ၊ အပေါင်ခံခွင့်နှင့် ပေါင်နှံခွင့်များ၊ စက်ပစ္စည်း၊ စက်ကိရိယာများ၊ စက်အပိုပစ္စည်းများနှင့် ဆက်စပ်အသုံးအဆောင်များ၊

(ဂ) ကုမ္ပဏီတစ်ခု၏ အစုရှယ်ယာများ၊ စတော့(ခ်)များနှင့် ဒီဘင်ချာခေါ် ငွေချေးသက်သေခံ လက်မှတ်များ၊

(ဃ) နည်းပညာကျွမ်းကျင်မှု၊ တီထွင်မှုမူပိုင်ခွင့်၊ စက်မှုဒီဇိုင်း၊ ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်အပါအဝင် ဥပဒေများနှင့်အညီ အသိဉာဏ်ပစ္စည်းဆိုင်ရာ အခွင့်အရေးများ၊

(င) ငွေရေးကြေးရေးဆိုင်ရာ တန်ဖိုးတစ်ရပ်အဖြစ်ထားရှိသည့်ပဋိညာဉ်စာချုပ်အရ ငွေကြေးအခွင့်အရေးများ သို့မဟုတ် ဆောင်ရွက်မှုများ၊

(စ) အကျိုးအမြတ်ခွဲဝေသည့် သဘောတူစာချုပ်များ သို့မဟုတ် ထုတ်လုပ်ခြင်း၊ စီမံခန့်ခွဲခြင်း၊ ဆောက်လုပ်ခြင်း၊ အလုံးစုံတာဝန်ယူဆောင်ရွက်သည့် စနစ်အပါအဝင် သဘောတူစာချုပ်ပါ အခွင့်အရေးများ၊

(ဆ) သဘာဝသယံဇာတပစ္စည်းများ ရှာဖွေခြင်းနှင့် စမ်းသပ်တိုင်းတာခြင်း၊ ထုတ်လုပ်ခြင်းဆိုင်ရာ အခွင့်အရေးများအပါအဝင် သက်ဆိုင်ရာ ဥပဒေ သို့မဟုတ် ပဋိညာဉ်စာချုပ်အရ ပေးအပ်ထားသည့် လုပ်ငန်းဆိုင်ရာ အခွင့်အရေးများ။

၄၁။ အောက်ပါရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကိုတားမြစ်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအဖြစ် သတ်မှတ်သည်-

(က) နိုင်ငံတော်အတွင်းသို့ ဘေးအန္တရာယ်ရှိသော သို့မဟုတ် အဆိပ်အတောက်ရှိသော စွန့်ပစ်ပစ္စည်းများ သယ်ဆောင်လာနိုင်သည့် သို့မဟုတ် ပေါ်ပေါက်လာနိုင်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊

**ဆက်လက်ဖော်ပြပါမည်။**

# မန္တလေးမြို့အနီး ရေတံခွန်တောင်သွားရာလမ်းကလေးမှာ သာယာလှပသည့်အတွက် ဘုရားဖူးသွားသူများ ခေတ္တအပန်းဖြေရာနေရာတစ်ခုဖြစ်လာ

**မန္တလေး အောက်တိုဘာ ၁၉**
မန္တလေးမြို့ ပုသိမ်ကြီးမြို့နယ်မှာ စိတ်ဝင်စားဖွယ်ရာ နေရာများစွာတည်ရှိသော မြို့နယ်ပင်ဖြစ်သည်။ နိုင်ငံတကာခရီးသွား ဧည့်သည်များ သွားရောက်လေ့လာသည့် ရန်ကင်းတောင် ရေတံခွန်တောင်နှင့် အခြားစိတ်ဝင်စားဖွယ်ရာ လက်မှုလုပ်ငန်းများလည်းရှိသည်။

ယခုအခါ ရေတံခွန်တောင်သွားရာ လမ်းကလေးမှာ ပတ်ဝန်းကျင် လယ်ကွင်းများဖြင့် သာယာလှပလျက်ရှိပြီး ဘုရားဖူးများ၊ ဧည့်သည်များ အထူးသဘောကျသည့်နေရာတစ်ခုအဖြစ် တည်ရှိနေသည်။ ပတ်ဝန်းကျင်တွင် လယ်ကွင်းစိမ်းစိမ်းများနှင့်အတူ တောင်အလှများကို ခံစားရသည့် နေရာဖြစ်ခြင်း၊ ပတ်ဝန်းကျင် ဆူညံမှုကင်းခြင်းတို့ကြောင့် ရုံးပိတ်ရက်များတွင် မန္တလေးမြို့တွင်းမှပင် လာရောက်အပန်းဖြေအနားယူလာကြသည်။ အရိပ်ကောင်းသော အပင်များအောက်တွင် အနားယူရင်း စားသောက်နိုင်ရန် စားဖွယ်စုံရောင်းချပေးလာသည့် ဆိုင်ကလေးများပင် ဖွင့်ထားသည်။

မန္တလေးမြို့ ပုသိမ်ကြီးမြို့နယ်သည် စိတ်ဝင်စားစရာများစွာနှင့် ပြည့်နေသောဒေသပင်ဖြစ်သည်။ ဧရိယာအကျယ်အဝန်း ၂၃၁ ဒသမ ၈၂ စတုရန်းမိုင်ရှိကာ အရှေ့ဘက်တွင် ရှမ်းရိုးမတောင်ကုန်းတောင်တန်းများ ကာစီးထားသည့် လှပသောနေရာပင်ဖြစ်သည်။

ကြိုးဝိုင်းသစ်တော ၃၃၃၄၄ ဧက၊ ကြိုးပြင်ကာကွယ်တော ၄၀၅၄ ဧကရှိကာ သဘာဝအလှအပတို့ဖြင့် ဝန်းရံထားသော ဒေသပင်ဖြစ်သည်။ လှပသောပုသိမ်ကြီးနယ်တွင် ထင်ရှားသော တောင်တန်းကြီးများတည်ရှိကာ တောင်တစ်တောင်စီတွင် ထူးခြားမှုအသီးသီးရှိနေသည်။ ထိုတောင်များမှာ ဟသ်ာဂူတောင်၊ ထူးမတောင်၊ မြေနီတောင်၊ ပြဲတောင်၊ ရေတံခွန်တောင်နှင့် အခြားတောင်များပင်ဖြစ်သည်။

ရေတံခွန်တောင်တွင် သဘာဝအတိုင်း မျောက်များစွာ ကျင်လည်ကျက်စားပြီး နေ့စဉ် ဘုရားဖူးများစွာ လာလေ့ရှိသည်။ ရေတံခွန်တောင်ခြေရှိ ရေကြည်ရွာရောက်သည်နှင့် အဝေးမှ ကြည်ညိုဖွယ်မြင်တွေ့နေရသော အရာတစ်ခုရှိသည်။ ထိုအရာမှာ ရဟန္တာ ၅၀၀ ကျော် တာဝတိံသာမှ ကြွလာဟန်ရုပ်တုများပင်ဖြစ်သည်။ အဝေးမှပင် ကြည်ညိုဖွယ်ဖူးမြင်ရပြီး စီစဉ်တည်ဆောက်ထုလုပ်ခဲ့သည့် စိတ်ကူးများမှာ အံ့သြဖွယ်ပင်ဖြစ်သည်။

သဘာဝဂေဟ စနစ်ကောင်းမွန်ခြင်း တောတောင်ရှုခင်းအလှတို့ဖြင့် လှပခြင်းတို့ကြောင့် ရေတံခွန်တောင်သွားသူများပြားပြီး လှပသော ရေတံခွန်တောင်သွားရာ လမ်းကလေးတွင် ခေတ္တအပန်းဖြေမှုများပင် ပြုလုပ်လာကြောင်း သိရသည်။

**တိမ်တမန်**

## အုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်သင်တန်းဖွင့်

**ဗန်းမော် အောက်တိုဘာ ၁၉**
ကချင်ပြည်နယ် ဗန်းမော်ခရိုင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဖွင့်လှစ်သည့် ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ လုပ်ငန်း စွမ်းဆောင်ရည်မြင့်မားရေး သင်တန်း အမှတ်စဉ်(၂/၂၀၁၆) ဖွင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၁၇ ရက် နံနက် ၈ နာရီခွဲက အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း အောင်တံခွန်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစွမ်းထက်ဝေက အဖွင့်အမှာစကား ပြောကြားရာတွင် နိုင်ငံတော်၏ရည်မှန်းချက်၊ ဦးတည်ချက်နှင့် အမျိုးသားရေးမူဝါဒများကို လုပ်ငန်းလမ်းညွှန်အဖြစ် အကောင်အထည်ဖော် ဆောင်ရွက်တတ်စေရန်၊ လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် အမြင်(၅)မြင်၊ စံ(၅)ရပ်နှင့်အညီ လေ့ကျင့်ဆောင်ရွက်တတ်စေရန်၊ ဌာနမှ ကျင့်သုံးဆောင်ရွက်လျက်ရှိသော တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြားချက်များ၊ စည်းမျဉ်းစည်းကမ်းများကို သိရှိနားလည် သဘောပေါက်ပြီး လုပ်ငန်းခွင်အတွင်း လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်တတ်စေရန်၊ အုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ အနေဖြင့် ခံယူချက်မှန်ကန်ပြီး စိတ်ဓာတ်တိုးတက်မြင့်မားလာရေး၊ အုပ်ချုပ်ရေးစနစ် မှန်ကန်ပြီး စည်းကမ်းလိုက်နာသော၊ စွမ်းရည်ပြည့်ဝသော အုပ်ချုပ်ရေးမှူးများနှင့် ဝန်ထမ်းများဖြစ်ပေါ်လာစေရန် အတွက် ယခုကဲ့သို့ သင်တန်းပို့ချရခြင်းဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ သင်တန်းကို အောက်တိုဘာ ၁၇ ရက်မှ ၂၃ ရက်ထိ ဖွင့်လှစ်သွားမည်ဖြစ်ပြီး သင်တန်းသို့ ရပ်ကွက်၊ ကျေးရွာရေးမှူး ၅၈ ဦးနှင့် စာရေးဝန်ထမ်း ၈၀ စုစုပေါင်း ၁၃၈ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**ခရိုင်ပြန်/ဆက်**



အမှတ် (၁၂) တပ်ခွဲ၊ သဃ်ာန်းကျွန်းတပ်ခွဲမှူး ဒုရဲမှူးသိန်းဝင်း၊ တပ်စု (၁) သဃ်ာန်းကျွန်းတပ်စုမှူး ရဲအုပ်ကြည်ဝင်း၊ တပ်စိတ် (၃) သန်လျင်တပ်စိတ်မှူး ရဲတပ်ကြပ်ဇော်ထိုက်တို့က အောက်တိုဘာ ၁၅ ရက်က သန်လျင်မြို့နယ် အောင်သုခ ဘူတာရုံးခန်း၌ ဘူတာမှတာဝန်ရှိသူများ၊ ရပ်ကွက်နေပြည်သူများနှင့်တွေ့ဆုံ၍ ရထားလမ်းများတွင် လူ၊ ကား၊ ဆိုင်ကယ်နှင့် တိရစ္ဆာန်များ ရထားနှင့်တိုက်မိမှု မဖြစ်ပွားစေရေးအတွက် ပညာပေးဆွေးနွေးမှုများ ပြုလုပ်ခဲ့ပြီး ရထားပို့ဆောင်ရေးလုပ်ငန်းဥပဒေ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ သတင်းနှင့်ဓာတ်ပုံ- ၁၁၈

## ရပ်ကွက်ကျေးရွာ အုပ်ချုပ်ရေးမှူးများ စွမ်းရည်မြှင့် သင်တန်းဖွင့်ပွဲကျင်းပ

**ပုလော အောက်တိုဘာ ၁၉**
ပုလောမြို့နယ်အတွင်းရှိ ရပ်ကွက် ကျေးရွာအုပ်ချုပ်ရေးမှူးများအား လုပ်ငန်းများလွယ်ကူစွာ ဆောင်ရွက်နိုင်ရန်နှင့် ပြည်သူ့အကျိုးကို တိကျ မှန်ကန်စွာသယ်ပိုးနိုင်စေရန် ရည်ရွယ်၍ ပုလောမြို့ ကမ်းရိုးတန်းရတနာခန်းမ၌ အောက်တိုဘာ ၁၇ ရက် ညနေ ၃ နာရီက ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ စွမ်းရည်မြှင့် သင်တန်းဖွင့်လှစ်ခဲ့ကြောင်း သိရသည်။


ရှေးဦးစွာ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါ်လဲ့လဲ့မော်က ပြည်သူက ရွေးချယ်တင်မြှောက်ပေးခဲ့သော အုပ်ချုပ်ရေးမှူးများသည် ပြည်သူများ၏ ဒုက္ခ၊ သုခတို့ကို ပိုမိုနီးနီးကပ်ကပ် သိရှိနိုင်မည်ဖြစ်သည့်အတွက် အရည်အချင်းရှိသော အုပ်ချုပ်ရေးမှူးကောင်းများ ဖြစ်ရန် ရည်ရွယ်၍ သင်တန်းကို ပြုလုပ်ခဲ့ရခြင်းဖြစ်ကြောင်း အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းကို အောက်တိုဘာ ၁၇ ရက်မှ ၂၁ ရက်အထိ နံနက် ၈ နာရီခွဲမှ ညနေ ၄ နာရီအထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်းနှင့် သင်တန်းနည်းပြ ဆရာများအဖြစ် ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးမောင်မောင်သန်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူငါးဦးတို့က သင်တန်းသား စုစုပေါင်း ၇၀ တို့အား သင်တန်းပို့ချသွားမည်ဖြစ် ကြောင်းသိရသည်။

**မြို့နယ် ပြန်/ ဆက်**

## အထက်မြန်မာပြည်တွင်ပထမဆုံး STREET PHOTOGRAPHY ဓာတ်ပုံပြပွဲမဂ်လာမန္တလေးတွင်ကျင်းပ



**မန္တလေး အောက်တိုဘာ ၁၉**
ရန်ကုန်မြို့နှင့် မန္တလေးမြို့များမှ ဓာတ်ပုံဆရာ ၄၆ ဦး စုစည်းပြသသည့် STREET PHOTOGRAPHY ဓာတ်ပုံပြပွဲဖွင့်ပွဲကို အောက်တိုဘာ ၁၆ ရက် နံနက် ၉ နာရီက မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် ၇၃ လမ်း၊ သဇင်လမ်းနှင့် ငုရွှေဝါလမ်းကြားရှိ မင်္ဂလာမန္တလေး Block(7). Unit(9).Wood Street အတွင်း ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးမြို့ရှိ ဓာတ်ပုံပညာရှင်များ၊ သတင်းမီဒီယာများ၊ ဓာတ်ပုံဝါသနာရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ အခမ်းအနားတွင် စာရေးဆရာ၊ ဓာတ်ပုံဝါသနာရှင် ညီပုလေးကပြပွဲကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာသူများက ပြသထားသောဓာတ်ပုံများကို ကြည့်ရှုလေ့လာကြသည်။

STREET PHOTOGRAPHY ဓာတ်ပုံပြပွဲတွင် ရန်ကုန်၊ မန္တလေးမြို့များရှိ အခြေခံလူတန်းစားများ လမ်းများပေါ်တွင် ဖြတ်သန်းသွားလာနေထိုင်ရင်း ဘဝရပ်တည်ခဲ့ရပုံများကို ရိုက်ကူးပြသထားသည်။ ဓာတ်ပုံပြပွဲကို အောက်တိုဘာ ၁၈ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ည ၉ နာရီအထိ ပြသခဲ့ကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

## မြေယာနှင့်ပတ်သက်သည့် ဥပဒေအမြင်ဖွင့် ဆွေးနွေးပွဲပြုလုပ်

**ကျောက်မဲ အောက်တိုဘာ ၁၉**
ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့၌ မြန်မာနိုင်ငံပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှု၊ တာဝန်ခံမှု ဆိုင်ရာ အရပ်ဘက်မဟာမိတ်အဖွဲ့မှ ကြီးမှူးကျင်းပသည့် မြေယာနှင့်ပတ်သက်သည့် ဥပဒေအမြင်ဖွင့်ဆွေးနွေးပွဲကို အောက်တိုဘာ ၁၆ ရက် နံနက်ပိုင်းက အမှတ်(၁)ရပ်ကွက် မြို့ကျက်သရေဆောင်ခန်းမ၌ ကျင်းပသည်။

အဆိုပါ ဆွေးနွေးပွဲတွင် ကျောက်မဲမြို့နယ်အတွင်းရှိ မန်ခါး၊ ဟိုင်းပု၊ မြို့ဟောင်း၊ မြို့သစ်၊ ပိန္နဲကုန်း၊ ရွာသစ်၊ မန်ကောင်းမူ၊ ကုန်းသာ အစရှိသည့်ကျေးရွာများမှ တောင်သူများ၊ မြေယာကိစ္စနှင့် ပတ်သက်သည့် ဥပဒေစိတ်ဝင်စားသူများ တက်ရောက်ခဲ့ရာ မြေယာနှင့် ပတ်သက်သည့်ဥပဒေ အမြင်ဖွင့်ဆွေးနွေးရာတွင် တရားလွှတ်တော်ရှေ့နေ ဦးမြင့်သွင် (ရန်ကုန်)က နိုင်ငံသားတိုင်း နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များကို သိရှိရန်လိုအပ်ကြောင်း၊ နိုင်ငံတော်၏ အချုပ်အခြာအာဏာသည် နိုင်ငံသားအားလုံးနှင့် သက်ဆိုင်ကြောင်း၊ ကျေးရွာနေပြည်သူများအနေဖြင့် မိမိတို့ပိုင်ဆိုင်ထားသောမြေသည် မည်သည့်မြေအမျိုးအစားဖြစ်သည်ကို သိရှိရန်လိုအပ်ကြောင်း၊ မည်သည့် အထောက်အထားတွေရှိရန် လိုအပ်သည်ကို သိရှိထားရန်လိုအပ်ကြောင်း အသေးစိတ်ရှင်းလင်းခဲ့သည်။

ဆက်လက်၍ မြို့မြေ၊ ရွာမြေ၊ စားကျက်မြေ၊ ဘုံမြေ၊ သုသာန်မြေ၊ အခွန်လွတ်သာသနာမြေ၊ လယ်ယာမြေစသည့် မြေအမျိုးအစားအလိုက် ပိုင်ဆိုင်မှု အထောက်အထား ဥပဒေ၊ နည်းဥပဒေများအား ရှင်းလင်းဆွေးနွေးခဲ့သည်။

ယင်းနောက် တက်ရောက်လာသောတောင်သူများက မိမိတို့ပိုင်ဆိုင်ထားသည့် မြေယာများနှင့် ပတ်သက်၍ သိလိုသည့် အကြောင်းအရာများ၊ တွေ့ကြုံနေရသည့် အခက်အခဲများအား မေးမြန်းခဲ့ရာ တရားလွှတ်တော်ရှေ့နေ ဦးမြင့်သွင်က ပြန်လည်ရှင်းလင်း ဖြေကြားဆွေးနွေးခဲ့ကြောင်း သိရသည်။

**ကျောက်မဲခရိုင်ပြန်/ဆက်**

## သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဆရာဖြစ်သင်တန်းပို့ချ

**လောင်းလုံး အောက်တိုဘာ ၁၉**
မြန်မာနိုင်ငံအနှံ့ ပြည်နယ်နှင့်တိုင်းဒေသကြီးတို့တွင် သဘာဝဘေးအန္တရာယ်များ ကျရောက်လျက်ရှိသည့်အတွက် သဘာဝဘေးအန္တရာယ်ကျရောက်လာပါက ကြိုတင်ပြင်ဆင်ခြင်းများ၊ သတိပေးခြင်းများ၊ ပြန်လည်ကယ်ဆယ်ရေးနှင့် ထူထောင်ရေးလုပ်ငန်းများ အရန်သင့်ဖြစ်နေစေရန် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနနှင့် ဝေါလ်ဗွီရှင်(မြန်မာ)တို့ ပူးပေါင်း၍သဘာဝဘေး အန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဆရာဖြစ် သင်တန်းကို အောက်တိုဘာ ၁၈ ရက် နံနက် ၉ နာရီက ထားဝယ်ခရိုင် လောင်းလုံးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး ဗထူးခန်းမ၌ ကျင်းပပြုလုပ်ကြောင်း သိရသည်။

အဆိုပါသင်တန်းတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးဦးအေးလူက အဖွင့်အမှာစကားပြောကြားပြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန တနင်္သာရီတိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဒေါ်တင်တင်ချိုက သဘာဝဘေးအန္တရာယ်သင်တန်းဖွင့်လှစ်ရခြင်းအကြောင်း ရှင်းလင်းခြင်းနှင့် ဝေါလ်ဗွီရှင်း (မြန်မာ) ဇုန်မန်နေဂျာဦးအောင်ကျော်စိုးက လုပ်ငန်းဆောင်ရွက်မှုများပြောကြားကာ သင်တန်းအတွက် သင်ထောက်ကူပစ္စည်းများအား တာဝန်ရှိသူက သင်တန်းသားထံ ပေးအပ်ခဲ့ကြောင်း သိရသည်။


ယင်းသင်တန်းသို့ သင်တန်းသား ၃၀ တက်ရောက်ကာ အောက်တိုဘာ ၁၈ ရက်မှ ၂၀ ရက်အထိ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန၊ မီးသတ်ဦးစီးဌာန၊ ကြက်ခြေနီအသင်း၊ မိုးဇလဦးစီးဌာန၊ ကျန်းမာရေး ဦးစီးဌာန တို့က သင်တန်းပို့ချကြောင်း သိရသည်။

**စိုးထွန်း(ပြန်/ဆက်)လောင်းလုံး**

လာလီဂါရင်ခုန်သံ-၉

# ဆီဗီလာကိုအနိုင်ရဖို့ခက်ခဲမယ့် အက်သလက်တီကို

စပိန်လာလီဂါ ပွဲစဉ်-၈ မှာတော့ ရီးယဲလ်၊ အက်သလက်တီကို၊ ဘာစီလိုနာစတဲ့အသင်းကြီးတွေဂိုးပြတ်နိုင်ပွဲတွေရခဲ့ကြသလို ဆီဗီလာကလည်း အဝေးကွင်းနိုင်ပွဲစတင်ရယူနိုင်ခဲ့ပါတယ်။ ဒါကြောင့်လည်း ဒီပွဲစဉ် ၉ မှာ အဆိုပါအသင်းကြီးတွေနိုင်ပွဲဆက်နိုင်မလားဆိုတာ စောင့်ကြည့်ရဖို့ရှိနေပါတယ်။



## ရှိုင်း မင်း မင်း

| ထိပ်တန်းဂိုးသွင်းရှင်များ | |
|---|---|
| ဂရစ်ဇ်မန်း( အက်သလက်တီကို) | - ၆ဂိုး |
| ဆွာရက်ဇ်( ဘာစီလိုနာ) | - ၆ဂိုး |
| အဒူရစ်ဇ်( ဘီဘာအို) | - ၅ဂိုး |
| မက်ဆီ(ဘာစီလိုနာ) | - ၅ဂိုး |
| အယ်လ်ကန်တာရာ (ဘာစီလိုနာ) | - ၄ဂိုး |
| ဆန်းတို့စ်(ဘာစီလိုနာ) | - ၄ဂိုး |

ပွဲစဉ် (၈)အပြီး အသင်းများ ရပ်တည်မှု အမှတ်ပေးဇယား

| စဉ် | အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | ဂိုးကွာ | ရမှတ် |
|---|---|---|---|---|---|---|---|---|---|
| ၁ | အက်သလက်တီကို | ၈ | ၅ | ၃ | ၀ | ၂၀ | ၃ | ၁၈ | ၁၈ |
| ၂ | ရီးယဲလ်မက်ဒရစ် | ၈ | ၅ | ၃ | ၀ | ၂၂ | ၈ | ၁၄ | ၁၈ |
| ၃ | ဆီဗီလာ | ၈ | ၅ | ၂ | ၁ | ၁၆ | ၁၂ | ၄ | ၁၇ |
| ၄ | ဘာစီလိုနာ | ၈ | ၅ | ၁ | ၂ | ၂၆ | ၁၀ | ၁၆ | ၁၆ |
| ၅ | ဗီလာရီးယဲလ် | ၈ | ၄ | ၄ | ၀ | ၁၄ | ၄ | ၁၀ | ၁၆ |
| ၆ | ဘီဘာအို | ၈ | ၅ | ၀ | ၃ | ၁၃ | ၁၀ | ၃ | ၁၅ |
| ၇ | လက်စ်ပါးမက်စ် | ၈ | ၃ | ၃ | ၂ | ၁၆ | ၁၃ | ၃ | ၁၂ |
| ၈ | အီဘား | ၈ | ၃ | ၂ | ၃ | ၁၁ | ၁၀ | ၁ | ၁၁ |
| ၉ | အလာဗက်စ် | ၈ | ၂ | ၄ | ၂ | ၉ | ၈ | ၁ | ၁၀ |
| ၁၀ | ရီးယဲလ်ဆိုစီဒက် | ၈ | ၃ | ၁ | ၄ | ၁၁ | ၁၂ | -၁ | ၁၀ |
| ၁၁ | လီဂါနက်စ် | ၈ | ၃ | ၁ | ၄ | ၉ | ၁၃ | -၄ | ၁၀ |
| ၁၂ | ဆယ်တာဗီဂို | ၈ | ၃ | ၁ | ၄ | ၉ | ၁၆ | -၇ | ၁၀ |
| ၁၃ | မာလာဂါ | ၈ | ၂ | ၃ | ၃ | ၈ | ၁၀ | -၂ | ၉ |
| ၁၄ | ဗလင်စီယာ | ၈ | ၃ | ၀ | ၅ | ၁၁ | ၁၅ | -၄ | ၉ |
| ၁၅ | ဒီပို့တီဗို | ၈ | ၂ | ၂ | ၄ | ၅ | ၁၀ | -၅ | ၈ |
| ၁၆ | ဘက်တစ် | ၈ | ၂ | ၂ | ၄ | ၉ | ၁၈ | -၉ | ၈ |
| ၁၇ | အက်စ်ပန်ညို | ၈ | ၁ | ၄ | ၃ | ၉ | ၁၄ | -၅ | ၇ |
| ၁၈ | စပို့တင်းဂီဂျွန် | ၈ | ၂ | ၁ | ၅ | ၇ | ၁၈ | -၁၁ | ၇ |
| ၁၉ | အိုဆာစူနာ | ၈ | ၁ | ၃ | ၄ | ၁၀ | ၁၇ | -၇ | ၆ |
| ၂၀ | ဂရန်နာဒါ | ၈ | ၀ | ၂ | ၆ | ၈ | ၂၃ | -၁၅ | ၂ |

### အိုဆာစူနာ - ဘက်တစ်
နံနက် ၁း၁၅ (၂၂-၁၀-၁၆)

ဘက်တစ်က နောက်ဆုံးကစားခဲ့တဲ့ပွဲမှာ ရီးယဲလ်ကို ဂိုးပြတ်ရှုံးနိမ့်ခဲ့ရသလို နှစ်ပွဲဆက်တိုက်ရှုံးနိမ့်ခဲ့ရတာကြောင့်လည်း နိုင်ပွဲ ပြန်လည်ရ ယူနိုင်ဖို့အတွက် အားစိုက်လာမှာ သေချာနေပါတယ်။ အိုဆာစူနာကတော့ အိမ်ကွင်းမှာ ကစားရမှာဖြစ်ပေမယ့် ခြေစွမ်းပိုင်းကတည်ငြိမ်မှု မရှိတာကြောင့်လည်း ဘက်တစ်တို့ အခွင့်အရေးရနိုင်ပါတယ်။ အိုဆာစူနာအိမ်ကွင်းဖြစ်ပေမယ့်လည်း ဘက်တစ်ရဲ့ရှုန်းအားကြောင့် သရေ ကျသွားနိုင်ပါတယ်။

### ဗလင်စီယာ - ဘာစီလိုနာ
ည ၈း၄၅ (၂၂-၁၀-၁၆)

ပွဲကောင်းတစ်ပွဲဖြစ်ပါတယ်။ ဗလင်စီယာက ခြေစွမ်းပိုင်းအရ ထင်သလောက်ကောင်းမွန်လာခြင်းမရှိပေမယ့်လည်း အိမ်ကွင်းဖြစ်တာကြောင့် ရလဒ်ကောင်းရယူနိုင်ဖို့အတွက်တော့ ဂရုတစိုက်ကစားလာမှာသေချာနေပါတယ်။ ဘာစီလိုနာကတော့ချန်ပီယံလိဂ်ကစားခဲ့ရတာကြောင့် ပွဲပန်းမှုတွေရှိလာနိုင်ပါတယ်။ ဒါပေမယ့် ဘာစီလိုနာ အနေနဲ့လည်း အမှားမခံလို့ အားစိုက်ကစားမှာဖြစ်တာကြောင့် ဘာစီလိုနာကပ်နိုင်ခြေရှိတယ်။

### ဂရန်နာဒါ - ဂီဂျွန်
နံနက် ၁း၁၅ (၂၃-၁၀-၁၆)

အက်သလက်တီကိုအသင်းကို ဂိုးပြတ်အရေးနိမ့်ခဲ့ရတာကြောင့် ဂရန်နာဒါတို့ နိုင်ပွဲပြန်လည်ရယူကာသိက္ခာဆယ်နိုင်ဖို့အားစိုက်လာမှာ သေချာနေပါတယ်။ အိမ်ကွင်းလည်းဖြစ်နေပါတယ်။ ဂီဂျွန်ကတော့ ခြေစွမ်းပိုင်းတည်ငြိမ်မှု အားနည်းပြီးအဝေးကွင်းနိုင်ပွဲလည်း ရယူနိုင်မှု မရှိသေးပါဘူး။ ဂရန်နာဒါတို့နိုင်ပွဲရယူနိုင်ခြင်းမရှိသေးပေမယ့် ဒီပွဲမှာတော့ သရေလောက်ကစားနိုင်ဖို့ရှိနေပါတယ်။

### ဆီဗီလာ - အက်သလက်
ည ၈း၄၅ (၂၃-၁၀-၁၆)

ပွဲကောင်းတစ်ပွဲဖြစ်ပါတယ်။ နှစ်သင်းစလုံး ချန်ပီယံလိဂ်ပွဲတွေ ကစားခဲ့ရတာကြောင့်ပွဲပန်းလာနိုင်ပေမယ့် အရေးပါတဲ့ဆုံတွေ့မှု ဖြစ်နေတာကြောင့် နိုင်ပွဲရအောင်အားစိုက်လာကြမှာ သေချာနေတယ်။ လက်ရှိအချိန်မှာ အက်သလက်တီကိုက ခြေစွမ်းပိုင်းကောင်းမွန်နေပေမယ့် ဆီဗီလာခြေကလည်း ကောင်းမွန်နေကာ အိမ်ကွင်းပွဲတွေမှာ ခြေစွမ်းပိုင်းပိုမိုကောင်းမွန်တတ်ပါတယ်။ ဒါကြောင့်လည်း အက်သလက်တီကိုတို့အခက်တွေ့နိုင်ကာသရေလောက်ပဲရမယ်။

### မာလာဂါ - လီဂါနက်စ်
ည ၁၁း၀၀ (၂၃-၁၀-၁၆)

မာလာဂါက နောက်ဆုံးကစားခဲ့တဲ့ပွဲမှာ အလာဗက်စ်ကိုသရေကစားနိုင်ခဲ့တယ်ဆိုပေမယ့်ခြေစွမ်းပိုင်းက သာမန်ထက်မပိုပါဘူး။ ဒါပေမယ့်လည်း မာလာဂါဟာ အိမ်ကွင်းပွဲတွေမှာတော့ကစားပုံက ကောင်းမွန်တတ်ပြီး အိမ်ကွင်းမှာတစ်ပွဲသာရှုံးနိမ့်ခဲ့ပါတယ်။ ဒီပွဲမှာလည်းမာလာဂါတို့နိုင်ပွဲရဖို့အိမ်ကွင်းအားနဲ့ဖိအားပေးလာမှာဖြစ်ပါတယ်။ ဒါပေမယ့် လီဂါနက်စ်ကလည်း အဝေးကွင်းမှာရလဒ်ပိုမိုကောင်းမွန် တတ်ပါတယ်။ သရေကျဖို့များနေပါတယ်။

### အက်စ်ပန်ညို - အီဘား
ညနေ ၅း၃၀ (၂၂-၁၀-၁၆)

အက်စ်ပန်ညောခြေစွမ်းပိုင်းက ကျဆင်းနေပါတယ်။ နောက် ဆုံးပွဲ၌မှာလည်း လက်စ်ပဲမက်စ်ကိုအနိုင်မရခဲ့သလို နောက်ဆုံး ငါးပွဲမှာလည်းတစ်ပွဲသာအနိုင်ရခဲ့တာကိုတွေ့ရပါတယ်။ ဒါပေမယ့်လည်း ဒီပွဲစဉ်က အိမ်ကွင်းဖြစ်တာကြောင့် အက်စ်ပန်ညိုတို့နိုင်ပွဲပြန်လည်ရယူနိုင်ဖို့အားစိုက်လာမှာသေချာနေပါတယ်။ အီဘားခြေကလည်း မဆိုးဘူးဆိုပေမယ့် အက်စ်ပန်ညိုကအိမ်ကွင်းအားနဲ့ထိန်းကစားမှာဖြစ်လို့ ဒီပွဲလည်းသရေကျသွားနိုင်ပါတယ်။

### ဆိုစီဒက်စ် - အလာဗက်စ်
ည ၁၁း၀၀ (၂၂-၁၀-၁၆)

အလာဗက်စ်က နောက်ဆုံးပွဲစဉ်မှာ မာလာဂါကို သရေသာကစားနိုင်ခဲ့တာကြောင့် နိုင်ပွဲရယူနိုင်ဖို့ အားစိုက်လာမှာသေချာနေပါတယ်။ ဒါပေမယ့်လည်း အလာဗက်စ်ဟာ အဝေးကွင်းပွဲတွေမှာခြေ စွမ်းပိုင်းကျဆင်းတတ်ပါတယ်။ ဆိုစီဒက်စ်ကတော့ အိမ်ကွင်းခြေစွမ်းပိုင်းကောင်းမွန်မှုရှိပါတယ်။ ဒီပွဲမှာလည်း နိုင်ပွဲရယူနိုင်ဖို့အတွက်အိမ် ကွင်းအားနဲ့ဖိအားပေးကစားလာမှာ သေချာနေပါတယ်။ ဆိုစီဒက်စ်ပဲအနိုင်ကပ်ရသွားဖို့ရှိပါတယ်။

### ဆယ်လ်တာဗီဂို - ဒီပို့တီဗို
ညနေ ၄း၃၀ (၂၃-၁၀-၁၆)

ဆယ်လ်တာဗီဂိုက ယူရိုပါလိဂ်ကစားခဲ့ရတာကြောင့်ပွဲပန်းမှုတွေ ရှိလာနိုင်ပါတယ်။ ဒါပေမယ့် အိမ်ကွင်းဖြစ်တာကြောင့် နိုင်ပွဲရယူနိုင်ဖို့တော့ အားစိုက်လာမှာသေချာနေပါတယ်။ ဘာစီလိုနာကို လေးဂိုးပြတ်ရှုံးနိမ့်ခဲ့ရတဲ့ ဒီပို့တီဗိုကတော့ အဝေးကွင်းပွဲတွေမှာအခုအချိန်အထိ နိုင်ပွဲရယူနိုင်ခြင်းမရှိသေးပါဘူး။ ဒါကြောင့်လည်း အိမ်ကွင်းမှာ ခြေပိုမိုကောင်းမွန်တတ်တဲ့ဆယ်လ်တာဗီဂိုတို့အခွင့်အရေးရနိုင်ပါတယ်။ ဆယ်လ်တာဗီဂိုပဲနိုင်ပွဲရမယ်။

### ဗီလာရီးယဲလ် - လက်စ်ပါးမက်စ်
ည ၁၁း၀၀ (၂၃-၁၀-၁၆)

လက်စ်ပါးမက်စ်ခြေစွမ်းပိုင်းကကျဆင်းနေပါတယ်။ နောက်ဆုံး ပွဲစဉ်မှာ အက်စ်ပန်ညိုကို သရေသာကစားနိုင်ခဲ့ကာ နောက်ဆုံး လေးပွဲဆက်တိုက်အနိုင်မရခဲ့ပါဘူး။ အထူးသဖြင့် အဝေးကွင်းပွဲတွေမှာ ဆိုရင်ခံစစ်ပိုင်းက အားနည်းမှုပိုများတတ်လို့ ဗီလာရီးယဲလ် တိုက်စစ်ပိုင်းကို ထိန်းချုပ်နိုင်ဖို့ခက်ခဲနိုင်ပါတယ်။ ဗီလာရီးယဲလ်က ယူရိုပါလိဂ်ကစားခဲ့ရမှာဖြစ်ပေမယ့် အိမ်ကွင်းအားနဲ့ဖိအားပေးနိုင်ဖို့ကြိုးစားသွားမှာသေချာနေပါတယ်။ ဗီလာရီးယဲလ်ပဲ ကပ် နိုင်မယ်။

### ရီးယဲလ် - ဘီဘာအို
နံနက် ၁း၁၅ (၂၄-၁၀-၁၆)

နှစ်သင်းစလုံး ဥရောပပွဲတွေကစားခဲ့ရတာကြောင့်ပွဲပန်းနေနိုင်ကြပေမယ့်လည်း ချန်ပီယံလိဂ်ကစားခဲ့ရတဲ့ ရီးယဲလ်ကယူရိုပါလိဂ်ကစားခဲ့ရတဲ့ ဘီဘာအိုထက်နားရက်ပိုရထားပါတယ်။ ရီးယဲလ်အနေနဲ့အိမ်ကွင်း လည်းဖြစ်နေတာကြောင့် နိုင်ပွဲဆက်နိုင်အောင်အားစိုက်လာမှာ သေချာ နေပါတယ်။ ဒါပေမယ့်ဘီဘာအိုခြေကလည်း ကောင်းမွန်မှုရှိတာကြောင့် ရီးယဲလ်တို့ လွယ်လွယ်တော့အနိုင်မရနိုင်ပါဘူး။ ရီးယဲလ်အိမ်ကွင်းမှာ ကပ်ပြီးသာနိုင်ပွဲရနိုင်ပါတယ်။

## ဘာစီလိုနာနှင့် နောက်ဆုံးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်ဟု မာရှေယာနိုဆို



ဘာစီလိုနာနှင့် အာဂျင်တီးနား နောက်ခံလူ မာရှေယာနိုက ဘာစီလိုနာအသင်းနှင့် ၂၀၁၉ ခုနှစ်အထိ သက်တမ်းရှိစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ပြီးနောက် ယင်းစာချုပ်မှာ သူနှင့် ဘာစီလိုနာတို့အကြား နောက်ဆုံးလက်မှတ်ရေးထိုးသည့်စာချုပ်ဖြစ်ကြောင်း ပြောကြားခဲ့သဖြင့် ဘာစီလိုနာမှ ၂၀၁၉ ခုနှစ်တွင် ထွက်ခွာမည်ကို အတည်ပြုခဲ့သည်။ အောက်တိုဘာ၁၈ရက်တွင် မာရှေယာနိုသည် ဘာစီလိုနာနှင့် သုံးနှစ် သက်တမ်းတိုး စာချုပ်ကို လက်မှတ်ရေးထိုးပြီးနောက် ယခုကဲ့သို့ ပြောကြားလိုက်ခြင်းဖြစ်သည်။

"ဒါက ဒီနေရာမှာ နောက်ဆုံး လက်မှတ်ရေးထိုးခြင်းဖြစ်တယ်လို့ ခင်ဗျားတို့ ကို ကျွန်တော် အတည်ပြုနိုင်ပါတယ်။ဘာစီလိုနာမှာပဲ ခြောက်နှစ်တာကာလဖြတ်သန်းပြီးနောက် နောက်ထပ် သုံးနှစ်လောက် ဆက်ရှိရဦးမယ်ဆိုတာကလည်း ကျေနပ်စရာပါ" ဟု မာရှေယာနိုက ပြောကြားခဲ့သည်။

မာရှေယာနိုသည် ဝက်စ်ဟမ်း၊ လီဗာပူးအသင်းတို့တွင် ကစားခဲ့ပြီး ၂၀၁၀ခုနှစ်တွင် လီဗာပူးမှ ဘာစီလိုနာသို့ ပြောင်းရွှေ့လာခဲ့သူဖြစ်သည်။ သူသည် လက်ရှိတွင် အသက်(၃၂)နှစ်ရှိပြီဖြစ်ရာ ၂၀၁၉ခုနှစ်အရောက်တွင် အသက် (၃၅)နှစ်ရှိမည်ဖြစ်သောကြောင့် ယခုစာချုပ်သက်တမ်းကုန်ဆုံးလျှင် ဘာစီလိုနာဘက်မှလည်း စာချုပ်သက်တမ်းထပ်မံတိုးမြှင့်ရန် အလားအလာ နည်းပါးသွားပြီဖြစ်သည်။

မေလဲ့သင်း

# ကြို့ပင်ကောက်တွင် ကျောင်းပြင်ပမူလတန်းပညာရေးလုပ်ငန်း ဖွင့်ပွဲကျင်းပ

**ကြို့ပင်ကောက် အောက်တိုဘာ ၁၉**
ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ်တွင် ကျောင်းပြင်ပ မူလတန်းပညာရေးလုပ်ငန်း ဖွင့်ပွဲအခမ်းအနားကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၁၈ ရက် နံနက် ၉ နာရီက ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇေယျက အဖွင့်အမှာစကား ပြောကြားပြီး ဒုတိယမြို့နယ်ပညာရေးမှူး ဦးတင့်ဆွေက "အခြေခံမူလတန်းပညာကို လုံးဝမသင်ကြားရတဲ့ ကလေးငယ်တွေ မူလတန်းပညာမပြီးဆုံးသေးဘဲ အကြောင်းအမျိုးမျိုးကြောင့် ကျောင်းပြင်ပရောက်သွားတဲ့ ကလေးငယ်တွေနဲ့ အခြေခံမူလတန်းအဆင့်ကို ကျောင်းပြင်ပပညာရေးကို အောင်မြင်ပြီး အလယ်တန်းပညာရေးကို ဆက်လက်သင်ကြားသွားနိုင်စေဖို့ အဓိကရည်ရွယ်ပြီး သင်ကြားပေးခဲ့တာ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်မှာ ကျောင်းပြင်ပပညာရေးမှာ ကြို့ပင်ကောက်မြို့က ၇၁ ရာခိုင်နှုန်းအောင်မြင်ခဲ့ပါတယ်။ ဆက်လက်ပြီး အထက်အဆင့်ဆင့်ရဲ့ လမ်းညွှန်ချက်တွေနဲ့ မြို့နယ်ဌာနဆိုင်ရာတွေ၊ လူမှုရေးအသင်းအဖွဲ့တွေ၊ NGO အဖွဲ့အစည်းတွေနဲ့ပူးပေါင်းပြီး အောင်မြင်အောင် ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်သွားပါမယ်" ဟု ပြောကြားခဲ့သည်။




ယင်းနောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇေယျက ကျောင်းပြင်ပအခြေစိုက် စခန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ တာဝန်ပေးခန့်အပ်လွှာများကို သက်ဆိုင်ရာ တာဝန်ရှိသူများထံပေးအပ်ပြီး ထူးချွန်ကျောင်းသား၊ ကျောင်းသူများကို ဆုများချီးမြှင့်ပေးအပ်ခဲ့သည်။

ကြို့ပင်သာ ကျောင်းပြင်ပ ပညာရေးကျောင်းမှ အောင်မြင်ပြီး အ-ထ-က ပန်းတင်ကျောင်းတွင် ပဉ္စမတန်းပညာကို ဆက်လက်သင်ယူနေသော ကျောင်းသား မောင်ဇော်ဝိုင်းက ပြင်ပကျောင်းသားများကိုယ်စား ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။ **ဇေယျာထွန်း(ကြို့ပင်ကောက်)**

## မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေး သင်တန်းဖွင့်

**ရန်ကုန် အောက်တိုဘာ ၁၉**
မီးသတ်တပ်ဖွဲ့ဝင်များ၏ မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးသင်တန်းဖွင့်ပွဲ အခမ်းအနားကို ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အမှတ်(၅)ရပ်ကွက်ရှိ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်၌ အောက်တိုဘာ ၁၇ ရက် နံနက် ၉ နာရီကပြုလုပ်ခဲ့ရာ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဌာနချုပ်မှ ညွှန်ကြားရေးမှူး ဦးကျော်သူရနှင့် ပြင်သစ်နိုင်ငံဒေသတွင်းမြို့ပြကာကွယ်ရေးအကြံပေး Colonel Bruno Hllic တို့က သင်တန်းဖွင့်အမှာစကားပြောကြားသည်။

မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးသင်တန်းကို မီးသတ်တပ်ဖွဲ့ဝင်များ၏ မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးဆိုင်ရာ လုပ်ငန်းစွမ်းဆောင်ရည်တိုးတက်မြင့်မားစေရန်အတွက် ပြင်သစ်နိုင်ငံမှ ကျွမ်းကျင်နည်းပြနှစ်ဦးဖြင့် သင်ကြားပေးသွားမှာဖြစ်ပြီး နိုင်ငံတကာမှပညာရှင်များနှင့် မီးသတ်ဦးစီးဌာနရှိ တပ်ဖွဲ့ဝင်များ၏ လုပ်ငန်းစွမ်းဆောင်ရည်တိုးတက်မြင့်မားစေရေး၊ ခေတ်မီမီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းသုံးပစ္စည်းကိရိယာများ ကိုင်တွယ်အသုံးပြုတတ်စေရေးနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု တိုးတက်မြင့်မားစေရေး စသည့် ကောင်းမွန်သည့်ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်သည်။

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်မှ ညွှန်ကြားရေးမှူး ဦးကျော်သူရနှင့် အရာရှိကြီးများ၊ ပြင်သစ်သံရုံးမှ တာဝန်ရှိသူများနှင့် နည်းပြဆရာများ၊ ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး၊ ခရိုင်နှင့် မြို့နယ်မီးသတ်ဦးစီးမှူးများ၊ တပ်ဖွဲ့ဝင်သင်တန်းသားများ တက်ရောက်ကြသည်။

မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးသင်တန်းကို အောက်တိုဘာ ၁၇ ရက်မှ ၂၀ ရက်အထိ သင်တန်းသား ၂၅ ဦးဖြင့် ဖွင့်လှစ်ကြောင်း သိရသည်။ **(ကြေးမုံ)**

## ဝါးခယ်မမြို့နယ် ဒေသခံပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစေရေး စဉ်ဆက်မပြတ် ကြပ်မတ်စစ်ဆေး

**ဝါးခယ်မ အောက်တိုဘာ ၁၉**
ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစေရေးကို ရှေးရှုပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း စနစ်တကျ ကြပ်မတ် စစ်ဆေးမှုများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၁၈ ရက် နံနက်က ဝါးခယ်မမြို့အဝင် ကြိုးတံတားခြေဆင်း၌ တာဝန်ရှိသူများက ကြပ်မတ် စစ်ဆေးပေးလျက်ရှိကြောင်း သိရသည်။

ယင်းသို့ကြပ်မတ် စစ်ဆေးရာတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးကြီးကြပ်မှုအဖွဲ့မှ အဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများက မြို့နယ်အတွင်းသို့ သုံးတန်ကျော်ယာဉ် ဝင်ရောက်မှုမရှိစေရန်၊ ဆိုင်ကယ်စီးနင်းပါက ဦးထုပ်ဆောင်းရန်နှင့် မေးသိုင်းကြိုးတပ်ဆင်ရန်၊ နှစ်ဦးထက်ပိုမိုစီးနင်းခြင်းမပြုရန်၊ မော်တော်ယာဉ်နှင့် ဆိုင်ကယ်မောင်းသူတိုင်း ယာဉ်မောင်းလိုင်စင်၊ ယာဉ်လိုင်စင် ရှိ-မရှိ တို့ကို နေ့စဉ် မြို့နယ်အတွင်း အလှည့်ကျ ကြပ်မတ်စစ်ဆေးလျက်ရှိပြီး သတ်မှတ်ထားသော ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအား လိုက်နာဆောင်ရွက်ခြင်း မရှိသူများကို ၂၀၁၅ ခုနှစ် မော်တော်ယာဉ် ဥပဒေ၊ နည်းဥပဒေများအတိုင်း ထိရောက်စွာ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **လွှမ်းသီဟ (ဝါးခယ်မ)**

## သန်လျင်မြို့နယ် ရဲတပ်ဖွဲ့မှူးရုံး၌ ပြည်သူဗဟိုပြုသော ရဲလုပ်ငန်းစနစ် (ဆင့်ပွား)သင်တန်း (၂၄/၂၀၁၆) ဖွင့်လှစ်

**သန်လျင် အောက်တိုဘာ ၁၉**
ပြည်သူဗဟိုပြုသော ရဲလုပ်ငန်းစနစ် (ဆင့်ပွား)သင်တန်း (၂၄/၂၀၁၆) ဖွင့်ပွဲကို အောက်တိုဘာ ၁၇ ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး သင်တန်းခန်းမ၌ ကျင်းပသည်။

တောင်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးကြည်လွင်က တိုးတက်လာသောခေတ်စနစ်နှင့်အညီ ဥပဒေ၊ နည်းဥပဒေများအတိုင်း ပြည်သူကို အကျိုးပြုစေနိုင်ရန်အတွက် နိုင်ငံတကာအဆင့်မီ ဥရောပသမဂ္ဂ (EU) မှ သင်ကြားပို့ချပေးသော နည်းစနစ်များအတိုင်း ယခုကဲ့သို့ သင်တန်းများကို ပို့ချပေးခြင်းဖြင့် ပြည်သူများက ရဲတပ်ဖွဲ့ဝင်များနှင့် ရဲလုပ်ငန်းများအပေါ် သက်ဝင်ယုံကြည်မှုရှိလာပြီး ပူးပေါင်းဆောင်ရွက်လိုသည့် အလေ့အထကောင်းများရရှိလာမှာဖြစ်ကြောင်း ပြောကြားသည်။




သင်တန်းဖွင့်ပွဲသို့ တောင်ပိုင်းခရိုင်ရဲတပ်ဖွဲ့ ဒုခရိုင်မှူး ရဲမှူးဝင်းမောင်၊ အမှတ် (၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးနေလင်းအောင်၊ သန်လျင်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဦး၊ တောင်ပိုင်းခရိုင် ရဲတပ်ဖွဲ့အောက်ရှိ မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကျေးအုပ်ချုပ်ရေးမှူးများနှင့် သင်တန်းသား ၁၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**(၆၈၉)**

# လမ်းကြောပိတ်ဆို့မှုလျော့နည်း၍ ယာဉ်အန္တရာယ်ကင်းရှင်းစေရန် တနင်္သာရီတိုင်းဒေသကြီး၌ တစ်လမ်းသွားစနစ် စတင်ပညာပေးဆောင်ရွက်

**တနင်္သာရီ အောက်တိုဘာ ၁၉**
တနင်္သာရီတိုင်းဒေသကြီး မြို့တွင်းလမ်းများ ကျဉ်းမြောင်းပြီး နေ့စဉ်မော်တော်ယာဉ်လိုင်းများအဝင်၊ အထွက် ဖြတ်သန်းမှုများသည့်အပြင် မော်တော်ဆိုင်ကယ်ပေါများခြင်းတို့ကြောင့် မြို့တွင်းလမ်းများအတွင်း ယာဉ်ကြောပိတ်ဆို့မှုများ မကြာခဏကြုံတွေ့ရပြီး နေ့စဉ်ခရီးသွားပြည်သူများ အခက်အခဲကြုံတွေ့နေခဲ့ရသဖြင့် လမ်းကြောပိတ်ဆို့မှုလျော့နည်း၍ ယာဉ်အန္တရာယ်ကင်းရှင်းစေရန် မြို့နယ်ယာဉ်စည်းကမ်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ မြို့တွင်းလမ်းများအတွင်း တစ်လမ်းသွားစနစ်ဖြင့်သွားလာနိုင်ရေး ပညာပေးဆောင်ရွက်ခဲ့ကြသည်။

ပညာပေးဆောင်ရွက်ရာတွင် မြို့နယ်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းမင်းနိုင်နှင့် ကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးမင်းဝေနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ရဲစခန်းမှူး ဒု-ရဲမှူးတင်အောင်နှင့်ရဲတပ်ဖွဲ့ဝင်များ၊ (မထသ)အသင်းဥက္ကဋ္ဌ ဦးမြင့်လင်း၊ မော်တော်ယာဉ်အသင်း တာဝန်ခံများ၊ မော်တော်ဆိုင်ကယ်အသင်းဥက္ကဋ္ဌ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် စာရေးများ၊ မြို့နယ်စည်ပင်သာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဟုန်စိုးနှင့်ဝန်ထမ်းများနှင့် မီးသတ်တပ်ဖွဲ့ဝင်များပူးပေါင်းလျက် သုံးနေရာခွဲ၍ ပညာပေးဆောင်ရွက်ခဲ့ကြသည်။

လူစီးသီးသန့်မော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်ယာဉ်မောင်းသူများအနေဖြင့် ချောင်းငယ်ရပ်ကွက် သုခလမ်းနှင့်ကမ်းနားလမ်းတို့တွင် မြားပြသထားသည့်အတိုင်း လက်ယာရစ်တစ်လမ်းသွားစံနစ်သတ်မှတ်ထားရှိပြီး ကုန်တင်ကားများမှာ ချောင်းကြီးရပ်ကွက် တိုးချဲ့(၁)လမ်းအတွင်းရပ်နား၍ ကုန်ပစ္စည်းများကို ကားငယ်ဖြင့်သယ်ယူပို့ပေးကြရန် ဖြစ်သည်။

အဆိုပါလက်ယာရစ်တစ်လမ်းသွား (One Way) လမ်းကြောင်းကို အများသိရှိနိုင်ရန်အတွက် လမ်းညွှန်များ၊ ဆိုင်းဘုတ်သင်္ကေတများ ချိတ်ဆွဲကြေညာပေးထားပြီး ပညာပေးလက်ကမ်းစာစောင်များကိုလည်း ဖြန့်ဝေခဲ့ကြောင်း၊ ပညာပေးကာလကို ယနေ့မှစ၍ နိုဝင်ဘာ ၁၄ ရက်အထိ နေ့စဉ် ပညာပေးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ပညာပေးကာလပြီးဆုံးပါက လမ်းစည်းကမ်းမလိုက်နာသည့် မော်တော်ယာဉ်များနှင့် မော်တော်ဆိုင်ကယ်မောင်းနှင်သူများအား လမ်းစည်းကမ်းဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

## အပြည်ပြည်ဆိုင်ရာသဘာဝဘေးလျော့ပါးရေးနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ

**ကျောက်တန်း အောက်တိုဘာ ၁၉**
ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ်တွင် မြန်မာနိုင်ငံကြက်ခြေနီအသင်း ကျောက်တန်းမြို့နယ်ကြက်ခြေနီအသင်းခွဲမှပြုလုပ်သော အပြည်ပြည်ဆိုင်ရာသဘာဝဘေးလျော့ပါးရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို အောက်တိုဘာ ၁၄ ရက် မွန်းလွဲ ၂ နာရီက ကျောက်တန်းမြို့နယ် မြို့မအ. လ. က ကျောင်း ရွှေသံလွင်ခန်းမ၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် ကျောက်တန်းမြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးမြမြမျိုး၊ ကျောက်တန်းမြို့နယ် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ဦးတို့က အဖွင့်အမှာစကားပြောကြားပြီးနောက် မြို့နယ်ကြက်ခြေနီအသင်းခွဲဥက္ကဋ္ဌ ဒေါက်တာဒေါ်အေးစန္ဒာခိုင်က ကမ္ဘာ့ကုသလမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ထံမှ သဝဏ်လွှာအား ဖတ်ကြားသည်။

၎င်းနောက် စီမံချက်ဆိုင်ရာဆောင်ရွက်မှုများအား စီမံချက်တာဝန်ခံ ဒေါ်ခိုင်ခိုင်လင်းက ဒုမြို့နယ်ပညာရေးမှူးအား အချက်အလက်များ လွှဲပြောင်းပေးအပ်သည်။ ဆက်လက်၍ ကျောင်းအခြေပြု ဘေးအန္တရာယ်လျှော့ချရေးမှတ်တမ်းတင်ကားအား ပြသပြီး တက်ရောက်လာကြသော ဧည့်သည်တော်များက ပြခန်းငယ်အား လိုက်လံကြည့်ရှုခဲ့ကြောင်း သိရသည်။ **ကျော်ဆန်းမြင့်(ပြန်/ဆက်)**


# နဝဝါသီမြို့ရှေးပြည်မှ တိုင်းပြည်လုံးချမ်းသာ ဆယ်ထပ်ကြီးရုပ်ပွားတော်

မာန်သစ်ငြိမ်း(ရှေးဟောင်းသုတေသန)

ကမ္ဘာပေါ်ရှိ ဗုဒ္ဓဘာသာကိုးကွယ်သော နိုင်ငံများတွင် မြတ်စွာဗုဒ္ဓဂေါတမဆင်းတုတော်များကို ကြီးငယ်ရွယ်လတ် ထုလုပ်ပူဇော်လျက်ရှိကြသည်။ ဆင်းတုတော်များကို ထုလုပ်ကိုးကွယ်ကြရာတွင် မိမိတို့၏ စေတနာသဒ္ဓါတရား ထက်သန်စွာဖြင့် ကျောက်၊ ကြေး၊ သံ၊ သစ်၊ အင်္ဂတေစသည်တို့ဖြင့် ပြုလုပ်လေ့ရှိကြပေသည်။ ယခုအခါတွင် ဗုဒ္ဓဘာသာဝင်နိုင်ငံတစ်ချို့တွင် ထိုင်တော်မူဆင်းတုတော်ကြီး၊ ရပ်တော်မူဆင်းတုတော်ကြီးနှင့် လျောင်းတော်မူဆင်းတုတော်ကြီးများကို ထုလုပ်ကိုးကွယ်ကြလျက်ရှိကြရာ ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့ဆံတော်ရပ်ကွက် ရွှေဆံတော်ဘုရား အရှေ့ဘက်တွင် ကိုးကွယ်ပူဇော်ထားသော ထိုင်တော်မူတိုင်းပြည်လုံးချမ်းသာဆယ်ထပ်ကြီး ဗုဒ္ဓဆင်းတုတော်သည်လည်း တစ်ဆူအပါအဝင် ဖြစ်ပါသည်။

ထိုင်တော်မူ ဗုဒ္ဓဆင်းတုတော်ကြီး၏သမိုင်းကြောင်းကို ပြန်လည် ခြုံငုံပြောရလျှင် ဒွတ္တဘောင်မင်းကြီးသည် ရွှေဆံတော်စေတီတော်မြတ်ကြီးအား ဖူးမြော်ရန် လာရောက်သောအခါတွင် ရွှေဆံတော် စေတီတော်မြတ်ကြီး၏ အရှေ့ဘက်ရှိ ဇေယျပထဝီအောင်မြေကုန်းတွင် မင်းကြီး၏စီးတော်ဆင်နှင့် မြင်းတို့ကိုချည်နှောင်ထားလေ့ရှိခဲ့ပေသည်။ မှူးကြီးမတ်ရာသေနာပတိတို့ ဆင်တပ်ကြီးကို အရှေ့ဘက်စောင်းတန်းထိပ်တွင် စခန်းချခဲ့သဖြင့် ယခုအခါတွင် ထိုအရပ်ရှိရာ ဘုန်းတော်ကြီးကျောင်းအား ဆင်တဲကျောင်းဟု အမည်တွင်လျက်ရှိပါသည်။

ဒွတ္တဘောင်မင်းကြီးနတ်ရွာစံသောအခါ သားတော်ရဟန္တာ နှစ်ပါးဖြစ်သော အရှင်စန္ဒာသီရိနှင့်အရှင်စန္ဒာဂရာဇ်တို့က သီရိလင်္ကာနိုင်ငံမှ ပင့်ဆောင်လာသော ဓာတ်တော်နှင့် မင်းမိဖုရားတို့၏ လက်ဝတ်တန်ဆာတို့ကို ဌာပနာပြီး ရဟန္တာအရှင်မြတ်တို့ကကြီးကြပ်၍ ဆင်ချည်တိုင်၊ မြင်းချည်တိုင် စေတီတော်(၂)ဆူကို တည်ထားတော်မူခဲ့ပေသည်။ ထို့နောက် စေတီတော်(၂)ဆူမှာ နှစ်ကာလကြာမြင့်၍ ပျက်စီးယိုယွင်းလာသဖြင့် ဆရာတော်ဘဒ္ဒန္တတေဇဝန္တဦးဆောင်၍ ဇေယျပထဝီကုန်းမြေရှိ စေတီနှစ်ဆူနေရာတွင် ဆယ်ထပ်ကြီးဘုရားကို မြန်မာသက္ကရာဇ် ၁၂၈၀ ခုနှစ်တွင် ဗေဒင်ပညာရှင်များ၏ တွက်ချက်မှုအရ ကဏှာဇာလီကိန်း နက္ခတ်ကျနေသဖြင့် မောင်နှမအရင်းအထက်အောက်ဖြစ်ပြီး မောင်ဖြစ်သူစနေသားနှင့် နှမဖြစ်သူ ကြာသပတေးသမီးတို့ အုတ်မြစ်ချမှသာလျှင် အောင်မြင်မည်ဖြစ်သဖြင့် လိုက်လံရှာဖွေကြရာ အချို့မိဘများက မိမိတို့၏သားသမီးများကို ဘုရားတည်ရန်အတွက် စတေးရလိမ့်မည်ဟု ယူဆပြီး မိမိတို့သား သမီးများနှင့်အတူ ထွက်ပြေးတိမ်းရှောင်နေခဲ့ကြသည်။



သို့ရာတွင် မိဘများ၏ ခွင့်ပြုချက်အရ မောင်တင်မောင် ရှစ်နှစ်သားနှင့် မခင်သန်း ငါးနှစ်သမီး မောင်နှစ်မ နှစ်ယောက်တို့ကို ဝါးတပြန်သာသာနက်သော မြေကြီးကျင်းထဲသို့ လူကြီးများမှ ပွေ့ချီ၍ဆင်းပြီး ရွှေချထားသော အုတ်နှစ်ချပ်ကို ကိုင်ဆောင်စေလျက် အုတ်မြစ်ချခဲ့ကြသည်။ ကျင်းကြီးနှုတ်ခမ်းပေါ်မှ စစ်ဗာယီများက (ယခင်အခေါ် အဝေါ်)သေနတ်များကို မိုးပေါ်သို့ထောင်၍ ပစ်ဖောက်ခဲ့ရာ မြေကြီးမှာ သိမ့်သိမ့်ခါလျက်ကောင်းချီးပေးခဲ့သည်။ အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ပုပ္ပါးဆရာကြီး ဦးစော်ဘွားမှ ပန္နက်ချသော မောင်နှစ်မနှစ်ယောက်နောက်မှနေ၍ ဂါထာမန္တန်များရွတ်ဖတ်ခြင်း၊ ခရုသင်းမှုတ်ခြင်း၊ ငွေဖလားကြီးမှ ရေများကို သပြေခက်နှင့်ဖျန်းပက်ခြင်းတို့ကို လုပ်ဆောင်ပေးသည်။ ကျင်းကြီး၏အပေါ်ရှိ ဧည့်ပရိတ်သတ်များမှလည်း ပန်းပေါက်ပေါက်တို့ကြဲချကြသည်။ ဆယ်ထပ်ကြီးဘုရားတည်ရန်အတွက် တတိယအကြိမ် အုတ်မြစ်ချမင်္ဂလာအခမ်းအနားပင် ဖြစ်သည်။

ဆယ်ထပ်ကြီးဘုရားတည်ထားရန်အတွက် ရုပ်ပွားတော်ကြီး၏ ဉာဏ်တော်အချိုးအစားကို ဝက်မစွတ်မြို့စားကြီးမှ ရှေ့အစဉ်အလာလက်္ကာအရ အတိုင်းအထွာရေးဆွဲပေးခဲ့သည်။ ရုပ်ပွားတော်ကြီးအား ပန်းရံဆရာကြီးများဖြစ်သည့် (၁) ညောင်ဦးမြို့ ဆရာထွန်းသည် ပလ္လင်တော်အထိ၊ (၂) ဆရာလုံးနှင့်ကမ္မမြို့မှ ဆရာဦးစံတင်တို့မှ ဒူးတော်အထိ၊ (၃) ပျဉ်းမနားမြို့မှ ဆရာနွယ်က ပေါင်တော်အထိ၊ (၄) ပခုက္ကူမြို့မှ ဆရာချစ်ပိုက ခါးတော်အထိ၊ (၅) အောင်လံမြို့ ရွာတောင်ရွာမှ ဆရာမြမှ ပခုံးတော်အထိ၊ (၆) ကနောင်မြို့မှ ဆရာကြီးဦးဖိုးချမ်းက အချိုးအစား ပြေပြစ်ကြည်ညိုဖွယ်ဖြစ်အောင် သုံးနှစ်တိုင်တိုင် အချိန်ယူ၍ အချောသတ်ပြီး အဆုံးထိအောင် တည်ဆောက်ခဲ့သည်။ မန္တလေးမြို့မှ မှာယူထားသည့် စကျင်ကျောက်မျက်လုံးတော်မှာ လေးလံလွန်းသဖြင့် အသုံးမပြုတော့ဘဲ မဟူရာမျက်လုံးတော်ကို သွေး၍ပူဇော်ခဲ့ပါသည်။ ယခုအချိန်ထိ စကျင်ကျောက်မျက်လုံးတော်မှာ ပလ္လင်ခုံဘယ်ညာတွင် တင်ထားလျက်ရှိပါသည်။

ရုပ်ပွားတော်ကြီးကို မြန်မာသက္ကရာဇ် ၁၂၈၀ ပြည့်နှစ်မှ စတင်တည်ထားခဲ့ရာ မူလဆင်ချည်တိုင်၊ မြင်းချည်တိုင်စေတီနှစ်ဆူမှ ဓာတ်တော်များနှင့် လက်ဝတ်ရတနာများကို ဌာပနာ(၁၀)ထပ် ဌာပနာပြီး ၁၂၉၀ ပြည့်နှစ်တွင် ပြီးစီးအောင်မြင်ခဲ့ပြီး ၁၀ နှစ်တိုင်တိုင် တည်ထားခဲ့ရသဖြင့် ဆယ်ထပ်ကြီးဘုရားဟု ဘွဲ့အမည်တွင်ခဲ့ခြင်းဖြစ်သည်။ ဉာဏ်တော်အမြင့်မှာ ၇၃ တောင်ခုနစ်လက်မ၊ ပေ ၁၁၀ ၁လက်မဖြစ်သည်။ ထိုကဲ့သို့ ဆရာတော် ဘဒ္ဒန္တတေဇဝန္တမှ ဦးဆောင်တည်ထားခဲ့ရာ ဒုတိယကမ္ဘာစစ်ကြီးအတွင်းနှင့် စစ်ပြီးခေတ်နှောင်းပိုင်းနှစ်များစွာ ထိန်းသိမ်းပူဇော်ခဲ့မှု ကင်းမဲ့ခဲ့သဖြင့် တိုင်းပြည်လုံးချမ်းသာ ဆယ်ထပ်ကြီးဘုရားမှာ ချုံနွယ်ပိတ်ပေါင်း ထူထပ်စွာဖြင့် နေ့ညတစ်ပါးတည်း ဧကစာရီကျင့်သုံးတော်မူရ ရှာသည်။ မြန်မာသက္ကရာဇ် ၁၃၉၉ ခုနှစ်၊ နယုန်လဆန်း(၁၃)ရက်နေ့တွင် ဦးလှ(ငွေဇော်)ဦးဆောင်သော ပြည်မြို့တိုင်းပြည်လုံးချမ်းသာ ဆုတောင်းပြည့် ဆယ်ထပ်ကြီးဘုရား ဇေယျပထဝီအောင်မြေကုန်းတော်မွမ်းမံ ပြုပြင်စောင့်ရှောက်ရေးအဖွဲ့ကို ဖွဲ့စည်းထားခဲ့ပြီး ဇာတ်ကြီးဆယ်ဘွဲ့ခန်း၊ ကိုရင်၊ သူတော်၊ အောင်ခြင်း(၈)ပါးနှင့်ရှင်သီဝလိ၊ နောင်တော်ကြီး ဘုရား၊ ဘိုးမင်းခေါင်ဓာတ်နန်း၊ ဘိုးဘိုးအောင်၊ ရှင်မထီး၊ ရှင်ဥပဂုတ္တ၊ သူရဿတီပြခန်းများ၊ ဒီပင်္ကရာ မြတ်စွာဘုရား၊ ရဟန္တာများနှင့် ဆွမ်းခံကြွတော်မူရာတွင် သုမေဓာရှင်ရသေ့ဗျာဒိတ်ခံပုံ၊ ဒိဋ္ဌိချွတ်ခန်းစသည် များကို ရုပ်တု၊ ရုပ်လုံးများဖြင့် ရင်ပြင်တွင် တည်ဆောက်ထားသည်။

ရုပ်ပွားတော်ကြီးကို ပိုမိုကြည်ညိုဖွယ်ဖြစ်စေရန် သုံးနှစ်တစ်ကြိမ်ခန့် ရောင်တော်ဖွင့်လှစ်ခြင်းနှင့် ၁၃၇၄ ခု၊ ကဆုန်လပြည့်ကျော် (၈)ရက်တွင် ဖန်ဖြင့်ပြုလုပ်ထားသော မျက်လုံးတော်ကို ဆက်ကပ်တင်လှူ ပူဇော်နိုင်ခဲ့သည့်အပြင် ဥဏ္ဏလုံမွေရှင်တော်ကို ရွှေစင်ရွှေပြားများဖြင့်ပြုလုပ်၍ အဖိုးတန်ကျောက်မျက်ရတနာများဖြင့် လှူဒါန်းပူဇော်နိုင်ခဲ့ကြသည်။ စာရေးသူတို့ ပြည်မြို့သို့ မိဘအလုပ်တာဝန်ဖြင့် ပြောင်းရွှေ့သောနှစ်တွင်ပင် မျက်လုံးတော်နှင့်ဥဏ္ဏလုံမွေရှင်တော် လှူဒါန်းသည့်နှစ်နှင့် ကြုံကြိုက်ခဲ့ရသည်။ ထူးခြားမှုအနေဖြင့် ရုပ်ပွားတော်ကြီးမှာ နေ့ရောညပါ နေပူမိုးရွာထဲတွင် ကိန်းဝပ်စံပယ်လျက်ရှိခြင်းပင်ဖြစ်သည်။ စာရေးသူ သိလိုသဖြင့် လက်လှမ်းမီသလောက် မေးမြန်းစုံစမ်းခဲ့ရာ ရုပ်ပွားတော်ကြီးအား အမိုးကာဖြင့်ထားရှိရန် ကြံစည်လှူဒါန်းခဲ့ကြသော်လည်း အောင်မြင်မှုမရှိဘဲ အကြိမ်ကြိမ်ပျက်ပြားခဲ့ရကြောင်း သိရှိရပေသည်။ ယခုအချိန်ထိလည်း အမိုးအကာပြုလုပ်ရန် ထောင်ထားသော သံတိုင်များကို တွေ့မြင်နိုင်ပေသည်။

ပြည်မြို့ရှိ တိုင်းပြည်လုံးချမ်းသာရုပ်ပွားတော်ကြီးသည် ကမ္ဘာပေါ်ရှိ အကြီးမားဆုံးရုပ်ပွားတော်ကြီးများစာရင်းထဲတွင် မပါဝင်သေးသည်မှာ မသိရှိသေး၍ပင်ဖြစ်ပေလိမ့်မည်။ မြန်မာနိုင်ငံ မုံရွာခရိုင်ရှိ ဗောဓိတစ်ထောင်ရပ်တော်မူဆင်းတုတော်ကြီးနှင့် ဝင်းစိန်တောရမှ လျောင်းတော်မူဘုရားကြီးတို့မှာ ကမ္ဘာပေါ်ရှိ အကြီးဆုံးဘုရားများစာရင်းတွင် ပါဝင်ပေသည်။ ယခုပြည်မြို့ရှိ တိုင်းပြည်လုံးချမ်းသာမြတ်စွာဘုရားကြီးအား ကမ္ဘာ့ အသိအမှတ်ပြုစာရင်းဝင်နိုင်ရန် ကြိုးပမ်းမည်ဆိုကလည်း ကြိုးပမ်း၍ရနိုင်လိမ့်မည် ထင်ပေသည်။ အဘယ်ကြောင့်ဆိုသော် ရုပ်ပွားတော်ကြီးမှာ အုတ်ဖြင့်တည်ဆောက်ထားပြီး နှစ်သက်တမ်းအားဖြင့် ၁၉၈ နှစ်ခန့်ရှိနေပြီ ဖြစ်ပေသည်။

ကမ္ဘာပေါ်ရှိ ထိုင်တော်မူဆင်းတုတော်ကြီးများထဲတွင်တော့ တစ်ဆူပါဝင်လိမ့်မည်ဟု တွေးထင်မိသည်။ စာရေးသူ၏ လေ့လာမှုအားနည်းသောကြောင့်လည်း မသိရှိသေးသည် ဖြစ်နိုင်သည်။ မေးမြန်းစုံစမ်း ကြည့်သမျှတော့ သိရှိသူမရှိသေးပေ။ မြန်မာနိုင်ငံတွင် ဦးစွာတည်ခဲ့သော စေတီများထဲတွင် ပါဝင်သော လေးဆူဓာတ်ပျော်ရွှေဆံတော်စေတီနှင့် တိုင်းပြည်လုံးချမ်းသာ ဆုတောင်းပြည့် ဆယ်ထပ်ကြီးဘုရားတို့ကို ကမ္ဘာ့အသိအမှတ်ပြုစာရင်းဝင်နေရာ (Memory of the World ) အဖြစ် တည်ရှိစေချင်ပေသည်။ ပြည်မြို့သည် သရေခေတ္တရာမြို့ဟောင်းမတည်မီကပင် တည်ရှိခဲ့သော နဝဝါသီဆိပ်ကမ်းမြို့ဖြစ်သည်ကတစ်ကြောင်း၊ ဗုဒ္ဓဘာသာသာသနာ ထွန်းလင်းသော နေရပ်ဖြစ်သည်ကတစ်ကြောင်း၊ သမိုင်းစဉ်တစ်လျှောက်လုံး အမည်နာမကြီးမားခဲ့သော မြို့ဖြစ်သည်ကတစ်ကြောင်း၊ ကျန်စစ်သားမင်း၏ ကျောက်စာတည်ရှိသော ဘုရားဖြစ်သည်ကတစ်ကြောင်း တို့ကြောင့်ဖြစ်ပေသည်။

ထို့ကြောင့် ပြည်မြို့သို့ ဘုရားဖူးလာရောက်ကြသော ဧည့်သည်တော်များအနေဖြင့် လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီးကိုဖူးမြော်ရင်း ရွှေဆံတော်စေတီ အရှေ့ဘက်စောင်းတန်းအဆင်း လက်ယာဘက်တွင် ဒွတ္တဘောင်မင်းကောင်းမှုတော် ဇေယျပထဝီသိမ်တော်ကိုလည်း ဝင်ရောက်ဖူးတွေ့နိုင်ပါသေးသည်။ အစဉ်အလာအရ အသရေမချို့သော ပြည်မြို့၏ကျက်သရေဆောင် ရွှေဆံတော်စေတီနှင့်ဆယ်ထပ်ကြီး ရုပ်ပွားဆင်းတုတော်ကြီး ရေရှည်တည်တံ့ခိုင်မြဲရေးသည် ဗုဒ္ဓဘာသာဝင်တိုင်း၏ ထိန်းသိမ်းစောင့်ရှောက်မှုနှင့်အတူ စေတနာသဒ္ဓါတရား ထက်သန်စွာ လှူဒါန်းရသော နဝကမ္မအလှူငွေများဖြင့် နှစ်စဉ်သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိပေသည်။ နဝဝါသီမြို့ရှေးပြည်မှ တိုင်းပြည်လုံးချမ်းသာဆုတောင်းပြည့် ဆယ်ထပ်ကြီး ရုပ်ပွားတော်ကြီးကို ဖူးမြော်နိုင်ကြပါစေရန် စိတ်ရည်သန်၍ ရေးသားဖော်ပြလိုက်ရပါသည်။

“ မြန်မာနိုင်ငံတွင် ဦးစွာ တည်ခဲ့သော စေတီများ ထဲတွင်ပါဝင်သော လေးဆူ ဓာတ်ပျော် ရွှေဆံတော်စေတီနှင့် တိုင်းပြည်လုံးချမ်းသာ ဆုတောင်းပြည့် ဆယ်ထပ်ကြီးဘုရားတို့ကို ကမ္ဘာ့အသိ အမှတ်ပြု စာရင်းဝင်နေရာ (Memory of the World ) အဖြစ် တည်ရှိစေချင် . . . ”

## နောင်မဲ့လုံကျေးရွာ၌ ဘဝအလင်းရောင်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်

**ဗန်းမောက် အောက်တိုဘာ ၁၉**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လူထုဗဟိုပြုစီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်လျက်ရှိသော စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ် လေးသီကျေးရွာအုပ်စု နောင်မဲ့လုံကျေးရွာ ဘဝအလင်းရောင်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၁၅ ရက် နံနက် ၁၀ နာရီခွဲက ကျင်းပခဲ့သည်။

ယင်းအခမ်းအနားတွင် ဗန်းမောက်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုး၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးပြည့်ဖြိုးငြိမ်းတို့က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မေသူဟန်က စာကြည့်တိုက်အဆောက်အအုံသစ် ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်လူထုဗဟိုပြု စီမံကိန်းစောင့်ကြည့်ကြီးကြပ်ရေးအရာရှိ ဦးမျိုးကျော်လွင်ကလည်း မြို့နယ်အတွင်း ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ထပ်ဆင့်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ထို့နောက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လူထုဗဟိုပြုစီမံကိန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သည့် အလျား ၁၈ ပေ၊ အနံ ၁၆ ပေနှင့် အမြင့် ၁၈ ပေရှိ နှစ်ထပ်စာကြည့်တိုက်အဆောက်အအုံသစ်အား လူထုဗဟိုပြုစီမံကိန်းထောက်ပံ့ရန်ပုံငွေ ၆၂၂၈၆၀၅ ကျပ်ဖြင့် တည်ဆောက်ပြီး ၎င်းကျေးရွာမှ ဒေသခံပြည်သူများက လုပ်အားဒါနဖြင့် ပံ့ပိုးကူညီဆောင်ရွက်ခဲ့ကြောင်း၊ အဆောက်အအုံသစ်ကို မြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်စီမံ ခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ၊ မြို့နယ်ပြန်/ဆက် ဦးစီးမှူးနှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမဲအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြကြောင်း သိရသည်။

**ကျော်စွာ(ဗန်းမောက်)**

## စက်မှုသင်တန်းကျောင်းနှင့် Myanmar Inspection& Technology Co.,Ltd ပူးပေါင်း၍ ဂဟေဆက်သင်တန်းဖွင့်

**မန္တလေး အောက်တိုဘာ ၁၉**
စက်မှုဝန်ကြီးဌာန အမှတ်(၂) စက်မှုသင်တန်းကျောင်း(မန္တလေး)နှင့် Myanmar Inspection & Technology Co.Ltd (MIT) တို့ပူးပေါင်းဖွင့်လှစ်သော ကျွမ်းကျင်မှုအခြေပြု ကာလတိုဂဟေဆက်သင်တန်းဖွင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၁၇ ရက်က မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ဒေါနဘွားရပ်ကွက်ရှိ အမှတ်(၂)စက်မှုသင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အမှတ် (၂) စက်မှုသင်တန်းကျောင်း(မန္တလေး) ကျောင်းအုပ်ကြီး ဦးကျော်စွာဦးက သင်တန်းဖွင့်အမှာစကားပြောကြားပြီး Myanmar Inspection& Technology Co,Ltd မှ မန်နေဂျင်းဒါရိုက်တာ ဦးသန်းထွန်းဇော်က နိုင်ငံတကာအဆင့်မီ ကျွမ်းကျင်မှုအခြေပြု ကာလတိုဂဟေဆက်သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ပြောကြားခဲ့သည်။ South-East Asia ရေနံဓာတ်ငွေ့ပိုက်လိုင်းကုမ္ပဏီ လေ့ကျင့်ရေး မန်နေဂျာ Mr.Hui Wei နှင့် Mr.Guo Donggung တို့က ကျေးဇူးတင်စကားပြောကြားခဲ့သည်။

သင်တန်းကို လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းရရှိရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများတွင် စက်မှုကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးရေးအတွက် သင်ကြားပေးခြင်းဖြစ်ပြီး သင်တန်းပြီးဆုံးပါက တရုတ်-မြန်မာရေနံဓာတ်ငွေ့ပိုက်လိုင်းတွင် ကျွမ်းကျင်လုပ်သားများအဖြစ် ခန့်အပ်လုပ်ကိုင်စေမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲသို့ နည်းပညာတက္ကသိုလ် (မန္တလေး) ပါမောက္ခချုပ်၊ အမှတ် (၂) စက်မှုသင်တန်းကျောင်း(မန္တလေး) ကျောင်းအုပ်ကြီးနှင့် နည်းပြအရာရှိများ၊ Myanmar Inspection &Technology Co,Ltd မှ တာဝန်ရှိသူများ၊ South-East Asia ကုမ္ပဏီမှ တာဝန်ရှိသူများ၊ သင်တန်းသားများ တက်ရောက်ကြသည်။

**သီဟကိုကို(မန္တလေး)**

## ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနဝန်ထမ်းများနှင့်တွေ့ဆုံ

**မန္တလေး အောက်တိုဘာ ၁၉**
အထက်မြန်မာပြည် ဆည်မြောင်းပညာရပ်ဖွံ့ဖြိုးမှုလေ့ကျင့်ရေးဌာနခွဲ(ပုသိမ်ကြီး) သင်တန်းခန်းမ၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်သည်အင်ဂျင်နီယာချုပ် (စက်မှု)ဦးထွန်းကျော်စိုးနှင့်အတူ အောက်တိုဘာ ၆ ရက်က မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဝန်ထမ်းများနှင့်တွေ့ဆုံ၍ နိုင်ငံတော်မူဝါဒများနှင့်အညီ ဝန်ထမ်းများလိုက်နာ ဆောင်ရွက်နိုင်ရေး ညွှန်ကြားချက်များ သိရှိနားလည်နိုင်ရန်၊ နိုင်ငံတော်သမ္မတရုံး၏ လမ်းညွှန်ချက်များကိုလည်း ဝန်ထမ်းများသိရှိလိုက်နာနိုင်ရန် တို့ကို ဆွေးနွေးမှာကြားပြီး လုပ်ငန်းများ စံချိန်စံညွှန်းအမီ ဆောင်ရွက်ကြရန်၊ အဂတိလိုက်စားမှုကင်းရှင်း အောင်နေကြရန်၊ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းနှင့်အညီ လိုက်နာကျင့်ကြံနေထိုင်ကြရန်တို့ကို ရှင်းလင်းမှာ ကြားသည်။



ထို့နောက်တက်ရောက်လာသော ဝန်ထမ်းများက ပြန်လည်ဆွေးနွေးတင်ပြကြပြီး ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ နှုတ်ဆက်ကာ အထက်မြန်မာပြည် ဆည်မြောင်းပညာရပ်ဖွံ့ဖြိုးမှုလေ့ကျင့်ရေး ဌာနခွဲ (ပုသိမ်ကြီး) သင်တန်းကျောင်းဝင်း အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

## ခင်ဦးမြို့နယ် သရက်ကုန်းစံပြကျေးရွာ၌ ကိုယ့်အားကိုယ်ကိုး နှစ်ထပ်ကျောင်းနှင့် တစ်ထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားကျင်းပ



**ခင်ဦး အောက်တိုဘာ ၁၉**
စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ် သရက်ကုန်းစံပြကျေးရွာ၌ အောက်တိုဘာ ၁၇ ရက် နံနက် ၁၀ နာရီက ကိုယ့်အားကိုယ်ကိုး နှစ်ထပ်ကျောင်းဆောင်နှင့် တစ်ထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာ ဦးဇော်ဝင်း၊ တိုင်းဒေသကြီးပညာရေးမှူး ဦးသိန်းမြင့်နှင့် အလှူရှင် ဦးလှမြင့် ဦးဘုန်းမြင့်အောင်+ဒေါ်ရီရီနွယ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် ဝန်ကြီး ဒေါက်တာဦးဇော်ဝင်းက ၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှာ တိုင်းဒေသကြီးအတွင်း အခြေခံပညာအထက်တန်းအဆင့် နှစ်ကျောင်း၊ အထက်တန်းကျောင်း(ခွဲ)အဆင့် ၄၇ ကျောင်း၊ အလယ်တန်းကျောင်းအဆင့်ကိုးကျောင်း၊ အလယ်တန်းကျောင်း(ခွဲ)အဆင့် ၂၀၄ ကျောင်း၊ မူ(လွန်)ကျောင်းအဆင့် ၂၇၈ ကျောင်း၊ မူလတန်းကျောင်းအဆင့် ၃၀ နှင့် မူလတန်းကျောင်း(ခွဲ)အဆင့် ၄၀ စုစုပေါင်း ကျောင်း ၆၁၀ ကို ကျောင်းအဆင့်တိုးမြှင့်ဖွင့်လှစ်ပေးခဲ့သည်။

အခြေခံပညာရေးကျောင်းများ ဆောက်လုပ်ရန်အတွက် ငွေလုံးငွေရင်း ရန်ပုံငွေရရှိမှုမှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ကျောင်းပေါင်း ၃၂၉ ကျောင်းအတွက် ခွင့်ပြုငွေကျပ် သန်း ၁၁၉၇၇ ဒသမ ၈၀ မှ ခင်ဦးမြို့နယ် ကျောင်းကိုးကျောင်းအတွက် ကျပ်သန်း ၃၂၇ ဒသမ ၆၀ ရရှိထားကြောင်း၊ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှာ KG တန်းစတင်သင်ကြားနေပြီဖြစ်ကြောင်း၊ မူလတန်းအဆင့်မှာ ပုံနှိပ်စာအုပ်၊ ဗလာစာအုပ်၊ ကျောင်းဝတ်စုံများနှင့် အလယ်တန်း၊ အထက်တန်းအဆင့်မှာ ပုံနှိပ်စာအုပ်များ (အခမဲ့) ဖြန့်ဝေပေးခဲ့ပြီး ပညာသင်ထောက်ပံ့ကြေးပေးခြင်း၊ ပညာသင်ဆုပေးခြင်း၊ ဘက်စုံထူးချွန်ကျောင်းသား၊ ကျောင်းသူများမွေးထုတ်၍ ဂုဏ်ပြုချီးမြှင့်ခြင်း၊ မူလတန်းကျောင်းသား၊ ကျောင်းသူများအား အခမဲ့ပညာရေးလုပ်ငန်းများ ဆောင်ရွက်နေကြောင်းနှင့် ဆရာ၊ ဆရာမများမှ လိုက်နာရမည့်စည်းကမ်းချက်များကို ရှင်းလင်းပြောကြားခဲ့သည်။ ဆက်လက်၍ ရွာသူ၊ ရွာသားများ၏ ကိုယ်စား ဦးဖိုးစံက ဂုဏ်ယူဝမ်းမြောက် ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

အဆိုပါ အခြေခံပညာအလယ်တန်းကျောင်း (ခွဲ)နှစ်ထပ်ဆောင်မှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် မန္တလေး အခြေခံပညာဦးစီးဌာန(ရုံးချုပ်) မှ ခွင့်ပြုရန်ပုံငွေကျပ် ၄၃၂ သိန်း မတည်၍ အလျားပေ ၁၂၀၊ အနံ ပေ ၃၀ ရှိ အခန်းပေါင်း ၁၂ ခန်း သံပေါင်ကွန်ကရစ် အုတ်ညှပ်နံကပ် သွပ်မိုး၊ အုတ်ခင်းအတွက် စုစုပေါင်းကျပ် ၇၉၂ သိန်းကုန်ကျသဖြင့် လိုအပ်သော ကျပ်သိန်း ၃၆၀ နှင့် တစ်ထပ်ကျောင်းဆောင်မှာ အလျား ၆၈ ပေ၊ အနံ ၂၃ ပေရှိ အခန်းပေါင်းရှစ်ခန်း၊ သံပေါင်ကွန်ကရစ်၊ အုတ်ညှပ်နံကပ်၊ သွပ်မိုး၊ အုတ်ခင်း မတည်ငွေ သိန်း ၁၈၀ စုစုပေါင်းကျပ် သိန်း ၅၄၀ ကို အလှူရှင် ဦးဘုန်းမြင့်အောင်+ဒေါ်ရီရီနွယ် မိသားစုတို့က လှူဒါန်း၍ ရွာသူ၊ ရွာသားများက လုပ်အားဒါနဖြင့် ကိုယ့်အားကိုယ်ကိုး ဆောက်လုပ်လှူဒါန်းခဲ့ကြသည်။

အခမ်းအနားသို့ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဦးဇော်ဝင်း၊ တိုင်းဒေသကြီး ပညာရေးမှူး ဦးသိန်းမြင့်နှင့် အစိုးရအဖွဲ့ဝင်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဦးဝင်းအောင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်သင်းသင်းကြူနှင့် ဦးကျော်မင်းထွန်း၊ ခရိုင်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ကျေးရွာနေပြည်သူများ စုစုပေါင်း ၃၀၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ချစ်စံ(ခင်ဦး)**

## မြို့နယ်ကျေးလက်ဦးစီးဌာနမှ ဂါလန်၅၀၀၀ဆံ့ရေကန် တည်ဆောက်ခြင်းလုပ်ငန်း ပြီးစီးမှုအခြေအနေစစ်ဆေး

**ဘီးလင်း အောက်တိုဘာ ၁၉**
ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ကျေးလက်ဦးစီးရန်ပုံငွေဖြင့် ဆောင်ရွက်နေသည့် ဘီးလင်းမြို့နယ် လိပ်ခုံကျေးရွာတွင် ဂါလန် ၅၀၀၀ ဆံ့ ရေကန်တည်ဆောက်ခြင်း လုပ်ငန်း အခြေအနေအား အောက်တိုဘာ ၁၇ ရက်က ကျေးလက်ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးမြင့်နိုင်ဦးနှင့် ဝန်ထမ်းများက သွားရောက် ကွင်းဆင်းကြည့်ရှု စစ်ဆေးမှုများ ပြုလုပ်ခဲ့သည်။

အဆိုပါ ဂါလန် ၅၀၀၀ ဆံ့ ရေကန် ဆောက်လုပ်ခြင်းလုပ်ငန်း တာဝန်ယူဆောင်ရွက်နေသည့် သက်ဆိုင်ရာကုမ္ပဏီအား လုပ်ငန်းများကို သတ်မှတ်ထားသည့် စံချိန်စံညွှန်းများနှင့်အညီ အရည်အသွေးပြည့်မီစွာ ဆောင်ရွက်ရန်နှင့် ပြည်သူများ ရေရှည်အသုံးပြုနိုင်ရေးအတွက် ဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**


telenor
သင့်အတွက် တည်ဆောက်ထားတဲ့
အကြီးမားဆုံးကွန်ရက်မှာ
ပါဝင်ချိတ်ဆက်လိုက်ပါ
အသေးစိတ်အချက်အလက်များကို www.telenor.com.mm တွင် ဝင်ရောက်ကြည့်ရှုပြီး
သင်နဲ့အကိုက်ညီဆုံး Pack အမျိုးမျိုး၊ ဝန်ဆောင်မှုအမျိုးမျိုးကို နှစ်သက်သလို ရွေးချယ်အသုံးပြုနိုင်ပါသည်။
မြန်မာနိုင်ငံရဲ့ အကြီးမားဆုံးအင်တာနက်ကွန်ရက်

# တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သင်တန်းသူအမျိုးသမီးများအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ အမျိုးသမီး(အပျို)ဖြစ်ရမည်။

(ခ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ(၁)လအတွင်း ရရှိသည့် ထောက်ခံစာမူရင်းနှင့်ပတ်စပို့အရွယ် ဓာတ်ပုံ(၃)ပုံတို့ကို ပူးတွဲတင်ပြရမည်။

(ဂ) လျှောက်ထားသူသည် ၁-၁-၂၀၁၇ရက်နေ့တွင်အသက်(၁၆)နှစ်အောက် မငယ်ရ(၁၈)နှစ်ထက်မကြီးရ။

(ဃ) အနည်းဆုံးအရပ် (၅)ပေ (၂)လက်မနှင့် ကိုယ်အလေးချိန်(၉၅)ပေါင်ထက်မနည်းရ။

(င) မျက်မှန် တပ်ဆင်ထားသူ မဖြစ်စေရ။

(စ) မိဘအုပ်ထိန်းသူ၏ ခွင့်ပြုချက်ရရှိရမည်။

(ဆ) လျှောက်လွှာနှင့်အတူပါရှိသော ဆေးစစ်ပုံစံဖြင့် မိမိတို့နေထိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး/ မြို့နယ်ရှိ တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတွင် ပဏာမကျန်းမာရေး စစ်ဆေးအောင်မြင်သူ ဖြစ်ရမည်။

(ဇ) တက္ကသိုလ်ဝင်စာမေးပွဲကို ရူပဗေဒ၊ ဓာတုဗေဒနှင့် ဇီဝဗေဒဘာသာတွဲများဖြင့် အောင်မြင်ပြီးသူ ဖြစ်ရမည်။ (အမှတ်စာရင်းတင်ပြရမည်။)

(ဈ) တပ်မတော်၏အုပ်ချုပ်မှုစနစ်အတိုင်း လိုက်နာဆောင်ရွက်နိုင်သူ ဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် ၇-၉-၂၀၁၆ ရက်နေ့မှစ၍ အခမဲ့ရယူနိုင်သည်။ လျှောက်လွှာကို ၂၀-၁၀-၂၀၁၆ ရက်နေ့နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော တိုင်းစစ်ဌာနချုပ်များသို့ ပြန်လည်ပေးပို့ကြရမည်။

၃။ သင်တန်းဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲအတွက် အင်္ဂလိပ်စာနှင့် ဇီဝဗေဒဘာသာတွဲတို့ကို တက္ကသိုလ်ဝင် စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း မိမိလျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်၌ ၁၉-၁၁-၂၀၁၆ ရက်နေ့တွင် ဖြေဆိုကြရမည် ဖြစ်ပါသည်။

၄။ အရည်အချင်းစစ်စာမေးပွဲ အောင်စာရင်းကို တိုင်းစစ်ဌာနချုပ်များတွင်၁၂-၁၂-၂၀၁၆ ရက်နေ့မှ ၁၃-၁၂-၂၀၁၆ ရက်နေ့အတွင်း ထုတ်ပြန်ကြေညာမည်။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် ၉-၁-၂၀၁၇ ရက်နေ့မှ ၁၆-၁-၂၀၁၇ ရက်နေ့အတွင်း တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ ရွေးချယ်ခံရသူများသည် တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်တွင် (၄)နှစ် တက်ရောက်ရမည်ဖြစ်ပြီး သင်တန်းပြီးဆုံးပါက **သူနာပြုသိပ္ပံဘွဲ့ (Bachelor of Nursing Science)** ရရှိမည်ဖြစ်ပါသည်။

၅။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ်(၁၄၀၀၀၀)ကျပ်၊ ဒုတိယနှစ်(၁၄၅၀၀၀)ကျပ်၊ တတိယနှစ် (၁၅၀၀၀၀)ကျပ်၊ စတုတ္ထနှစ်(၁၅၅၀၀၀)ကျပ် ရရှိမည်။

၆။ သင်တန်းပြီးမြောက်အောင်မြင်သောအခါ ဆေးဝန်ထမ်းတပ်ဖွဲ့တွင် **သူနာပြု (Nurse)**အဖြစ် ခန့်အပ်ပေးမည် ဖြစ်ပြီး သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီပါက **သူနာပြုမဟာသိပ္ပံဘွဲ့ (Master of Nursing Science)** နှင့် **သူနာပြုပါရဂူဘွဲ့ (Ph.D Nursing)** ဘွဲ့သင်တန်းများ တက်ရောက်ခွင့်ရရှိမည်။

၇။ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)အဖြစ် အမှုထမ်းသက်(၁)နှစ်၊ အထက်တန်းသူနာပြု အမှုထမ်းသက်(၂)နှစ်၊ စုစုပေါင်း(၃)နှစ် ပြည့်မြောက်ပြီး သက်ဆိုင်ရာတို့မှ ပြန်တမ်းဝင်အရာရှိအဖြစ် အဆင့်တိုးမြှင့်ပေးရန် ထောက်ခံတင်ပြလျှင် ဒုတိယဗိုလ်(အထက်တန်းသူနာပြု)အဖြစ် စတင်ခန့်အပ်ပေးမည်။

**မှတ်ချက်။** အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တိုင်းစစ်ဌာနချုပ်များတွင် စုံစမ်း မေးမြန်းနိုင်သည်။

# တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်
# သင်တန်းသားများအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ အမျိုးသား(လူပျို)ဖြစ်ရမည်။

(ခ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ(၁)လအတွင်းရရှိသည့် ထောက်ခံစာမူရင်းနှင့်ပတ်စ်ပို့အရွယ် ဓာတ်ပုံ(၃)ပုံတို့ကို ပူးတွဲတင်ပြရမည်။

(ဂ) လျှောက်ထားသူသည် ၁-၁-၂၀၁၇ ရက်နေ့တွင် အသက်(၁၆)နှစ်အောက် မငယ်ရ၊ (၁၈)နှစ်ထက်မကြီးရ။

(ဃ) အနည်းဆုံးအရပ် (၅)ပေ (၃)လက်မနှင့် ကိုယ်အလေးချိန်(၁၀၀)ပေါင်ထက်မနည်းရ။ပေါင်(၁၄၀)ထက် မကျော်ရ။

(င) မျက်မှန် တပ်ဆင်ထားသူ မဖြစ်စေရ။

(စ) မိဘအုပ်ထိန်းသူ၏ ခွင့်ပြုချက်ရရှိရမည်။

(ဆ) လျှောက်လွှာနှင့်အတူပါရှိသော ဆေးစစ်ပုံစံဖြင့် မိမိတို့နေထိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး/ မြို့နယ်ရှိ တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတွင် ပဏာမကျန်းမာရေး စစ်ဆေးအောင်မြင်သူ ဖြစ်ရမည်။

(ဇ) တက္ကသိုလ်ဝင်စာမေးပွဲကို ရူပဗေဒ၊ ဓာတုဗေဒနှင့် ဇီဝဗေဒဘာသာတွဲများဖြင့် အောင်မြင်ပြီးသူ ဖြစ်ရမည်။ (အမှတ်စာရင်းတင်ပြရမည်။)

(ဈ) တပ်မတော်၏အုပ်ချုပ်မှုစနစ်အတိုင်း လိုက်နာဆောင်ရွက်နိုင်သူ ဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် ၇-၉-၂၀၁၆ ရက်နေ့မှစ၍ အခမဲ့ရယူနိုင်သည်။ လျှောက်လွှာကို ၂၀-၁၀-၂၀၁၆ ရက်နေ့ နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော တိုင်းစစ်ဌာနချုပ်များသို့ ပြန်လည်ပေးပို့ကြရမည်။

၃။ သင်တန်းဝင်ခွင့် အရည်အချင်းစစ် စာမေးပွဲအတွက် အင်္ဂလိပ်စာနှင့် ဇီဝဗေဒဘာသာတွဲတို့ကို တက္ကသိုလ်ဝင် စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း မိမိလျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်၌ ၅-၁၁-၂၀၁၆ ရက်နေ့တွင် ဖြေဆိုကြရမည် ဖြစ်ပါသည်။

၄။ အရည်အချင်းစစ် စာမေးပွဲအောင်စာရင်းကို တိုင်းစစ်ဌာနချုပ်များတွင် ၂၅-၁၁-၂၀၁၆ ရက်နေ့မှ ၂၆-၁၁-၂၀၁၆ ရက်နေ့အတွင်း ထုတ်ပြန်ကြေညာမည်။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် ၂-၁-၂၀၁၇ ရက်နေ့မှ ၉-၁-၂၀၁၇ ရက်နေ့အတွင်း တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။

၅။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ်(၁၄၀၀၀၀)ကျပ်၊ ဒုတိယနှစ်(၁၄၅၀၀၀)ကျပ်၊ တတိယနှစ်(၁၅၀၀၀၀)ကျပ်၊ စတုတ္ထနှစ်(၁၅၅၀၀၀)ကျပ် ရရှိမည်။

၆။ သင်တန်းအောင်မြင်ပြီးလျှင် မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် အောက်ပါဘွဲ့များ အပ်နှင်းပေးမည်-

(က) သူနာပြုသိပ္ပံဘွဲ့ B.N.Sc(Bachelor of Nursing Science)

(ခ) ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့ B.Pharm(Bachelor of Pharmacy)

(ဂ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓာတ်ခွဲနည်းပညာ) B.Med.Tech (Medical Laboratory Technology)

(ဃ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာခန္ဓာသန်စွမ်းမှုနည်းပညာ) B.Med.Tech (Physiotherapy)

(င) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓာတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာ) B.Med.Tech (Medical ImagingTechnology)

၇။ သင်တန်းပြီးမြောက်အောင်မြင်သောအခါ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် **သူနာပြု(Nurse)**နှင့် **ဆေးဘက်ကျွမ်းကျင်သူများ**အဖြစ် ခန့်အပ်ပေးမည်ဖြစ်ပြီး သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီပါက မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် **မဟာသိပ္ပံဘွဲ့ (Master of Science)** နှင့် **ပါရဂူဘွဲ့ (Ph.D )** သင်တန်းများ တက်ရောက်ခွင့် ရရှိမည်။

၈။ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)/ ဆေးဘက်ကျွမ်းကျင်သူ(တတိယတန်း) အမှုထမ်းသက် (၁)နှစ်၊ အထက်တန်းသူနာပြု /ဆေးဘက်ကျွမ်းကျင်သူ (ဒုတိယတန်း) အမှုထမ်းသက်(၂)နှစ်၊ စုစုပေါင်း(၃)နှစ် ပြည့်မြောက်ပြီး သက်ဆိုင်ရာတို့မှ ပြန်တမ်းဝင်အရာရှိအဖြစ် အဆင့်တိုးမြှင့်ပေးရန် ထောက်ခံတင်ပြလျှင် **ဒုတိယဗိုလ်(အထက်တန်းသူနာပြု/ ကျွမ်းကျင်သူ(ဒုတိယတန်း))**အဖြစ် စတင်ခန့်အပ်ပေးမည်။

**မှတ်ချက်။** အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တိုင်းစစ်ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။

## ကြော်ငြာ

### (၅၇)နှစ်မြောက်မွေးနေ့ဆုမွန်ကောင်း



ဒေါ်စပယ် (လက်ထောက်ညွှန်ကြားရေးမှူး ၊ ပဲခူးတိုင်းဒေသကြီး ပညာရေး ညွှန်ကြားရေးမှူးရုံး)၏ 20.10.2016 ရက်နေ့တွင်ကျရောက်သော(၅၇)နှစ်မြောက်မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာ တိုင်အောင် ကျန်းမာရွှင်လန်းစွာဖြင့် ချစ်ရသော မိသားစုနှင့်အတူ တိုင်းပြည်အကျိုး ဘာသာ သာသနာ အကျိုးတို့ကို ဆက်လက်ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းလိုက်ပါသည်။

ချစ်ခင်မွန်း - ဦးအေးရှိ
ချစ်သမီးများ - ဒေါ်အေးစပယ်ရှိ ၊ ဒေါ်ဝါဝါရှိ
ချစ်သားများ - ဦးဟိန်းထိုက် ၊ ဦးဟိန်းထက်

### ဝမ်းဆဲဗင်းဝမ်း ထမင်းဆိုင်

ငါးမြင်း (စစ်စစ်) ဆီပြန်၊ ကြက်ကာလသားချက်၊ ငါးဘတ်မွှေဆီပြန်၊ ငါးရံ့ခေါင်းသား ဒန့်ဒလွန့်ဟင်း၊ ကာကာတစ် ရေချိုချက်တို့ကို စားသုံးနိုင်ရန် ဖိတ်ခေါ်ပါသည်။ ထမင်းချိုင့်ဆွဲပေးပါသည်။

(၁) အမှတ် ၃၉၊ ၅၃-လမ်း။ (ကုန်သည်လမ်းနှင့်ကမ်းနားလမ်းကြား)ဗိုလ်တထောင်။ ဝ၉ ၅၁၅၂၆၁၈။ ဆိုင်ဖွင့်ချိန် (10 am to 6 pm)

(၂) အမှတ် ၄၃၂၊ ပြန်မှာဂူကျောင်းလမ်းနှင့်မန္တလေးလမ်းထောင့်၊ မင်္ဂလာတောင်ညွန့်။ ဝ၉-၅၀၅၀၃၂၀။ ဆိုင်ဖွင့်ချိန် (11 am to 8:30 pm)

### အထူးကျေးဇူးဆပ်ပါမည်

D THAN DAR OO ၏ Toyota Ractis 2011 ခဲရောင် Mdy 3M/5504 ဗိုးတက်၊ အုံနာ စာအုပ်နှင့် အာမခံစာအုပ် Taxi ပေါ် ပါသွားပါသည်။ တွေ့ရင် အကြောင်းကြားပေးပါရန်။
Ph: 09-776038332, 776038250

### ဖခင်အမည်မှန်

မရမ်းကုန်းမြို့နယ် အထက(၁) ဒသမတန်းမှ မောင်ထွဋ်ငြိမ်းဝေ (ကျောင်းဝင်အမှတ် ၅၀၁/၁၁) ၏ ဖခင်အမည်မှန်မှာ ဦးဇော်ဝင်းထွန်း [၁၄/ဘကလ(နိုင်)၁၄၃၉၉၄] ဖြစ်ပါကြောင်း။ ဦးဇော်ဝင်းထွန်း

### aysmuf;qkH;jcif;

ဦးအေးဝင်း [၁၂/သဃက(နိုင်) ဝ၂၆၂၁၁]၏ သင်္ဘောသားမှတ်ပုံတင်လက်မှတ်အမှတ် SID Number 22588မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။ zkef;-09-254452542

### X Gym Fitness

Fitness Trainer tvkyfoifc;,lcif;

| | |
|---|---|
| -အသက်(၂၀)မှ (၃၀)နှစ်အတွင်း အိမ်ထောင်မရှိသူဖြစ်ရမည် | -အဆောင်စီစဉ်ပေးမည်။ |
| | -စားစရိတ်ပေးမည်။ |
| -ရုပ်ရည်ခန္ဓာကိုယ်ပြေပြစ်ရမည် | -Trainer သင်တန်းတက်ရောက်ရမည်။ |
| -အားကစားဝါသနာပါပြီးကြိုးစားချင်စိတ်ရှိရမည်။ | -သင့်တင့်သောလစာပေးမည်။ |
| -ရေရှည်လုပ်ကိုင်နိုင် (စာချုပ်ချုပ်ဆိုနိုင်)ရမည်။ | -နယ်သမားဦးစားပေးမည်။ |

qufoG,f&ef Ph: 01-371420, 01-210794,09-777941196
vlawGU-tpfy(20)&uftwGif;vma&mufvQif;Ekdif

### အမြန် ငှားမည်

လိုအပ်သော ကွန်ဒိုများ

Pyay Garden, River View Point, Royal Maylikha, Hill Top, Golden City

အိမ်ပိုင်ရှင်များ အမြန်ဆုံး ဆက်သွယ်ပေးပါ

09-260260029, 09-260260059

ချစ်သမီးလေး

သက်ရတနာကျော်ဝင်း @ Grace Gloria Wan

## မွေးနေ့မင်္ဂလာ ဆုမွန်လွှာ

(၂၀-၁၀-၂၀၁၆)ရက်တွင် ကျရောက်သည့် ချစ်သမီးလေး သက်ရတနာကျော်ဝင်း @ Grace Gloria Wan (12th Grader, ISY) ၏ ၁၇-နှစ်ပြည့် မွေးနေ့မင်္ဂလာရက်မြတ်မှသည် ပျော်ရွှင်ဖွယ်မွေးနေ့ပေါင်းများစွာကို မိသားစုနှင့်အတူ ရယူပိုင်ဆိုင်နိုင်ပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

ချစ်သော ဘွားဘွား ဒေါ်ခင်မြမြ၊ ဦးဦး၊ အန်တီနှင့် ညီအစ်ကိုမောင်နှမများ

ချစ်သမီးလေး

သက်ရတနာကျော်ဝင်း @ Grace Gloria Wan

## မွေးနေ့မင်္ဂလာ ဆုမွန်လွှာ

(၂၀-၁၀-၂၀၁၆)ရက်တွင် ကျရောက်သည့် ချစ်သမီးလေး သက်ရတနာကျော်ဝင်း @ Grace Gloria Wan (12th Grader, ISY) ၏ ၁၇-နှစ်ပြည့် မွေးနေ့မင်္ဂလာရက်မြတ်မှသည် လိုရာဆန္ဒ ပြီးပြည့်ဝပြီး ပျော်ရွှင်ကြည်နူးဖွယ် မွေးနေ့ပေါင်းများစွာကို မိသားစုနှင့်အတူ ရယူပိုင်ဆိုင်နိုင်ပါစေ။

နိုင်ငံတကာအဆင့်မီ ရွှေနန်းတော် စိန်ရွှေရတနာဆိုင် (၂)ဆိုင်စလုံးမှ ဝန်ထမ်းများ
Forever Gems by ရွှေနန်းတော်မှ ဝန်ထမ်းများ
Jewel Collection Manufacturing Co., Ltd မှ မန်နေဂျာ/ဝန်ထမ်းများနှင့်
United GP Development Co.,Ltd @ 68 Residence မှ မန်နေဂျာ/ဝန်ထမ်းများ




Social Pack
MPT
ရွှေသို့လှမ်းချီ မြန်မာပြည်
လူကြိုက်အများဆုံး Social App တွေကို
အသက်သာဆုံး ဈေးနှုန်းနဲ့ သုံးနိုင်ပြီ။
Facebook . Viber . Line . COC*. Clash Royale*
1 Kyat/MB
LINE
၂၄ နာရီ
200MB/199Ks
*3001#
SP1 to 1332
၇ ရက်
1000MB/999Ks
*3002#
SP2 to 1332
ရက် ၃၀
4000MB/3999Ks
*3003#
SP3 to 1332
MPT ၏ ဆွေသဟာ ဝန်ဆောင်မှု ရယူသုံးစွဲနေသူများအားလုံး ဝယ်ယူအသုံးပြုနိုင်ပါသည်။
သတ်မှတ်ထားသော Social App များမှအပ အခြားအင်တာနက် သုံးစွဲမှုများအတွက် ပုံမှန်ဈေးနှုန်းအတိုင်း ကျသင့်မည်ဖြစ်ပါသည်။
VOIP ခေါ်ဆိုမှုအတွက် ပုံမှန်နှုန်းထားအတိုင်း ကျသင့်မည်ဖြစ်ပါသည်။
*အသေးစိတ်အချက်အလက်များကို Terms & Conditions တွင်ကြည့်ရှုနိုင်ပါသည်။
"၂၀၁၆ ဧပြီလ (၁) ရက်နေ့မှစ၍ လက်ရှိနှုန်းထားများတွင် အစိုးရကုန်သွယ်လုပ်ငန်းခွန် ၅% ကို ထပ်ဆောင်းကောက်ခံသွားပါမည်"
အသေးစိတ်သိရှိလိုပါက
www.mpt.com.mm
mptofficialpage
mptofficial
CALL CENTER 106
free hotline
24 hours everyday

# (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေးဗဟိုကော်မတီ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၉**

၂၀၁၇ ခုနှစ်၊ (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေး ဗဟိုကော်မတီ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ၂၀၁၇ ခုနှစ်၊ (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက် အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ ဆပ်ကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေက ၂၀၁၇ ခုနှစ်၊ (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားနှင့် ဆက်စပ်အခမ်းအနားများကို ကျင်းပသည့်အခါ နိုင်ငံရေးအနှစ်သာရပိုမိုပြည့်ဝစွာဖြင့် ကျင်းပနိုင်ရန်အတွက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံတွင် တွေ့ဆုံညှိနှိုင်းမှုများမှရရှိလာသည့် ဆုံးဖြတ်ချက်များနှင့်အညီ ဘုံသဘောတူညီချက်တစ်ခုဖြင့် အနာဂတ်တွင် စစ်မှန်သည့်ပြည်ထောင်စုကြီး တည်ဆောက်သွားနိုင်ရေး၊ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်းကာကွယ်ရေး၊ **စာမျက်နှာ ၃ ကော်လံ ၁ သို့ ✻**



(၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေးဗဟိုကော်မတီ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

## မောင်တောဒေသ အကြမ်းဖက်စီးနင်းတိုက်ခိုက်ရာတွင် ပါဝင်သူ ၁၁ ဦး ဖမ်းဆီးရမိ

သတင်း စာမျက်နှာ - ၁၁

## ချင်းတွင်းမြစ်အတွင်း အမြန်ရေယာဉ်နစ်မြုပ်ခဲ့ရာမှ ပျောက်ဆုံးလျက်ရှိသည့် ခရီးသည်များအား လိုက်လံရှာဖွေဆယ်ယူလျက်ရှိ

**ဘုတလင် အောက်တိုဘာ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ် မိချောင်းတွင်းကျေးရွာအနီး ချင်းတွင်းမြစ်အတွင်း နစ်မြုပ်ခဲ့သည့် အောင်စိုးမိုးကျော်အမြန်ရေယာဉ်(၂)မှ ပျောက်ဆုံးနေသည့် ခရီးသည်များအား ဘုတလင်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး တင်မောင်သောင်းနှင့် ပူးပေါင်းအဖွဲ့များက မြစ်ကြောင်းတစ်လျှောက် လိုက်လံရှာဖွေဆယ်ယူလျက်ရှိကြောင်း သိရသည်။

ပျောက်ဆုံးခရီးသည်များ လိုက်လံရှာဖွေဆယ်ယူရရှိမှုအခြေအနေနှင့် ပတ်သက်၍ ဘုတလင်မြို့မရဲစခန်းမှ ဒုရဲအုပ်လှမျိုးက ပြောကြားရာတွင် အမြန်ရေယာဉ်နစ်မြုပ်မှုဖြစ်ပွားပြီးနောက် **စာမျက်နှာ ၁၁ ကော်လံ ၄ သို့ ✻**



## မင်းဘောစုကျေးရွာတွင် မြစ်ကမ်းပါးပြိုကျမှုဖြစ်



**တွံတေး အောက်တိုဘာ ၁၉**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ကွမ်းဘက်ကရင်ချောင်းကျေးရွာအုပ်စု မင်းဘောစုကျေးရွာတွင် အောက်တိုဘာ ၁၉ ရက် နံနက် ၉ နာရီက တိုးမြစ်ဒီရေအတက်အကျနှင့် ရေလှိုင်းပုတ်ခတ်မှုကြောင့် တိုးမြစ်ကမ်းပါးဘေးအလျား ပေ ၃၈၀ ခန့်၊ အနံပေ ၃၀ ခန့် ပြိုကျမှုဖြစ်ပွားခဲ့သည်။

အဆိုပါ မြစ်ကမ်းပါးပြိုကျမှုကြောင့် ကျေးရွာကွန်ကရစ်လမ်းမှာ အလျားပေ ၉၀ ခန့် ကမ်းပါးပြိုကျမှုတွင်ပါဝင်သွားခဲ့ပြီး မြစ်ကမ်းပါးပြိုမှုနှင့် နီးကပ်လျက်ရှိသည့် ဦးသန်းညွန့်နေအိမ်တစ်လုံးအား ကျေးရွာအတွင်းရှိ ဦးမောင်စိုး ခြံကွက်အတွင်းသို့လည်းကောင်း၊ ဦးစန်းဝင်းနေအိမ်အား **စာမျက်နှာ ၁၁ ကော်လံ ၄ သို့ ○**



ကြေးမုံ ကြော်ငြာ

၂၀၁၆ ခုနှစ် အောက်တိုဘာ ၂၀ ရက်၊ ကြာသပတေးနေ့

ADVERTISEMENT

ပန်းနုရောင် အဆင့်မြင့် ခရီးသွားဝန်ဆောင်မှုလုပ်ငန်း
09-43004362 ,09-401601378
pink
(Oct 15,22,29)
(35,000KS)

## Innlay Lover Travels & Tours
အဆင့်မြင့်ဘုရားဖူး ခရီးသွားလုပ်ငန်း

**တောင်ကြီးတန်ဆောင်တိုင် (အထူးအစီအစဉ်)**

အင်းလေးချစ်သူမှ တောင်ကြီးမီးပုံးပျံလွှတ်သည့် အစီအစဉ်တွင်ကိုယ်တိုင်ပါဝင် ဆင်နွှဲနိုင်မည့်အခွင့်အရေး

- တောင်ကြီး(မီးပုံးပျံပွဲ) Nov-11 150,000 Ks
- တောင်ကြီး(ပုံမှန်) Oct-21 135,000 Ks
- ပုဂံ Oct-28, Nov-4,18 135,000 Ks
- ပြင်ဦးလွင်၊ မန္တလေး၊ မုံရွာ Nov-18 135,000 Ks
- ထားဝယ်၊ ရှင်ကိုးရှင်၊ မောင်းမကန် Nov-23 135,000 Ks
- ပလေ Nov-23 220,000 Ks
- တောင်ကြီး၊ ထမ်စမ်း၊ လွိုင်ကော် Nov-23(4N-5D) 180,000 Ks
- မြဝတီ၊ မဲဆောက် Oct-28, Nov-18 120,000 Ks

အဆင့်မြင့်ဟိုတယ်၊ သန့်ရှင်းလတ်ဆတ်သောစားသောက်ဆိုင်၊ ခရီးသွားအာမခံ၊ Guide Service ပါပြီး။ ကျန်ခရီးစဉ်အားလုံး ၃ည/၄ရက်ခရီး

Call us: 09-4210 30 814, 09-97 925 2020, 09-97 925 2121, 09-2636 95 301

## နီလာ ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့

အောက်တိုဘာနှင့်နိုဝင်ဘာလတွင် စရံငွေ (၂)သိန်း စာရင်းပေးသွင်းသူများနှင့် နိုင်ငံကူးလက်မှတ် လက်ဝယ်ရှိသူများကိုအောက်ပါ အထူးဈေးနှုန်းဖြင့် ပို့ဆောင်ပေးပါမည်။

၉.၅ သိန်း → ၈ ရက်ခရီး - သံဝေဇနီယ(၄)ဌာန + အဝိဇဟိတသုံးဌာန( အိန္ဒိယ + နီပေါ) Hotel-2Days
၁၀ သိန်း → ၁၂ ရက်ခရီး - သံဝေဇနီယ(၄)ဌာန + အဝိဇဟိတသုံးဌာန( အိန္ဒိယ + နီပေါ) Hotel-3Days
၁၁ သိန်း → ၁၅ ရက်ခရီး - သံဝေဇနီယ(၄)ဌာန + အဝိဇဟိတ(၄)ဌာန + နယူးဒေလီ၊တပ်ချ်မဟာ Hotel-5Days
၁၁.၅ သိန်း → ၁၅ ရက်ခရီး - သံဝေဇနီယ(၄)ဌာန + အဝိဇဟိတ(၄)ဌာန + နယူးဒေလီ၊တပ်ချ်မဟာ + (ကိုလ်ကတ္တား + Shopping + သိပ္ပံကမ္ဘာ + ဗိတိုရိယဘုရင်မပြတိုက်) Hotel-4Days

**(၁၂)ဦး စုစည်းလိုက်ပါလျှင် (၁)ဦးအခမဲ့ (ခရီးစဉ်အားလုံး စရိတ်ငြိမ်း ဖြစ်ပါသည်။)**

ခရီးစဉ်အသေးစိတ်သိရှိလိုပါက နီလာရုံးခန်းတွင် လက်ကမ်းကြော်ငြာနှင့် (DVD)ခွေများကိုအခမဲ့လာရောက်ယူနိုင်ပါသည်။
အမှတ် - ၂၇၆/၂၇၈(မြေညီ)၊ ပန်းဆိုးတန်းလမ်း(ခုံတံတားအနီး)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
☎ ၀၁-၃၇၆၆၁၀၊ ၃၇၂၁၃၅၊ ၃၈၄၃၆၆၊ ၃၈၄၀၆၆၊ ၃၈၅၃၈၄၊ ၀၉-၅၁၂၀၅၂၉

## ဗီယက်နမ်နိုင်ငံခရီးစဉ်များကို USD 299 မှစ၍...

| | | | | |
|---|---|---|---|---|
| ဟိုချီမင်း + ချူချီ + မိုင်းသို | ဟိုချီမင်း + မွေနဲ + ဒါလတ် | ဟနွိုင်း + ဟလောင်း + နင်းဘင် + ထရန်အန်း | ဟနွိုင်း + ဟလောင်း + နင်းဘင် + စပါ | အပတ်စဉ် သောကြာ/စနေနေ့တိုင်း ခရီးစဉ်များရှိသည်။ |
| ၃ ညအိပ် ၄ ရက် | ၄ ညအိပ် ၅ ရက် | ၃ ညအိပ် ၄ ရက် | ၄ ညအိပ် ၅ ရက် | |
| ၂၉ အောက်တိုဘာ | ၂၉ အောက်တိုဘာ | ၂၈ အောက်တိုဘာ | ၂၈ အောက်တိုဘာ | |
| USD 299 | USD 333 | USD 460 | USD 460 | |

ပေးရတဲ့ပိုက်ဆံနဲ့တန်လိုသူများ၊ မိမိကိုယ်တိုင်စီစဉ်သည်ထက် ကုန်ကျစရိတ်ပိုမိုသက်သာလိုသူများ၊ စိတ်အနှောင့်အယှက် ကင်းကင်း ကုန်ကျစရိတ်အပြီးအစီးဖြင့် Hassle-free ခရီးသွားလိုသူများ အသေးစိတ်အချက်အလက်များကိုသိရှိလိုလျှင် သို့မဟုတ် စာရင်းပေးသွင်းလိုလျှင် ဆက်သွယ်ရန်...

ရွှေခင်းလမ်း ခရီးသွားလုပ်ငန်း
ဖုန်း - ၀၁ ၅၂၄ ၈၄၃
၀၉ ၇၈၈ ၉၉၉ ၈၂၀ ~ ၈၆၀

## MYANMAR ZAW HTOO WATER TREATMENT
EXCELLENT PROFESSIONAL IN ALL TYPES OF WATER TREATMENT SYSTEMS

**Show Room - 1 & Service Center**
NO 325, Ground Floor, Bo Sun Pat Street (Old Mg Htaw Lay Street),Upper Block, Pabedan Tsp, Yangon.
D - 01-383842, 01-383876, 01-377920.

**Show Room - 2**
NO 353, Ground Floor, Shine Condo, Thein Phyu Road,Mingalar Taung Nyunt Tsp, Yangon.
D - 01-377425, 01-377426, 01-377427, 09-254476516, 09-254476517

HIGHEST PERFORMANCE DOMESTIC WATER TREATMENT PLANT
COMPLETED WITH FULLY AUTOMATIC BACKWASH & REGENERATION SYSTEMS
UPDATED INSTALLATION IN YANGON, SEPTEMBER 2016.

**45 TONS PER HOUR**




M - 09-420182377, 09-73338786, 09-420182388, 09-73348786   www.myanmarzawhtoowatertreatment.com

## အောင်နိုင်သူ မဟာဗိန် ကုမ္ပဏီလီမိတက်
## Winner Super Diamond Pile Co., Ltd.
## W.S.D Group



# W.S.D Pile


Licence No.PL-12

လူကြီးမင်းတို့၏ အဆောက်အဦးများနှင့် စက်ရုံများတွင်
ပိုင်ရိုက်ခြင်း၊ Bored Pile,လုပ်ငန်းများ ဆောင်ရွက်လိုပါက
ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။



Add: အမှတ်(၅၆)၊ မြေညီထပ်၊ ၄၄လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။
Ph : 01-381964, 09-73131288, 09-73150482, 09-250499988
Off : Ph- 09-250 288811, Email: wsdmyanmar@gmail.com

Add: အမှတ်(ဘီ-၁၀)၊(၃၃)လမ်း၊(၈၁-၈၂)လမ်းကြား၊ မန္တလေး။
Ph: 09-265820507


Have been built
7F
SPRING LINE
★ Hlaing River Landmark ★
MODERN COMPLEX BUSINESS CENTER
BEYOND
YANGON
★ Permanent Property ★
A new business center, next to the Aung Zay Ya bridge.
ပျော်ရွှင်သော ဘဝနှင့် စီးပွားရေးကို တစ်နေရာထဲတွင် ခံစားနိုင်သည့် ဘိုးဘွားပိုင်မြေ 800000 Sqft ရှိသော လှိုင်မြစ်လမ်း အောင်ဇေယျတံတားအနီးတွင်တည်ရှိပြီး လှပသော
အင်တာနေရှင်နယ်စတိုင်လ် အဆောက်အဦးတစ်ခု ဖြစ်လာတော့မည့် Spring Line သည် ရန်ကုန်မြို့၏ စီးပွားရေးစင်တာနှင့် နေအိမ်အဆောက်အဦးတစ်ခု ဖြစ်လာတော့မည်။
800000 square feet innovative RBD,
enjoy one-stop business and life.
International style buildings occupy the most beautiful
landscape of Hlaing River and Aung Zaya Bridge.
Spring Line is the iconic Business and
residential center at Hlaing River of Yangon.
Beyond Yangon today,
for tomorrow Yangon.
SHOPPING ARCADE
BOUTIQUE BUSINESS HOTEL
SMART STAR OFFICE
VOHO& SOHO
ELITE CLUB
Hlaing River
Aung Zay Ya Bridge
Hlaing River Rd
Ba Yint Naung Rd
Insein Rd
Hlaing River
TEL: 09 7930 66666
Shwe Oak Khai Construction Co.,Ltd
Add: No 461 Kanar Middle Qtr,Hlaing River Road,
Near Aung Zay Ya Bridge,Insein Township,Yangon

**ရန်ကုန်တက္ကသိုလ်(ကြည့်မြင်တိုင်နယ်မြေ)ဓာတုဗေဒအဓိကကျောင်းသားကျောင်းသူများ၏ တတိယအကြိမ် အာစရိယပူဇော်ပွဲ ဖိတ်ကြားခြင်း**

၁၉၈၂၊ ၁၉၈၃၊ ၁၉၈၄၊ ၁၉၈၅၊ ခုနှစ်များတွင် ဓာတုဗေဒမေဂျာသို့ စတင်ဝင်ရောက်ခဲ့ကြသော သူငယ်ချင်းများအားလုံး(တတိယအကြိမ်)အာစရိယပူဇော်ပွဲအခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်းစည်းကားသိုက်မြိုက်စွာ ကျင်းပလိုပါသဖြင့် မပျက်မကွက်တက်ရောက်ကြပါရန်နှင့်ဆက်သွယ်လှူဒါန်းကြပါရန် နှိုးဆော်အပ်ပါသည်။

နေ့ရက်- ၂၄-၁၁-၂၀၁၆ ကြာသပတေးနေ့ (အမျိုးသားနေ့)
အချိန်- နံနက် ၉း၀၀နာရီမှ ၁၂း၀၀နာရီထိ
နေရာ- ရန်ကုန်တက္ကသိုလ်ဓမ္မာရုံ၊ ကမာရွတ်မြို့နယ်

-၁၉၈၂-
ကိုခင်ဝင်း ၀၉-၅၁၃၈၂၃၃
ကိုရွှေသွင် ၀၉-၅၀၁၇၀၅၅
ကိုသိန်းသန်းစိုး(ဘိုနီ) ၀၉-၅၁၁၀၂၀၃
မအိုင်းရစ်သန်း၀၉-၅၁၈၆၇၇၂
မခင်ခန့်ခန့်ထွန်း ၀၉-၇၃၁၂၇၅၀၄
မမိုမိုသိန်း ၀၉-၅၀၁၄၈၅၆

-၁၉၈၃-
ကိုလှဘော် ၀၉-၅၁၂၈၈၈၀
ကိုသန်းကျော် ၀၉-၅၀၁၉၉၁၉
ကိုအောင်မျိုးသူရ ၀၉-၅၅၀၁၂၄၁
မနီလာ ၀၉-၅၁၀၅၂၁၂
မရင်ရင်အေး ၀၉-၄၅၀၀၀၀၇၆၇

-၁၉၈၄-
ကိုသာနိုင် ၀၉-၅၀၀၂၇၆၉
ကိုခင်မောင်လတ် ၀၉-၃၁၁၂၂၀၇၅
ကိုမင်းဇော် ၀၉-၂၅၀၃၈၁၈၁၇
မသန္တာပြုံး ၀၉-၅၀၃၅၁၁၃
မဝေဝေမြင့် ၀၉-၂၅၄၁၁၄၅၁၆
မစပယ် ၀၉-၇၉၅၇၉၁၈၇၈

-၁၉၈၅-
ကိုတင်အောင်သန်း ၀၉-၅၀၃၇၉၈၆
ကိုမြင့်ဌေး ၀၉-၅၁၆၄၄၁၁
ကိုမျိုးအောင် ၀၉-၅၀၂၀၆၄၈
ကိုသန်းထွန်း ၀၉-၇၃၂၂၀၆၄၆၀
မမြတ်မြတ်ထွန်း ၀၉-၄၂၀၂၈၄၅၀၅
မသီသီပြုံး ၀၉-၅၀၈၅၈၈၂
မာလာလှိုင် ၀၉-၄၅၀၀၁၂၇၂၉

(၁၉၈၆နှစ်နှင့်နောက်ပိုင်းနှစ်များမှ ဓာတုဗေဒ(ကြည့်မြင်တိုင်နယ်မြေ)မှ သူငယ်ချင်းများလည်း ဆက်သွယ်ကြပါရန် မေတ္တာရပ်ခံပါသည်။)

**a&Trmf"mapwDwmf*yu tzGJ opfyefvnfzGJ pnf;&ef aMunmcsuf**

ပဲခူးမြို့ ဆုတောင်းပြည့်ရွှေမော်ဓောစေတီတော်ဂေါပကအဖွဲ့ ဂေါပကအဖွဲ့စည်းမျဉ်းအပိုဒ်(၂၈)အရ ဂေါပကအဖွဲ့ကို အသစ်ပြန်လည်ဖွဲ့စည်းမည်ဖြစ်ပါသဖြင့် ဂေါပကအဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်လိုသူများသည် အောက်ပါအတိုင်း လျှောက်ထားနိုင်ကြောင်း ကြေညာလိုက်ပါသည်-

(က) လျှောက်ထားသူသည် ရွှေမော်ဓောစေတီဂေါပကအဖွဲ့ စည်းမျဉ်းအပိုဒ်(၁၅)တွင် ပြဋ္ဌာန်းထားသော အရည်အချင်းများနှင့် ညီညွတ်သူဖြစ်ရပါမည်။
(ခ) လျှောက်လွှာကို သတ်မှတ်ထားသောပုံစံဖြင့် ရုံးချိန်အတွင်း ဂေါပကအဖွဲ့ရုံးသို့ လျှောက်ထားရပါမည်။
(ဂ) လျှောက်လွှာတင်သွင်းရန် နောက်ဆုံးသတ်မှတ်ရက်မှာ ၃၁-၁၀-၂၀၁၆ရက် ဖြစ်ပါသည်။
(ဃ) သတ်မှတ်ထားသည့် လျှောက်လွှာပုံစံကို ဂေါပကအဖွဲ့ရုံးတွင် ထုတ်ယူနိုင်ပါသည်။

**ဂေါပကအဖွဲ့**
**ဆုတောင်းပြည့်ရွှေမော်ဓောစေတီတော်**
**ပဲခူးမြို့။**
**ဖုန်း-၀၅၂-၂၂၂၀၆၈၊၀၅၂-၂၂၂၄၂၅၅**




**မင်္ဂလာပါ**
အိမ်ပြောင်းအိမ်ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေးများအတွက်
ဈေးနှုန်းချိုသာစွာဖြင့်
Box ကားမျိုးစုံဖြင့်
ဆောင်ရွက်ပေးပါသည်။
09-450042704
09-250095116
09-420096296

**atmifvHrsK;t oif;(&ef ukef)**
**t+uBd(40)ajrmuf bkxd ef oufuyfvSL; nf;yGJ**
**oufBuD;ylaZmfyGJ ESifht oif;ESpfywfvnf tpnf;t a0;ydkif;xkwf**

အောင်လံမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်စဉ်ကျင်းပပြုလုပ်မြဲဖြစ်သော အကြိမ် (၄၀)မြောက် ဘုံကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ၊ သက်ကြီးပူဇော်ပွဲနှင့် အသင်းနှစ်ပတ်လည်အစည်းအဝေးကို အောက်ပါအတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် အသင်းသူ/အသင်းသားများအား တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

(က) ကျင်းပပြုလုပ်မည့်ရက်စွဲ - (၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လကွယ်နေ့) ၃၀-၁၀-၂၀၁၆ရက် (တနင်္ဂနွေနေ့)
(ခ) ကျင်းပပြုလုပ်မည့်အချိန် - နံနက် ၉း၀၀ နာရီမှ ၁၂း၀၀နာရီ
(ဂ) ကျင်းပပြုလုပ်မည့်နေရာ - သက္ကနိမ္မိတာရုံ သီလရှင်စာသင်တိုက်၊ ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်၊ ကြားတောရလမ်း၊ ဗဟန်းမြို့နယ်။

အသက်(၇၅)နှစ်အထက် ကန်တော့ခံ အဘိုးအဘွားများ ကန်တော့ခံကြွရောက်ကြပါရန်နှင့်ယခင်စာရင်းပေးသွင်းခြင်း မပြုရသေးသည့် အဘိုးအဘွားများသည်လည်း ၂၅-၁၀-၂၀၁၆ရက် နောက်ဆုံးထား၍ ဦးအောင်ကျော်ထွန်း-၀၉၄၄၈၀၀၃၀၂၉နှင့် ဦးလှမျိုးသိန်း-၀၉၅၀၀၄၃၃၀တို့ထံတွင် စာရင်းပေးသွင်းပြီး ကန်တော့ခံကြွရောက်ရန်ဖြစ်ပါသည်။ အခမ်းအနားများအပြီးတွင် နေ့လယ်စာဖြင့် ဧည့်ခံကျွေးမွေးပါမည်။

**အမှုဆောင်အဖွဲ့**

**အိမ် ခြံ မြေ အခမဲ့ဆွေးနွေး။ ၀၉ ၅၁၀၄၀၄၁**
**ကြည်စိုး LC နှင့်ဆွေးနွေး။ တနလာ်မှသောကြာ စားပွဲဝိုင်းသင်တန်း။ စနေ နှင့် တနင်္ဂနွေ**

**အရောက်ပို့ ဆန်/ကြက်သွန်နီ**
ဧည့်မထဆန်(၁)အိတ်၂၀၀၀၀/-
ကြက်သွန်နီ ၇၀၀/ ၊ ၅၀၀/-
(၁၀-ပိဿာ ပို့သည်)
09 785108316, 09 962501295



